ICT ▪Electronics ▪Education ▪Lifestyle

# Digital life
## Technology Journal

Like Us on facebook
www.facebook.com/Myanmardigitallife

volume : 05 issue : 03 15 May 2016



# အိပ်မက်စေတမန် မဖြစ်နိုင်သေးတဲ့ Fitness Tracker

page - 15

Facebook 911Bot ကနေ ရဲတပ်ဖွဲ့ထံ အကူအညီတောင်းနိုင်ပြီ page - 43

ကြောင်စကားကို ဘာသာပြန်ပေးတဲ့ စက်ကော်လာ page - 43

ချိုရှိုးမြန်မာမှ ၂၀၁၆ ခုနှစ် ပထမသုံးလပတ် လုပ်ငန်းဆောင်ချက်အစီရင်ခံစာထုတ်ပြန် page - 4





# Today's Mobile....

2011®

**Mobile Phone Sales, Spareparts, Service & Training Centre**

**WE ARE NO.(1) IN MYANMAR!**

## လက်တွေ့လုပ်ငန်းခွင်သုံး Mobile Phone ပြုပြင်နည်း သင်တန်းကျောင်း

### Hardware Course(စာတွေ့.30%+လက်တွေ့.70%)

- Electronic အခြေခံနှင့် Phone Circuit ပေါ်ရှိ အစိတ်အပိုင်းများ၏ အလုပ်လုပ်ပုံအဆင့်ဆင့်
- Service Tools များ၏ အသုံးပြုပုံနည်းစနစ်များ
- Digital Meter,Multimeter,Power Supply တို့အားအသုံးပြု၍PCB ပေါ်ရှိ Components များအားတိုင်းတာနည်းများ
- Mobile Phone Diagram,PCB layout and Phone PCB တို့ကိုတွဲဖက်၍ ပြစ်ချက်ရှာဖွေလေ့လာနည်းများ
- Power Dead,Charging,Backlight,Network and Wifi Section များအတွက်ပြစ်ချက်ရှာဖွေနည်းနှင့်ပြုပြင်နည်းများ
- Jumper စနစ်ဖြင့် ကောင်းမွန်အောင်ပြုလုပ်နည်းများ
- Power IC,EMMC,CPU and Network IC များ၏ပြစ်ချက်ရှာဖွေခြင်းနှင့်အစားထိုးလဲလှယ်နည်းများ
- BAG IC များ၏ခဲခြေထောက်ပုတ်တော်ပေးခြင်း ICအောက်ခြေများခဲရှင်းခြင်း၊IC များစနစ်တကျပြန်လည်တပ်ဆင်နည်းများ
- အောင်မြင်သော Service Technician တစ်ယောက်အတွက်မသိမဖြစ် General Knowledge များ

**သင်တန်း၏ ဝန်ဆောင်မှုများ**

(၁)။ နေရာအဆောင် တိုက်ခန်း စီစဉ်ပေးသည်။ (၂)။ တစ်ဦးလျှင် Laptop တစ်လုံးစီ၊ စက်ပြင်ပစ္စည်းတစ်စုံစီဖြင့် သင်ကြားပေးသည်။
(၃)။ Air Con , Internet Line များ ပါဝင်သော အဆင့်မီသင်တန်းခန်းမတွင် သင်ကြားပေးခြင်း၊
(၄)။ သင်တန်းပြီးဆုံးပြီးနောက် စက်ပြင်သုံးပစ္စည်းများကို သင်တန်း Service Centre တွင် အခမဲ့ထားရှိ၍
(၅)။ သင်တန်းပြီးဆုံးပြီးနောက် လုပ်ငန်းခွင်ဝင်ရောက်ရန် စီစဉ်ပေးခြင်း (၆)။ သင်တန်းကြေးကို (၂)ရစ်ခွဲ၍ ငွေပေးချေမှု အဆင်ပြေ
(၇)။ သင်တန်းသား/သူများအတွက် နည်းပညာသစ်များကို Lifetime အခမဲ့ သင်ကြား ပို့ချခြင်း

**Promotion**
**Special Discount**

**Presents**
- အဝေးပြေး(အသွား/အပြန်)ကားလက်မှတ်၊
- Mobile Touch Phone (၁)လုံး
- Memory Card
- တီရှပ်၊ ဘောဝင်၊ စာအုပ်၊
- စီးပွားရေးပေါက်နည်းဖြူကာဓရေးစွဲနည်းသောသာရပ်။
- တရုတ်အသောရေးရွဲနည်းသောသာရပ်။

**သတိ**
လှည့်စေရကန်သစ်ချက်
ရှိသည်။

Gold Class · Platinum Class · Diamond Class

### Software Course(စာတွေ့.40%+လက်တွေ့.60%)

- Computer အခြေခံနှင့်အင်တာနက်အသုံးပြုရှာဖွေနည်းများ
- ဖုန်းတစ်လုံး၏အခြေခံလုပ်ဆောင်ချက်များ
- History of Mobile Phone and Knowledges

**"Android OS"**
**(Samsung,Sony,HTC,Huawei and etc.....)**

- Android os History and Basic Knowledge
- Firmware Upgrade and downgrade
- Rooting and Myanmar Font installation
- ADB,Batch file and fastboot Command
- System Backup/Restore
- Bootloader Unlock/Relock
- Network Unlocking
- IMEI Repairing
- Deadboot Repairing
- Custom Rom installation
- Using Flash Tools
- Using Tool Boxes

**"Apple IOS"**
**(iphone,i-pad,i-pod)**

- Apple os History and Basic Knowledge
- Using i Tunes and i Tools
- Game and App installation
- Fimware Upgrade and Downgrade
- Jailbreaking and Myanmar Font installation
- Backup and Restore
- Cydia Sources installation

**အာမခံ**
သင်တန်းကာလအတွင်း အမြင့်ဆုံး
Level အထိ မတတ်မြောက်ပါက သင်တန်းကြေး၏
(၂) ဆ ငွေပြန်အမ်းပေးပါသည်။

မိမိနှစ်သက်ရာတန်းခွဲအလိုက်
သင့်တင့်သောဈေးနှုန်းဖြင့်ရွေးချယ်
တက်ရောက်နိုင်ပါပြီ။

**17-5-2016**
**တန်းခွဲဖွင့်မည်**

လှည်းတန်း Centre — အမှတ်(၁၅/၁၇)၊ Moon Bakery အပေါ်ထပ်၊ (၂)လွှာ (A)(B)၊အင်းစိန်လမ်းမ၊ လှည်းတန်းကားမှတ်တိုင်ရှေ့၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။(ဓာတ်လှေကားတွင် (၂) ကို နှိပ်ပါ)
Tel - 09-32227000, 09-974373000, 09-421744000

သမိုင်း Centre — အမှတ်(၂၅၄)၊ မြေညီထပ်၊အင်းစိန်လမ်းမ၊ဘုရားလမ်းကားမှတ်တိုင် (သမိုင်းလမ်းဆုံအနီး)၊(၁၆)ရပ်ကွက်၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။
Tel - 09-32226999, 09-794555999

---

# Win - Win Mobile Phone Training & Service Centre

## အဆင့်မြင့် မိုဘိုင်းဖုန်း ပြုပြင်နည်းသင်တန်းကျောင်း

### SOFTWARE SUBJECT

Computer အခြေခံမှစ၍ Android Device, Apple Device များ၊ မည်သည့် Software ပြဿနာများမဆို ဖြေရှင်းနိုင်သည်အထိ သင်ကြားပေးသည့်အပြင် Software Box ဖြင့် ဖြေရှင်း ရေးသားနည်း (Advanced Level )အဆင့်အထိ သင်ကြားပေးသည်။

### HARDWARE SUBJECT

Electronic အခြေခံမှစ၍ CPU, Power IC, EMMC များကို ကိုယ်တိုင်ဖြုတ်တပ် လဲလှယ်နိုင်သည်အထိ သင်ကြားပေးသည်။

**အာမခံ** သင်တန်းကာလအတွင်း အမြင့်ဆုံး Level အထိ မတတ်မြောက်ပါက သင်တန်းကြေး၏ (၂) ဆ ငွေပြန်အမ်းပေးပါသည်။

**သင်တန်း၏ ဝန်ဆောင်မှုများ**

(၁)။နေရာအဆောင်တိုက်ခန်း စီစဉ်ပေးသည်။ (၂)။တစ်ဦးလျှင် Laptop တစ်လုံးစီ၊စက်ပြင်ပစ္စည်း တစ်စုံစီဖြင့် သင်ကြားပေးသည်။
(၃)။Air Con , Internet Line များပါဝင်သောအဆင့်မီသင်တန်းခန်းမတွင် သင်ကြားပေးခြင်း၊
(၄)။သင်တန်းကြေးကို (၂)ရစ်ခွဲ ၍ ငွေပေးချေမှု အဆင်အပြေ၊ (၅)။သင်တန်းပြီးဆုံးပြီးနောက် လုပ်ငန်းခွင်ဝင်ရောက်ရန် စီစဉ်ပေးခြင်း။
(၆)။သင်တန်းသား/သူများအတွက် နည်းပညာသစ်များကို Lifetime ပို့ချ ပေးခြင်း။
(၇)။သင်တန်း Service Centre တွင်စက်ပြုပြင်ရေးပစ္စည်းများကို အခမဲ့သုံးစွဲခွင့်။
(၈)။ဆိုင်ဖွင့်လုပ်လိုသူများအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခြင်း။

**Special Promotion**
**30% Discount**

**17-5-2016**
**တန်းခွဲဖွင့်မည်**

အမှတ်(၁၅/၁၇)၊ Moon Bakery အပေါ်ထပ်၊ (၂) လွှာ(B), အင်းစိန်လမ်းမ၊လှည်းတန်းကားမှတ်တိုင်ရှေ့၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။ (ဓာတ်လှေကားတွင် (၂) ကို နှိပ်ပါ)
Tel - 09-960112888,09-960113888,09-960114888

---

# Today's Mobile

2011®

**Sale Spareparts, Service & Training Centre**

မိုလ်ဘိုင်းဖုန်းပြုပြင်ရေးသုံး စက်ပစ္စည်းများနှင့် ဖုန်းအပိုပစ္စည်းများကို
လက်လီ/လက်ကားဝယ်ယူနိုင်ပါပြီ။



လူကြီးမင်းတို့၏ Mobile Phone အမျိုးမျိုးကို အချိန်တိုအတွင်း
(One Stop Service) ဝန်ဆောင်မှုဖြင့် အာမခံကာ အထူးပြုပြင်ဆောင်ရွက်ပေးသည်။

အမှတ်(၁၅/၁၇)၊ Moon Bakery အပေါ်ထပ် (၂)လွှာ (B)၊ အင်းစိန်လမ်းမ၊ လှည်းတန်းကားမှတ်တိုင်ရှေ့၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။ (ဓာတ်လှေကားတွင် (၂) ကို နှိပ်ပါ)
Tel - 09-960113777, 09-960114777

အမှတ်(၂၅၄)၊ မြေညီထပ်၊ အင်းစိန်လမ်းမ၊ ဘုရားလမ်းကားမှတ်တိုင် (သမိုင်း လမ်းဆုံအနီး)၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ရန်ကုန်မြို့။
Tel - 09-32226999, 09-794555999


HUAWEI
HUAWEI G7 Plus
သင့်လက်ဗွေဖြင့်
ဖန်တီးနိုင်သောအစွမ်း
HUAWEI
299,000Ks
Multi Function Fingerprint
13MP (Rear) RGBW Camera / 5MP(Front)
2GB RAM + 16GB ROM
5.5" FHD 2.5D Curved Screen
Scan the QR code
and Follow our
consumer.huawei.com/mm/
Official Check
Hotline : 01 9000900

# MPT ၏ နာရီတိုင်းမှာ ငါးမိနစ်စာ Package




မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT သည် မတ်လနှင့် မေလများတွင်ပြုလုပ်ခဲ့သည့် "နာရီတိုင်းမှာ ငါးမိနစ်စာ" အထူးအစီအစဉ်သည် အောင်မြင်ကျော်ကြားလူကြိုက်များခဲ့သောကြောင့် MPT မှ နာရီတိုင်းမှာငါးမိနစ်စာ package ကို စတင်လိုက်ပြီဟုသိရသည်။ အဆိုပါ package သည် နာရီတိုင်းမှာငါးမိနစ်စာကို နှစ်သက်ကြပြီး ဈေးနှုန်းသက်သာစွာဖြင့် ဖုန်းခေါ်ဆိုမှုများကို ပြုလုပ်လိုသော သုံးစွဲသူများ၏ တောင်းဆိုမှုကြောင့်စတင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

မည်သည့် လိုင်းဖုန်း သို့မဟုတ် မိုဘိုင်းလ်ဖုန်းသို့ခေါ်ဆိုသည်ဖြစ်စေ ပထမဖုန်းခေါ်ဆိုချိန် ၅ မိနစ်စာအတွက်သာ ပုံမှန်ဖုန်းခေါ်ဆိုခနှုန်းထားအတိုင်းပေးချေရပြီး ကျန်သည့်ခေါ်ဆိုချိန်များအတွက်မှ ၅၅ မိနစ်အထိ အခမဲ့ပြောဆိုနိုင်မည်ဖြစ်သည်။ ဥပမာ- MPT သုံးစွဲသူတစ်ဦးသည် မိတ်ဆွေထံသို့ သူ၏ MPT ဖုန်းမှ (လိုင်းဖုန်း သို့မဟုတ် မိုဘိုင်းလ်) ၄၅ မိနစ်ကြာဖုန်းခေါ်ဆိုမှုကို ပြုလုပ်ပါက ပထမဖုန်းခေါ်ဆိုချိန် ၅ မိနစ်စာအတွက် ကျသင့်ငွေ ၁၁၅ ကျပ် (ဖုန်းငွေခွန်မပါ) ပေးရပြီး နောက်ထပ်ကျန်ရှိသော ကြာမြင့်ချိန် မိနစ် ၄၀ အတွက် (ဖုန်းငွေခွန်မပါ ၉၂၀ ကျပ်ဖိုး)ကို အခမဲ့ပြောဆိုနိုင်မည်ဖြစ်သည်။ ယခုတစ်ကြိမ်တွင်မူ နာရီတိုင်းမှာ ငါးမိနစ်စာခေါ်ဆိုမှုပုံစံအား MPT ဖုန်းအချင်းချင်းခေါ်ဆိုမှုတိုင်းအတွက် အကျုံးဝင်ပြီး ၂၄ နာရီပတ်လုံးခေါ်ဆိုနိုင်မည်ဖြစ်သည်။

MPT-KSGM Joint Operation ၏ Chief Commercial Officer ဖြစ်သူ Mr. Koichi Kawase က "အရင်ပထမတစ်ခါလုပ်ခဲ့တဲ့ နာရီတိုင်းမှာငါးမိနစ်စာ အထူးပရိုမိုးရှင်းအစီအစဉ်က အရမ်းကိုအောင်မြင်ခဲ့ပါတယ်။ ဒီဟာကိုလူကြိုက်များလွန်းတာကြောင့် ကျွန်တော်တို့ကသုံးစွဲသူတွေ ဈေးသက်သက်သာသာနဲ့ ကိုယ်ချစ်ခင်သူတွေနဲ့ ဖုန်းအကြာကြီးပြောလို့ရနိုင်အောင်ရယ် ကိုယ်ကြိုက်တဲ့အချိန်မှာ ပြောနိုင်အောင်ရယ် ဒီ package ကိုစတင်ခဲ့တာပါ၊ ဒီအစီအစဉ်ကို ရယူဖို့အတွက်ကတော့ သုံးစွဲသူတွေက သတ်မှတ်ဈေးနှုန်းနဲ့ပေးချေပြီး subscribe ရယူရမှာပါ"ဟု ပြောသည်။

အဆိုပါ package ကို ၂၀၁၆ ခုနှစ် မေလ ၉ ရက်နေ့မှစ၍ အသုံးပြုနိုင်ပြီဖြစ်သည်။ MPT ၏ GSM/WCDMA ဖြင့် ဆွေသဟာ သုံးစွဲသူတိုင်း *555# ကို ဖုန်းခေါ်ဆိုခြင်းဖြင့် package ကိုရယူ နိုင်မည်ဖြစ်ကာ တစ်ခါရယူလျှင် ကျသင့်ငွေ ၁၅၀၀ ကျပ်ကို ပေးဆောင်ရမည်ဖြစ်သည်။

*ကောင်းမြတ်ရာ*

## SHORT NEWS

### အူရီဒူးမြန်မာမှ ၂၀၁၆ ခုနှစ် ပထမသုံးလပတ် လုပ်ဆောင်ချက်အစီရင်ခံစာထုတ်ပြန်

အူရီဒူးမြန်မာမှ ၂၀၁၆ ခုနှစ် ပထမသုံးလအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှု သုံးစွဲသူအရေအတွက် တိုးပွားလာကြောင်း ထုတ်ပြန်ကြေငြာခဲ့သည်။ ၂၀၁၆ခုနှစ်၊ ပထမသုံးလပတ်အတွင်း အူရီဒူးသုံးစွဲသူဦးရေ ၆.၉ သန်းရှိလာခဲ့ပြီး ၎င်းသည် ၂၀၁၅ ခုနှစ် စတုတ္ထသုံးလပတ်အတွင်း သုံးစွဲသူဦးရေထက် ၁၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။ ၂၀၁၆ ခုနှစ် မတ်လအကုန်တွင် အူရီဒူးမှ မြန်မာနိုင်ငံလူဦးရေ၏ ၈၂ ရာခိုင်နှုန်းနီးပါးအား ကွန်ရက်လွှမ်းခြုံနိုင်ခဲ့ပြီဖြစ်ပြီး၊ တာဝါတိုင်ပေါင်း ၃၈၀၀ ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဝန်ဆောင်မှုပေးနိုင်နေပြီဖြစ်သည်။ သုံးစွဲမှုတိုးမြင့်လာသည်နှင့်အညီ အကောင်းဆုံးသောဝန်ဆောင်မှုများကို ဆက်လက်ပေးစွမ်းနိုင်ရန် ကွန်ရက်ကို ဆက်လက်ချဲ့ထွင်သွားမည်ဖြစ်ပြီး၊ ကွန်ရက်အရည်အသွေးကိုလည်း မြင့်တင်သွားမည်ဖြစ်သည်။

### သတင်းအချက်အလက်နဲ့ ဖျော်ဖြေရေးကဏ္ဍတွေ စုံလင်တဲ့ Application

Duwun ဟာ ပြည်တွင်း၊ ပြည်ပက သတင်းအချက်အလက်တွေကို နေ့စဉ်တင်ဆက်ပေးနေတာဖြစ်ပြီး အရေးကြီးသတင်းတွေအတွက်တော့ push notification အဖြစ် သတင်းပို့ပေးမှာပါ။ အဓိက ကဏ္ဍလေးခုဖြစ်တဲ့ သတင်း၊ ဖျော်ဖြေရေး၊ အားကစားနဲ့ လူမှုဘဝ အကြောင်းအရာတွေမှာ ပြည်တွင်း၊ ပြည်ပက နောက်ဆုံးရ သတင်းအချက်အလက်တွေအပြင် စိတ်ဝင်စားဖွယ်ရာအချက်အလက်တွေ၊ ထူးထူးဆန်းဆန်းအဖြစ်အပျက်တွေနဲ့ တင်ဆက်ပေးနေပါတယ်။ မြန်မာနိုင်ငံရဲ့ နံပါတ်တစ်အွန်လိုင်းမီဒီယာဖြစ်တဲ့ Duwun ကို application အနေနဲ့ အခမဲ့ download ရယူနိုင်ပါတယ်။ Duwun application ရဲ့ installation ဖိုင်အရွယ်အစားက 4.7 MB သာရှိပါတယ်။ Duwun application ကို Android Version 4.0 နဲ့ အထက်မှာ အသုံးပြုနိုင်လို့ လက်ရှိအသုံးပြုနေတဲ့ ဖုန်းတိုင်းနဲ့သင့်လျော်ပါတယ်။



alhua
AUTHORISED DEALER



CCTV & SECURITY PRODUCTS

www.dahuasecurity.com
admin@winnercrystal.org

No.254,Bar Street(Upper),Kyauktada Tsp,Yangon,Myanmar. +95 1 389769 , 375461



20.5.2016 မှ 22.5.2016 ထိ တပ်မတော်ခန်းမတွင် ကျင်းပသော Yangon ICT Fair(Computer & Mobile) ပြပွဲတွင်
Dahua CCTV(Authorised Distributor)မှ အထူး Promotion အစီအစဉ်များဖြင့် ပြပွဲကျင်းပမည် ဖြစ်ပါသည်။
ဝယ်ယူအားပေးသော Customer များအတွက်လည်း လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သွားမည် ဖြစ်ပါသည်။

www.marcusspace.com

www.facebook.com/marcusmyanmar

marcus
Connect Everyone, Everywhere



ဈေးနှုန်းသင့်၊ ကောင်းမွန်သောအရည်အသွေး၊
ထူးခြားတဲ့ အသွင်သစ်ဖြင့် marcus m1 စမတ်ဖုန်းအား ဝယ်ယူရရှိနိုင်ပါသည်။

| | | |
|---|---|---|
| အရွယ်အစား | : | 131.7 x 66.3 x 8.8 mm |
| သိုလှောင်မှုပမာဏ | : | Quad Core 1.2 GHz |
| ဝင်ဆံ့နိုင်မှုပမာဏ | : | 4 GB ROM(up to 32GB), 512 MB RAM |
| မြင်ကွင်း | : | 4.5" IPS On-cell full lamination |
| လုပ်ဆောင်မှုစနစ် | : | Android 5.1 (Lollipop) |
| ကင်မရာ | : | 5 MP (Back AF Camera) |
| | : | 2 MP (Front) |
| Sim Card Type | : | Dual Sim |
| ကွန်ရက်စနစ် | : | 2G (850/900/1800/1900MHz) |
| | | 3G (900MHZ/2100MHz) |
| ချိတ်ဆက်နိုင်မှုစွမ်းရည် | : | Bluetooth 2.1 and 4.0 |
| | | LE+EDR+GPS+WiFi |
| အသံ | : | Excellent Sound by AAC |

Pre Order
များလက်ခံနေပါပြီ

1Year
warranty

**SCP Total Myanmar Co.,Ltd**
အမှတ် (၄၀၇)၊ ၄ - လွှာ၊ သီရိကွန်ဒို(အေ)၊ (၉) မိုင်၊ အိုးရှင်းရှောပင်စင်တာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅၄၁၆၆၅၇၃၊ ၀၉ ၉၆၀၀၀ ၂၇၇၅၊ ၀၉ ၄၂၀၀၈၃၄၄၂
အမှတ် (၃၄၃)၊ အောင်မြေသာလမ်း၊ ဟံသာဝတီရပ်ကွက်၊ ပဲခူးမြို့။
ဖုန်း - ၀၉ ၄၂၂၅၀၄၅၇၇၊ ၀၉ ၇၈၈၇၉၇၉၇၁၊ ၀၉ ၄၄၀၁၆၁၉၉၄

**Show Room & Service Centre**
အမှတ် (၁၅၉)၊ ၄၅ လမ်းနှင့် ၄၆ လမ်းကြား၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၀၀၄၇၆၊ ၀၉ ၂၅၄ ၂၈၁၈၁၂ E-mail : mobilesales@scptotal.com

## အွန်လိုင်းစီးပွားရေးလုပ်ငန်းတစ်ခုကို အောင်မြင်စွာလျှောက်လှမ်းနိုင်ခဲ့တဲ့ Kaymu




Kaymu ဟာဆိုရင် ၂၀၁၃ ခုနှစ်အကုန် ၂၀၁၄ ခုနှစ်အစောပိုင်းကတည်းက မြန်မာနိုင်ငံမှာ ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်ဟာဆိုရင် အွန်လိုင်းစီးပွားရေးလုပ်ငန်းလုပ်ဖို့အတွက် လူအတော်များများက လက်တွန့်နေချိန်ဖြစ်ပြီး အင်တာနက်မပါ ဖုန်းတစ်လုံးဟာ ကျပ် ၈၀,၀၀၀ ဝန်းကျင်နဲ့ အင်တာနက်သုံးစွဲမှုနှုန်းက လူဦးရေ တစ်ရာခိုင်နှုန်းထက်မပိုခဲ့ပါဘူး။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေး မူဝါဒအပြောင်းအလဲရဲ့နောက်ကွယ်မှာ ပြည်ပအခြေစိုက်ဆက်သွယ်ရေးကုမ္ပဏီနှစ်ခုဖြစ်တဲ့ Ooredoo နဲ့ Telenor စတဲ့ ကုမ္ပဏီနှစ်ခုဝင်ရောက်လာပြီးတဲ့နောက်ပိုင်းမှာ အင်တာနက်ပါတပ်ဆင်ပြီး ဖုန်းတစ်လုံးဟာ ကျပ် ၁၅၀၀ ဝန်းကျင်အထိကျဆင်းလာခဲ့ပါတယ်။

အွန်လိုင်းစီးပွားရေးလုပ်ငန်းတွေအတွက် အခုအချိန်မှာ Kaymu ဟာအောင်မြင်စပြုလာပြီဟု ဆိုပါတယ်။ မိုဘိုင်းလ်ဖုန်းနဲ့ ဖုန်းပစ္စည်းများကို အထူးပြုရောင်းချသော Shop.com.mm တို့လည်း မကြာသေးမီကပေါ်ထွက်လာခဲ့ပြီး kaymu.com.mm ကဲ့သို့ပင် လူသုံးကုန်ပစ္စည်းများရောင်းချတဲ့ဘက်သို့လည်း ဦးတည်လာခဲ့ပါတယ်။ Kaymu ကို ဂျာမနီအခြေစိုက် Rocket Internet အုပ်စုက နိုင်ဂျီးရီးယားနဲ့ ပါကစ္စတန်နိုင်ငံတွေမှာ ၂၀၁၃ ခုနှစ် ဇန်နဝါရီမှာစတင်ဖွင့်တည်ထောင်ခဲ့တာဖြစ်ပြီး နှစ်နှစ်ကျော်ကာလ(၂၇ လ) အတွင်းမှာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၂ နိုင်ငံတွင် အွန်လိုင်းဈေးရောင်းဈေးဝယ်လုပ်ငန်းများ စတင်တည်ထောင်ထားနိုင်ခဲ့တဲ့ အွန်လိုင်းဈေးရောင်း ဈေးဝယ်လုပ်ငန်းဖြစ်လာခဲ့ပါတယ်။

လက်ရှိအချိန်မှာ kaymu.com.mm တွင် ဆိုင်ပေါင်း ၂၀၀၀ ကျော်နဲ့ချိတ်ဆက်ဆောင်ရွက်ထားပြီး ဆိုင်ပေါင်း ၂၀၀ မှ ၅၀၀ ဝန်းကျင်ဟာ နေ့စဉ်အရောင်းအဝယ်ဖြစ်နေပါတယ်။ kaymu အနေနဲ့ မြန်မာနိုင်ငံအပါအဝင် ပါကစ္စတန်နိုင်ငံ၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ နိုင်ဂျီးရီးယားနိုင်ငံများတွင် အထူးအောင်မြင်မှုရရှိထားပြီး နံပါတ်တစ်နေရာတွင်ရပ်တည်လျက်ရှိပါတယ်။ မြန်မာနိုင်ငံတွင် kaymu.com.mm ဆိုလျှင်လည်း ရောင်းချသူ၊ ဝယ်ယူသူများတွင် အထူးသဖြင့်တော့ အသက် ၂၀ အရွယ်မှ အသက်လတ်ပိုင်းအမျိုးသားအမျိုးသမီးများရဲ့ စွန့်ဦးတီထွင် အသေးစား၊ အလတ်စားလုပ်ငန်းများက ဝင်ရောက်ရောင်းဝယ်နေကြခြင်းဖြစ်သည်။ အင်တာနက်နဲ့ Social Media တွေကို အသုံးပြုပြီး အသေးစား အလတ်စားလုပ်ငန်းများဟာ အရင်က မပြိုင်နိုင်တဲ့လုပ်ငန်းကြီးတွေကို ပြိုင်ဆိုင်နိုင်ခဲ့ပါပြီ။

ကောင်းမြတ်ရာ






## SHORT NEWS

### Acer Liquid Z200 စမတ်ဖုန်းကို အထူးပရိုမိုးရှင်းဖြင့် ရောင်းချမည်

နာမည်ကြီး စမတ်ဖုန်း အမှတ်တံဆိပ်တစ်ခုဖြစ်သည့် Acer ၏ Acer Liquid Z200 မော်ဒယ်စမတ်ဖုန်းအား ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်မည့် အထူးပရိုမိုးရှင်းကို Junction Mawtin ရှိ Techno Life Audio, Electronics, IT & Mobile Accessories အရောင်းဆိုင်တွင် ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါအစီအစဉ်တွင် စမတ်ဖုန်းတစ်လုံး ဝယ်ယူရုံဖြင့် Screen Guardç Sticker နှင့် နားကြပ်တို့အား မေတ္တာလက်ဆောင်အဖြစ် ထပ်မံရရှိမည်ဖြစ်ပြီး Acer Liquid Z200 စမတ်ဖုန်းကို ပုံမှန်ရောင်းဈေး ၆၈,၀၀၀ ကျပ်မှ အထူးဈေးနှုန်းဖြစ်သည့် ၄၀,၀၀၀ ကျပ်ဖြင့် လျှော့ချရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ၄၄,၀၀၀ ကျပ် ထပ်ဆောင်းပေးရုံဖြင့် ၁ လလျှင် ၆,၀၀၀ ကျပ်နှုန်းဖြင့် ၁၀ လစာ ၆၀,၀၀၀ ကျပ် Top Up ပါဝင်သည့် Ooredoo Sim Card ကိုလည်း ရရှိမည်ဖြစ်သည်။ အဆိုပါ Sim Card ဖြင့် Ooredoo ဖုန်းအချင်းချင်း ဖုန်းပြောဆိုခြင်း၊ စာပို့ခြင်းများပြုလုပ်နိုင်မည်ဖြစ်သည်။

*Credit - Internet Journal*

### ကားလောကတွင်ထိပ်တန်းဦးဆောင်နေသော Toyota မှ Toyota Fortuner ကားအသစ်အား မြန်မာပြည်တွင်းမိတ်ဆက်

ကားလောကတွင်ထိပ်တန်းဦးဆောင်နေသော Toyota မှ မိမိတို့၏ Toyota Fortuner ကားသစ်အား မြန်မာပြည်တွင်းတွင် စတင်မိတ်ဆက်သည့် အခမ်းအနားကို (၅. ၅. ၂၀၁၆ )နေ့က အမှတ် (၆)၊ ဘုရင့်နောင်လမ်း၊ (၂)ရပ်ကွက်ရှိ Toyota Mingalar Showroom တွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါဖွင့်ပွဲအခမ်းအနားသို့ Toyota မှတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသောမီဒီယာအသီးသီးမှ တက်ရောက်ခဲ့ကြောင်းသိရှိရသည်။

# Sony မှ Sony World Photography Awards 2016 တွင် National Awards ဆုရရှိသူများအား ဆုချီးမြှင့်




Sony မှ Sony World Photography Awards 2016 တွင် မြန်မာနိုင်ငံမှ National Awards ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ကြောင်းသိရသည်။ အဆိုပါ Sony World Photography Awards 2016 တွင် မြန်မာနိုင်ငံမှ National Awards အတွက် ဆုရရှိသူ ၃ ဦးကို မေလ ၉ရက်နေ့တွင် ကမ္ဘာ့အေး ဘုရားလမ်းတွင်ရှိသော Sony Showroom တွင် ဆုများကိုပေးအပ်ခဲ့သည်။

အဆိုပါ ဆုပေးပွဲတွင် ပထမဆုရရှိသူ ကျော်ဗိုလ်ဗိုလ်ဟန်အား Sony ကင်မရာ A7RM2 နှင့် SEL2470Z ကိုလက်ဆောင်ပေးခဲ့သည်။ ဒုတိယဆုရရှိသူ Helen အား Sony ကင်မရာ A7M2K တတိယဆုရရှိသူ Sai Aung Main အား Sony ကင်မရာ A6300 နှင့် SEL1670Z တို့ ကိုအသီးသီးပေးအပ်ခဲ့သည်။

ဓာတ်ပုံပညာရှင် ကျော်ဗိုလ်ဗိုလ်ဟန်၏ ဆုရဓာတ်ပုံမှာ ဖိတ်ခေါ်ပြိုင်ပွဲမှ ခေါင်းစဉ် ၁၀ခု အတွင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့သော Routine Morning of Beauty Country (လှပသောနိုင်ငံ၏ နံနက်စဉ်လှုပ်ရှားမှု)ကို ရိုက်ယူထားသောပုံဖြစ်ပြီး အဆိုပါဓာတ်ပုံသည် ပြည်တွင်းအတွက် အကောင်းဆုံးဓာတ်ပုံအဖြစ်ရွေးချယ်ခံခဲ့ရရုံသာမက ၂၀၁၆ SWPA Sony World Photography Awards အတွက် ဆန်ခါတင်စာရင်းလည်းဝင်ခဲ့ပါသည်။ ဆုရဓာတ်ပုံ Routine Morning of Beauty Country ကို ၂၂ရက် ဧပြီမှ ၈ရက်မေအထိ Somerset House လန်ဒန်တွင်ကျင်းပခဲ့သည့် 2016 Sony World Photography Awards ပြပွဲတွင် ခင်းကျင်းပြသသွားခဲ့သည်။ နှစ်စဉ်ထုတ်ဝေသည့် Sony World Photography Awards စာအုပ်တွင်လည်း ထည့်သွင်း ဖော်ပြသွားမည်ဟု သိရသည်။

**ကောင်းမြတ်ရာ**




အသေးစိတ် သိရှိလိုပါက Sony Showroom နှင့် Dealer ဆိုင်များတွင်လာရောက်လေ့လာ၍ Official Warranty ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

**Official Warranty by:** TMW Enterprise Limited

**Sony Showroom, Yangon** ■ Kabar Aye, Tel: 01-546006, 556622 ■ Gamone Pwint, Tel: 09-73119900 ■ Bo Aung Kyaw, Tel: 01-398566, 256620, 246513

**Sony Showroom, Mandalay** ■ Chan Aye Thar Zan Township, Tel: 02-72580-4 ■ Yadarnapon Diamond Plaza, Tel: 09-91008417 **Sony Showroom, Naypyitaw** ■ Yadanar Hyper Market, Tel: 067-420791, 420966

**Sony Showroom, TaungGyi** ■ Bogyoke Aung San Road, Tel: 081-2122857, 200571 **Whole Sales/Distribution :** Tel : 01-554708

**Technoland Computer Trading Co., Ltd. ( DCM )** ■ Maha Bandoola Garden Street Tel: 01-377056, H.P : 0973024328~327

**Royal Digital Camera & Video Camera** ■ 34th Street, Kyauktada Township Tel: 01-398370, 391615

SHORT NEWS

## ဒို့မြန်မာလူမှုကွန်ရက်တွင် နေ့စဉ်ဖြစ်ပျက်နေသော သတင်းများ(Township's New)ကို ဖတ်ရှုနိုင်ပြီ

ဒို့မြန်မာလူမှုကွန်ရက်တွင် နေ့စဉ်ဖြစ်ပျက်နေသောသတင်းများ (Townships's news)ကို ဖတ်ရှုနိုင်ပြီဖြစ်ကြောင်းသိရသည်။ အဆိုပါ ဒို့မြန်မာလူမှုကွန်ရက်တွင် သတင်းများနှင့် ဆောင်းပါးအမျိုးအစား များ၊ ၁။ လူထုအော်သံနှင့် သူတို့၏ထင်မြင်ချက်များ၊ ၂။ စီးပွားရေး လုပ်ငန်းများနှင့် ကုန်ပစ္စည်းများ၊ ၃။ မြို့နယ်တွင်း၊ ရပ်ကွက်တွင်းရှိ ပွဲများ(Event and Activities)၊ ၄။ Life Style (လူနေမှုဘဝ)၊ ၅။ Entertainment (ဖျော်ဖြေမှုများ)၊ ၆။ မြို့နယ်အလိုက်ဌာနဆိုင်ရာအ ဆောက်အအုံများနှင့် ထင်ရှားသည့်နေရာများ၊ ၇။ ရာဇဝတ်မှုများ (Crime)၊ ၈။ အရေးပေါ်သတင်းများကိုဖတ်ရှုရမည်ဖြစ်သည်။ သုံးစွဲ သူများ ရေးချင်သော ရင်ဖွင့်ပြောပြချင်သော အကြောင်းအရာ မျိုးစုံ အတွက်လည်း Group များကို ဖွင့်ပေးထားသည်ဟုလည်းသိရသည်။

## Open Data အကြောင်း ဆွေးနွေးမည်

Open Data Myanmar ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ခုကို မေလ ၁၁ ရက်၊ ညနေ ၄ နာရီမှ ညနေ ၆ နာရီအထိ MICT Park ဝန်း အတွင်းရှိ Kanaung Hub ၌ ကျင်းပသွားမည်ဖြစ်သည်။စိတ်ပါဝင် စားသူ မည်သူမဆိုတက်ရောက်နိုင်မည်ဖြစ်ပြီး ဦးဆောင်ဆွေးနွေးကြ မည့်သူများမှာ ကိုညီလင်းဆက်၊ ကိုရာဇီ၊ ကိုသာထက်နှင့် ကိုရဲထွန်းဝင်း (Tho Hi) တို့ ဖြစ်ကြသည်ဟု သိရသည်။

*Credit - Internet Journal*

# Dr Myanmar Website တွင် ကျန်းမာရေးဆိုင်ရာ အထွေထွေကဏ္ဍအစုံအလင်ကိုလေ့လာကြည့်ရှုနိုင်မည်



၂၀၁၄ ခုနှစ်တွင် စတင်ဖန်တီးရေးဆွဲခဲ့သော Dr Myanmar Website တွင် ယခုအခါကျန်းမာရေးဆိုင်ရာ အထွေထွေဗဟုသုတ အစုံအလင်ကို ၎င်း Website ၌ ဝင်ရောက်လေ့လာနိုင်ပြီဖြစ်ကြောင်း သိရသည်။ Dr Myanmar Website ၏ Home Page ၌ အထူးကု ဆရာဝန်ကြီးများထိုင်သည့် ဆေးရုံ ဆေးခန်းများနှင့် ၎င်းဆေးရုံ ဆေးခန်းများ၏လိပ်စာများ၊ ဖုန်းနံပါတ်များ၊ အရေးပေါ်ဆက်သွယ် နိုင်မည့် ဖုန်းနံပါတ်များကို Directory Program တွင် ရှာဖွေနိုင် မည်ဖြစ်ပြီး သက်ဆိုင်ရာဆေးရုံ ဆေးခန်းများ၌ ရရှိနိုင်မည့်ဝန်ဆောင်မှု များ၊ သတင်းနှင့်ဆောင်းပါးများကို နေ့စဉ်ဖော်ပြပေးနေသော ကျန်းမာ ရေးရာအဖြာဖြာကဏ္ဍ၊ ကျန်းမာရေးဆိုင်ရာသိရှိလိုသည်များကို မေး မြန်းဆွေးနွေးနိုင်သည့်ကဏ္ဍများအပြင် BMI တွက်ခြင်း၊ ကိုယ်ဝန်ပတ် တွက်ခြင်း စသည်တို့ကိုပါ ပြည့်စုံစွာဖော်ပြပေးထားသည်ဟုသိရသည်။

www.drmyanmar.com ဟု ရိုက်နှိပ်၍ အလွယ်တကူအခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။ အရေးပေါ် ဆက်သွယ်ရ မည့် ဖုန်းနံပါတ်များစာရင်းတွင် လူနာတင်ယာဉ်ခေါ်ဆိုနိုင်သော နေရာ များ၊ (၂၄)နာရီကုသမှုပေးနေသော ဆေးရုံ ဆေးခန်းများ၊ အောက်စီ ဂျင်ငှားရမ်းနိုင်သောနေရာများနှင့် သွေးလှူရှင်အဖွဲ့အစည်းတို့၏ လိပ်စာနှင့်ဖုန်းနံပါတ်များပါရှိပြီး ဆေးရုံဆေးခန်းများ၏ ဝန်ဆောင်မှု များကဏ္ဍတွင်လည်း သက်ဆိုင်ရာဆေးရုံ ဆေးခန်းနှင့် အလှအပဆိုင် ရာဆေးခန်းများ၏ ဝန်ဆောင်မှုများအားဖော်ပြပေးထားသည်။ Dr Myanmar ဆေးခန်းကဏ္ဍကိုလည်း မကြာမီထပ်မံဖွင့်လှစ်သွားမည် ဖြစ်ကာ ကျန်းမာရေးနှင့်ပတ်သက်၍ သိရှိလိုသည့် မေးမြန်းချက်များကို ကျွမ်းကျင်ဆရာဝန်များမှ ပြန်လည်ဖြေကြားပေးသွားမည်ဖြစ်သည်။

အဆိုပါ Website ကို ကျန်းမာရေးဆိုင်ရာ Directory တစ်ခု သဖွယ် လွယ်ကူအဆင်ပြေစွာအသုံးပြုနိုင်ပြီး ကျွမ်းကျင်သည့်ဆရာဝန် များနှင့် ဖွဲ့စည်းထားခြင်းကြောင့် မှန်ကန်တိကျသော ကျန်းမာရေး သတင်းများကို နေ့စဉ်ဖတ်ရှုနိုင်မည်ဖြစ်သည်။

**ကောင်းမြတ်ရာ**

တစ်သက်တာလက်ခံမဲ့ပြင်ဆင်ခွင့် ကို ၂၀၀၄ခုနှစ်မှစ၍ မြန်မာပြည်တွင်ပထမဆုံး ပေးအပ်ခဲ့သော
ICT စံတံဆိပ်များအရ ဝန်ဆောင်မှုအကောင်းဆုံး ထိပ်တန်းစာရင်းဝင်ဆိုင်
UNiQUE
One Stop Place for Your Digital Lifestyle
IT & Mobile Center
ကွန်ပျူတာပစ္စည်းများနှင့် မိုဘိုင်းဖုန်းဆက်များအား တစ်သက်တာလက်ခံမဲ့ ပြင်ဆင်ခွင့် ဖြင့်ရောင်းချပေးနေပါသည်။
ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းဆက်နှင့် ဆက်စပ်ပစ္စည်းများကို UNiQUE ၏ ဆိုင်ခွဲများအားလုံးတွင် တူညီသောပစ္စည်း၊ တူညီသောဈေးနှုန်း၊ တူညီသောဝန်ဆောင်မှု များနှင့် အတူစုံစုံလင်လင် ဈေးနှုန်းမှန်ကန်စွာဖြင့် စိတ်တိုင်းကျ ဝယ်ယူနိုင်အောင် အကောင်းဆုံး ဝန်ဆောင်မှုများ ဖြင့်ရောင်းချပေးနေပါသည်။
UNiQUE ၏ မည်သည့်ဆိုင်ခွဲ၌ဝယ်ယူသည်ဖြစ်စေ မိမိတို့နှင့် နီးစပ်ရာ ဆိုင်ခွဲများတွင် အခမဲ့ ဝန်ဆောင်မှု များကို ရယူဆောင်ရွက်နိုင်ပါသည်။
Center 1 (Pansodan)
No. 261, Pansodan Road (Upper Block),
Bet. Anawrahta & Bogyoke Road,
Kyauktada Township, Yangon, 11182, Myanmar.
Tel : (09) 7317 1212, 7317 1213, 7317 1214
Center 2 (Seikkanthar)
No. 194, Seikkanthar Street (Middle),
Bet. Mahabandoola & Anawrahta Road,
Kyauktada Township, Yangon, 11182, Myanmar.
Tel : (01) 398 436, 391 789, 391 730
Center 3 (U Chit Maung)
No. 171, U Chit Maung Road,
(Near U Chit Maung Housing),
Bahan Township, Yangon, 11201, Myanmar.
Tel : (01) 860 4200, 860 4300, 860 4800
Center 4 (Hlaing)
No. 31, Insein Road, Ward 9,
Junction of Insein & Kan Road.
Hlaing Township, 11051, Myanmar.
Tel : (01) 230 5401, 230 5402, 230 5403
sales@unique.com.mm/support@unique.com.mm
facebook : www.facebook.com/uniqueict.mm

## SCIENCE AND EXPLORATION

# ပိရမစ်တွေရဲ့လျှို့ဝှက်ချက်တွေကို ဖော်ထုတ်ပေးမယ့် အာကာသ ဓာတ်ရောင်ခြည်



အီဂျစ်နိုင်ငံက ပိရမစ်တွေဟာ သူတို့ရဲ့ လျှို့ဝှက်ချက်တွေကို ထိန်းသိမ်းထားခဲ့တာ နှစ်ပေါင်း ၄၅၀၀ ကျော်ကြာခဲ့ပါပြီ။ အခုတော့ အီဂျစ်နိုင်ငံသားတွေနဲ့ နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်တွေက အာကာသအမှုန်တွေရဲ့အကူအညီနဲ့အတူ သူတို့ရဲ့လျှို့ဝှက်ချက်တွေကိုစတင်ပြီး ဖြေရှင်းပြသလာနေပြီဖြစ်ပါတယ်။ Scans Pyramids ပရောဂျက်အဖွဲ့ဟာ ဒီရှေးဟောင်းအံ့ဖွယ်အဆောက်အအုံတွေရဲ့ အတွင်းပိုင်းဖွဲ့စည်းတည်ဆောက်ပုံတွေ ပုံဖော်ပေးနိုင်မယ့် မြေပုံတွေကိုဖန်တီးဖို့ cosmic rays လို့ခေါ်တဲ့ အာကာသ ဓာတ်ရောင်ခြည်တွေကို အသုံးပြုနေကြပါတယ်။ မကြာသေးခင်ကပဲ ရှေးဟောင်းသုတေသနပညာရှင်တွေဟာ ကိုင်ရိုမြို့တောင်ဘက် ၂၅ မိုင်အကွာက Bent pyramid အပေါ် သူတို့ရဲ့စူးစမ်းမှု ပထမဆုံးရလဒ်တွေကို ထုတ်ဖော်ပြသခဲ့ပါတယ်။

သုံးဘက်မြင်ပုံရိပ်တွေက သက်တမ်း ၄၆၀၀ ကြာ ရှေးဟောင်းအဆောက်အအုံရဲ့ အတွင်းပိုင်းခန်းဆောင်တွေအပြင် ဒုတိယမြောက်ခန်းဆောင်ရဲ့ ပုံပန်းသဏ္ဌာန်ကိုလည်းရှင်းရှင်းလင်းလင်းပြသနေတယ်။ Bent pyramid ဟာဖာရိုဘုရင် Sneferu လက်ထက်အစောဆုံး တည်ဆောက်ခဲ့တဲ့ပိရမစ်တွေထဲကတစ်ခုဖြစ်ပါတယ်။ ပရောဂျက်အဖွဲ့သားတွေက ပိရမစ်အထဲ muon လို့ခေါ်တဲ့ အမှုန်တွေရဲ့ အချက်အလက်ကို စုဆောင်းတဲ့ ပလိတ်ပြားတွေကို ထားရှိခဲ့တယ်။ Muon တွေဟာ ကမ္ဘာ့လေထုထဲကို အာကာသထဲကနေ သည်းသည်းမည်းမည်းကျဆင်းလာနေကြတယ်။ ဒီအမှုန်တွေက ဟင်းလင်းပြင် အာကာ သကိုဖြတ်သန်းသွားနိုင်ပေမဲ့ မာကျောတဲ့မျက်နှာပြင်တွေနဲ့ တွေ့ရှိတဲ့အခါ စုပ်ယူခံရတာ၊ လမ်းကြောင်းလွဲတာတွေဖြစ်လာနိုင်တယ်။ အမှုန်တွေစုပုံကျရောက်မှုကို လေ့လာခြင်းအားဖြင့် သိပ္ပံပညာရှင်တွေ ဟာပိရမစ်တွေရဲ့တည်ဆောက်ပုံအကြောင်း ပိုမိုသိရှိလာနိုင်ပါတယ်။ အဝင်တံခါးဝနှစ်ခုရှိပြီး စကြိုလမ်းနှစ်ခုက တစ်ခုအပေါ် တစ်ခုထပ်ဆင့်နေတဲ့ မြုပ်နှံသင်္ဂြိုဟ်ရာခန်းဆောင်နှစ်ခုဆီ ဦးတည်ရောက်ရှိသွားစေတယ်။Bent pyramid ဟာမတူတဲ့လျှောစောက်နှစ်ခု ဆက်စပ်ထားလို့ကွေးနေတဲ့ အနားစောင်းပုံပေါ် နေတာကြောင့် ထူးခြားကွဲထွက်မှုရှိပါတယ်။ ပြီးတော့ အစဉ်အလာပိရမစ်တွေလို အစွန်းထွက်နေတဲ့ကျောက်တုံးအဆင့်ဆင့်နဲ့ တည်ဆောက်တာမဟုတ်ဘဲချောမွေ့တဲ့ မျက်နှာပြင်သားနဲ့ ပိရမစ်တည်ဆောက်ဖို့ ရှေးဟောင်း အီဂျစ်တွေရဲ့ပထမဆုံး ကြိုးပမ်းမှုအဖြစ် ယုံကြည်ရပါတယ်။ အဖွဲ့သားတွေဟာ Giza ပိရမစ်သုံးခုထဲက အကြီးဆုံးဖြစ်တဲ့ Khufuကိုလည်း တစ်လအတွင်း muon စမ်းသပ်မှုလုပ်ဆောင်ဖို့ ပြင်ဆင်နေတယ်လို့ဆိုပါတယ်။ဒီတူညီတဲ့ နည်းပညာကိုပဲသုံးပြီး ဘုရင်မ Nefertiti ရဲ့ရုပ်အလောင်းရှိမယ်လို့ယူဆရတဲ့ Tutankhamun ရဲ့သင်္ချိုင်းဂူကိုလည်း ရှာတွေ့နိုင်တယ်လို့ ဆိုပါတယ်။



## TECH TRENDING

### ဖုန်းစွဲနေတဲ့ ဆယ်ကျော်သက်တွေကြောင့် ရုန်းကန်နေရတဲ့ အမေရိကန်မိသားစုတွေ



စစ်တမ်းတစ်ခုရဲ့ ထုတ်ပြန်ချက်အရ အမေရိကန်နိုင်ငံအတွင်း ဆယ်ကျော်သက်တစ်ဝက်ကျော်ဟာ မိုဘိုင်းလ်ဖုန်းစွဲလမ်းမှုကိုခံစားနေရပြီး အနည်းဆုံးတစ်နာရီကြာတိုင်း ကိရိယာတွေကို စစ်ဆေးကြည့်ရှုကာ message တွေကို ချက်ချင်းတုံ့ပြန်ဖို့ ဖိအားဒဏ်ခံနေရပါတယ်။ အသက် ၁၂ နှစ်နဲ့ ၁၈ နှစ်ကြားကလေးတွေရှိတဲ့ မိဘတွေရဲ့ ၅၉ ရာခိုင်နှုန်းကသူတို့ရဲ့ ကလေးတွေဟာဖုန်းတွေကိုစွန့်ခွာဖို့ရာမတတ်နိုင်ဘူးလို့ပြောပြကြတယ်။ အဲဒီစစ်တမ်းက မိဘပေါင်း ၁,၂၄၀ အပေါ် မေးမြန်းခဲ့တာဖြစ်ပါတယ်။ မီဒီယာနဲ့နည်းပညာက ကလေးတွေအပေါ် သက်ရောက်မှုကို အာရုံစိုက်တဲ့ ဒီစူးစမ်း ရှာဖွေမှုတွေမှာ ဒီကိရိယာတွေအပေါ် နှီးနွှယ်ဆက်စပ်မှုကြောင့် ယာဉ်မောင်းတဲ့အခါအာရုံပျံ့လွင့်စေတာ၊အိမ်စာနဲ့အခြားသူတွေနဲ့ အတူတကွရှိနေတဲ့အချိန်တွေ လျော့နည်းစေတာစတဲ့ ထိခိုက်မှုတွေဖြစ်စေနိုင်တာကို ပြသနေတယ်။ ဒီစစ်တမ်းဟာ နည်းပညာက အမြဲမပြတ်ထွန်းကားလာနေတဲ့ ခေတ်ထဲမှာမိုဘိုင်းလ်ကိရိယာ သုံးစွဲမှုအတွက်ဟန်ချက်မျှဖို့ ရုန်းကန်နေရတဲ့ အမေရိကန်မိသားစုတွေအကြောင်း နောက်ဆုံးညွှန်ပြချက်ဖြစ်ပါတယ်။ အသက် ၈ နှစ်နဲ့ ၁၂ နှစ်အကြား အမေရိကန်ကလေးတွေဟာ တစ်နေ့ကိုခြောက်နာရီနီးပါးမီဒီယာတွေသုံးစွဲပြီး အသက် ၁၃ နှစ်နဲ့ ၁၈ နှစ်ကြားကတော့ တစ်နေ့ ရှစ်နာရီနီးပါး သုံးစွဲတယ်လို့ဆိုပါတယ်။

### Windows 10 ကိုအဆင့်မြှင့်ဖို့ တစာစာတောင်းခံမှုရပ်တန့်တော့မည်




Windows 7 နဲ့ Windows 8.1 user တွေကို Windows 10 ဆီအခမဲ့ upgrade လုပ်ဖို့ အမြဲတမ်းပေါ်လာတတ်တဲ့ Get Windows 10 app ကများစွာသောသူတွေအတွက် ကြီးမားတဲ့ စိတ်အနှောင့်အယှက်တွေ ဖြစ်စေခဲ့တယ်။ ဒီ pop-up notification က အဖျက်အမှောင့် malware တစ်ခုလိုတောင်ဖြစ်နေခဲ့ပါတယ်။ ဒါပေမဲ့ ဒါကမကြာခင်မှာရပ်တန့်သွားစရာရှိနေပါတယ်။ အသေးစိတ်အချက်တွေလက်စသတ်နေဆဲဖြစ်ပေမဲ့ ဇူလိုင် ၂၉ ရက်နေ့ကစပြီး Get WIndows 10 app ကို disable လုပ်ပေးကာ နောက်ဆုံး ကမ္ဘာတစ်ဝန်းPC တွေပေါ်ကနေ ဖယ်ရှားပေးမှာဖြစ်တယ်လို့ Microsoft ကဆိုလိုက်ပါတယ်။ လူအများစုကကုမ္ပဏီရဲ့ချဉ်းကပ် နည်း ကို မနှစ်သက်ပေမဲ့ Microsoft ရဲ့ upgrade လုပ်ဖို့ တွန်းအားက အတန်ငယ်အလုပ်ဖြစ်တဲ့ပုံပေါ်ပါတယ်။ လက်ရှိမှာသုံးစွဲနေကြတဲ့ Windows 10 ကိရိယာပေါင်း သန်း ၃၀၀ ရှိပြီး ပြောင်းပိုင်းကာလ သုံးစွဲသူပေါင်းသန်း ၂၇၀ ရှိရာကနေ ခဏချင်းထပ်မံတိုးတက်လာတာဖြစ်ပါတယ်။Windows 7 ဒါမှမဟုတ် 8.1 ကနေ upgrade လုပ်ဖအစီအစဉ်မရှိတဲ့သူတွေအတွက် Windows 10 prompt ကို ပိတ်ထားနှင့်နေပါပြီ။ ဒီအတွက် အလိုအလျောက်လုပ်ဆောင်ပေးတဲ့ GWX Control Panel သုံးဖို့က အလွယ်ဆုံးနည်းပဲဖြစ်ပါတယ်။

### ပထမနှစ်အတွင်း iPhone ထက်ပိုမိုရောင်းချခဲ့ရတဲ့ Apple Watch




ဧပြီ ၂၄ ရက်နေ့ဟာ Apple Watch ပထမဆုံးဈေးကွက်တင် ရောင်းချအပြီး တစ်နှစ်ပြည့်မြောက်တဲ့ နှစ်ပတ်လည်နေ့ဖြစ်ပါတယ်။ ဒါပေမဲ့ Apple ဟာ Apple Watch ရောင်းချခဲ့ရတဲ့ ကိန်းဂဏန်းပမာဏကို ဘယ်တော့မှ ထုတ်ပြန်ခြင်းမပြုခဲ့ပါဘူး။Apple ရဲ့ အခြားသောအောင်မြင်တဲ့ ထုတ်ကုန်တွေအတွက် ရောင်းအားကို ထုတ်ပြန်လေ့ရှိတဲ့အစဉ်အလာကြောင့် Apple Watch ဟာကျရှုံးမှုတစ်ခုလား လို့ထင်မြင်ချင်စရာဖြစ်လာပါတယ်။ ဒါပေမဲ့ ကိန်းဂဏန်းတွေကအခြား တစ်မျိုးတစ်ဖုံညွှန်ပြနေပါတယ်။ကျွမ်းကျင်သူတွေက Apple Watch ရောင်းချရမှုအရေအတွက်လုံးရေ ၁၂ ကနေ ၁၃ သန်းကြားရှိမယ်လို့ ခန့်မှန်းထားတယ်။ဒါဟာ iPhone သူ့ရဲ့ ပထမဆုံးနှစ်မှာ ရောင်းချခဲ့ရတာထက် နှစ်ဆပိုများပါတယ်။ ပျမ်းမျှဈေးနှုန်း ဒေါ်လာ ၅၀၀ နဲ့တွက်ရင် ဒါဟာ ဒေါ်လာသန်းပေါင်း ၆၀၀၀ ရှိတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ရောင်းအားကိုရေရှည်တည်တံ့အောင် ထိန်းသိမ်းထားနိုင်မှာမဟုတ်ဘူးလို့ ဝေဖန်သူတွေက သုံးသပ်ထားကြတယ်။ Watch က နှေးကွေးပြီး iPhone နဲ့တွဲသုံးဖို့လိုအပ်တယ်။ ဒါကြောင့် အမှီအခိုကင်းတဲ့ ကိရိယာတစ်ခုအဖြစ်အသုံးဝင်မှုက အကန့်အသတ်ရှိတယ်။iPhone ဒါမှမဟုတ် ဈေးပိုသက်သာတဲ့ activity tracker တွေထက်ထူးခြားသာလွန်စွာလုပ်ဆောင်နိုင်ခြင်းလည်းမရှိပါဘူး။

# HP PAVILION 14-AB 165 TX

Ph : 09-73171212

နောက်ဆုံးတကာ့နောက်ဆုံး ဆဋ္ဌမမျိုးဆက် 6th generation Intel Core i5-6200U (2.3 GHz) CPU နဲ့ NVIDIA GeForce GT 940 m (2GB) ဂရပ်ဖစ်ကတ်တပ်ဆင်မောင်းနှင်ထားတဲ့ စွမ်းအားမြင့် ဘက်စုံသုံး Laptop တစ်လုံးဖြစ်ပါတယ်။ CPU ကို 4GB DDR3L 1600 MHz RAM နဲ့ ပံ့ပိုးပေးထားပါတယ်။ 14" HD LED LCD (1366×768) Screen ဖြစ်ပြီး အချက်အလက်သိုလှောင်ဖို့ 500GB SATA HDD အလွှာ (၂)ထပ်ပါ DVD တွေရေးဖတ်နိုင် မယ့် DVD Writer Super Multi DL တပ်ဆင်ပါရှိပါတယ်။ Webcam, Card Reader, HDMI, USB 3.0 အစုံအလင်ပါတယ်။ Wireless ချိတ်ဆက်ဖို့ Wi-Fi, Bluetooth 4.0 စနစ်တွေပါတယ်။ 4-Cell Li-ion ဘက်ထရီတပ်ဆင်ပေးထားပြီး အာမခံ ၁ နှစ်ပေးထားပါတယ်။



$629

# LENOVO IDEAPAD 100

Ph : 09-73171213

ပဉ္စမမျိုးဆက် 5th Generation Intel Core i3-5005U (2.0 GHz) CPU နဲ့ NVIDIA GeForce GT920M 2GB သီးသန့်ဂရပ်ဖစ်ကတ်တပ်ဆင်ထားတဲ့ စွမ်းအားမြင့်ဘက်စုံသုံး Laptop တစ်လုံး ဖြစ်ပြီး CPU ကို 4GB DDR3L 1600MHz RAM နဲ့ ထောက်ပံ့ပေးထားပါတယ်။ 14" HD LED LCD (1368×768) Screen ဖြစ်ပြီး အချက်အလက်သိုလှောင်ဖို့ 500GB SATA HDD နဲ့ အလွှာ(၂)ထပ်ပါ DVD ခွေတွေ Read/Write လုပ်နိုင်မယ့် DVD Writer Super Multi DL တပ်ဆင်ပေးထားပါတယ်။ Webcam, Card Reader, HDMI USB 3.0 အစုံအလင်ပါတယ်။ Wireless ချိတ်ဆက်ဖို့ Wi-Fi, Bluetooth 4.0 စနစ်တွေပါတယ်။ 4-Cell Li-ion ဘက်ထရီတပ်ဆင်ပေးထားပြီး အာမခံ ၂ နှစ်ပေးထားပါတယ်။



$469

# DELL INSPIRON 5459-2259

Ph : 09-73171214

နောက်ဆုံးတကာ့ နောက်ဆုံးဆဋ္ဌမမျိုးဆက် 6th generation Intel Core i7-6500U (2.5 GHz) နဲ့ AMD Radeon R5 M355 4GB DDR3 သီးသန့်ဂရပ်ဖစ်ကတ်တပ်ဆင်မောင်းနှင်ထားပြီး 4GB DDR3L RAM ပံ့ပိုးပေးတဲ့ စွမ်းအားအမြင့်ဆုံး ဘက်စုံသုံး Laptop ဖြစ်ပါတယ်။ 14" HD LED LED (1366×768) Screen ဖြစ်ပြီး အချက်အလက်သိုလှောင်ဖို့ 500GB SATA HDD နဲ့ မီဒီယာရေးဖတ်ဖို့ DVD Writer Super Multi DL ပါရှိပါတယ်။ Webcam, Card Reader, HDMI, USB 3.0 တွေ အစုံအလင်ပါတယ်။ Wi-Fi, Bluetooth 4.0 ချိတ်ဆက်စနစ်တွေပါတယ်။ 4-Cell Li-ion ဘက်ထရီတပ်ဆင်ပေးထားပြီး အာမခံ(၁) နှစ်ပေးထားပါတယ်။



$719

# DELL INSPIRON 5458-2256W

Ph : 01-391789

ပဉ္စမမျိုးဆက် 5th generation Intel Core i3-5005U (2.0 GHz) CPU နဲ့ NVIDIA Geforce R920M(2GB) သီးသန့်ဂရပ်ဖစ် တပ်ဆင်မောင်းနှင်ထားပြီး 4GB DDR3 RAM (1600 MHz) နဲ့ပံ့ ပိုးပေးထားတာကြောင့် စွမ်းအားမြင့် ဘက်စုံသုံး Laptop တစ်လုံးပါပဲ။ 14" HD LED LCD (1366×768) Screen ဖြစ်ပြီး အချက်အ လက်သိုလှောင်ဖို့ 500GB SATA HDD နဲ့ မီဒီယာရေးဖတ်ဖို့ DVD Writer Super Multi DL ပါရှိပါတယ်။ Webcam, Bluetooth 4.0 ချိတ်ဆက်စနစ်တွေပါတယ်။ 4 Cell Li-ion ဘက်ထရီတပ်ဆင် ပေးထားပြီး အာမခံ ၁ နှစ်ပေးထားပါတယ်။ Windows 10 တရားဝင် လိုင်စင်တင်ပေးထားပါတယ်။



$559

# ACER ASPIRE V3-574G

Ph : 01-398436

ပဉ္စမမြောက်မျိုးဆက် 5th generation Intel Core i3-5005U (2.0 GHz) CPU နဲ့ NVIDIA Geforce GT940M(2 GB) သီးသန့်ဂရပ်ဖစ်ကတ်ထည့်သွင်းမောင်းနှင်ပေးထားတဲ့ စွမ်းအားမြင့် ဘက်စုံသုံး Laptop တစ်လုံးပါပဲ။ CPU ကို 4GB DDR3L RAM နဲ့ပံ့ပိုးပေးထားပါတယ်။ 15.6" HD LED LCD (1368×768)screen တပ်ဆင်ပေးထားပြီး အချက်အလက်သိုလှောင်ဖို့ 500GB SATA HDD နဲ့ မီဒီယာရေးဖတ်ဖို့ DVD Writer Super Multi DL ပါရှိပါတယ်။ Webcam, Card Reader, HDMI, USB 3.0 အတွက်အစုံအလင်ပါတယ်။ Wi-Fi, Bluetooth 4.0 ချိတ်ဆက်စနစ်တွေပါတယ်။ 4- cell Li-ion ဘက်ထရီတပ်ဆင်ပေးထားပြီး အာမခံ(၂)နှစ်ပေးထားပါတယ်။




$515

### ACER Aspire V3-575 G(i7)

6th Gen Intel Core i7 6500U (2.5 GHz )
4 GB DDR3L Memory
1 TB HDD
Nvidia Geforce GT 940M ( 2GB)
15.6" HD LED
DVD Super Multi Double Layer
USB 3.0 VGA GBlan HDMI
4 Cell Li-ino Battery ,Weight 2.4 kg

Price - $ 699
Contact - 01-252988



### ACER Aspire V3-575 G(i5)

6th Gen Intel Core i7 6200U (2.3 GHz )
4 GB DDR3L Memory
500 GB HDD
Nvidia Geforce GT 940M ( 2GB)
15.6" HD LED
DVD Super Multi Double Layer
HD Weboom USB 2.0 USB 3.0 Gblan HDMI
VGA 6 Cell Li-ino Battery ,Weight 2.3 kg

Price - $ 609
Contact - 01-252988



### ACER Aspire E5-571G(i3)

5th Gen Intel Core i3 5200U (2.0 GHz )
4 GB DDR3L Memory
500GB HDD
15.6" HD LED
Nvidia GT 820M ( 2GB)
DVD R/W Optical Drive
USB 3.0 HDMI Card Reader
6 Cell Li-ino Battery ,Weight 2.3 kg

Price - $530
Contact - 01-252988




### ACER Aspire V3-574G(i3)

5th Gen Intel Core i3 505U (2.0 GHz )
4 GB DDR3L Memory
500GB HDD
Nvidia Geforce GT 940M ( 2GB)
15.6" LED LCD Screen
DVD R/W
HD Webcom, USB 2.0 , USB 3.0 Gblan
HDMI VGA 4 Cell Li-ion Battery ,
Weight 2.3 kg

Price -$515
Contact - 01-252988



### Lenovo ideaPad 300 i7

CPU – Intel Core i7 6500U
RAM -4 GB DDR3
Graphic –Atl EXO PRO R5 M330 2GB
HDD – 1TB
Display -15.6" FHD TN ( SLIM )
2 Year Warranty

Price -$ 709
Contact - 01-388918



### Lenovo ideaPad 500s i5

CPU – Intel Core i5 6200U
RAM -4 GB DDR3
HDD –500 GB
Display -13.3" HD TN ( |FLAT )
2 Year Warranty

Price - $ 659
Contact - 01-388918



### Lenovo ideaPad 100s

CPU – Intel Pentium
RAM -4 GB DDR
HDD –128 GB
Display -14.0" HD TN GL ( |FLAT )
Battery 3 Cells
1 Year Warranty

Price - $ 419
Contact - 01-388918



### Lenovo G5070 – Pen

CPU – Intel Pentium
RAM -4 GB DDR
Graphic –ATL EXO PRO R5 DDR3L 2GB
HDD –500 GB
Display -15.6" HD TN GL
Battery 3 Cells
1 Year Warranty

Price - $ 399
Contact - 01-388918




### MacBook MK4M2LL/A

Core M 1.1 GHz
RAM 8GB DDR3
256GB SSD
Intel HD 5300
12" with retina display
Wifi, Webcam
Bluetooth

Price -$ 1370
Contact - 01-252988



### MacBook Air MF839LL/A

Core i5 ( 2.7 GHz)
RAM 8GB DDR3
128GB SSD
Intel Iris Graphic 6100
13" with retina display
Wifi, Webcam
Bluetooth

Price - $ 1270
Contact - 01-252988



### MacBook Air MJVG2LL/A

Core i5 ( 1.6 GHz)
RAM 4GB DDR3
256GB SSD
Intel HD Graphic 6000
13.3 " LED Backlit
Wifi, Webcam
Bluetooth

Price - $ 1190
Contact - 01-252988



### MacBook Pro MD101LL

Core i5 ( 2.5 GHz)
RAM 4GB DDR3
500GB HDD
Intel HD Graphic
13.3 " LED Backlit
Super Drive DVD
Bluetooth

Price - $ 1050
Contact - 01-252988



### DELL Inspiron -5459 -2608

6th Gen Intel Core i7 6500U (2.5 GHz)
4 GB DDR3 (1600 Mhz )
1TB HDD
14.0 " LED LCD Screen
AMD Radeon R5 M335 4 GB
DVD R/W Optical Drive
Bluetooth , 4Cell Battery , USB 2.0
Dell Mouse

Price - $719
Contact - 01-388918



### DELL Inspiron -5548 -2608

5th Gen Intel Core i3 5005U (1.7 GHz)
4 GB DDR3 (1600 Mhz )
500GB HDD
15.6 " LED LCD Screen
AMD Radeon R7 M625 2 GB
Bluetooth , USB 2.0, HDMI
4 Cell Battery

Price - $549
Contact -01-388918



### DELL Inspiron -5458 (i3)

5th Gen Intel Core i3 5005U (2.0 GHz)
4 GB DDR3L (1600 Mhz )
500GB HDD
14.0 " LED LCD Screen
Intel HD Graphic 5500
DVD R/W Drive
Bluetooth , 4 Cell Battery , USB 2.0
Dell Mouse

Price - $449
Contact - 01-388918



### DELL Inspiron -3543(i3)

5th Gen Intel Core i3 5005U (2.0 GHz)
4 GB DDR3L (1600 Mhz )
500GB HDD
15.6 " LED LCD Screen
DVD R/W Drive
Bluetooth , 4 Cell Battery , USB 2.0
Dell Mouse

Price - $399
Contact - 01-388918



## အိုင်တီဗဟုသုတအထွေထွေ

# Facebook Messenger မှာစစ်တုရင်ကစားမယ်

*Facebook Messenger မှာ လျှို့ဝှက်ချက်များစွာကို ထည့်သွင်းပေးထားပါတယ်။ Messenger မှာ စကားပြောဖို့သာမကဘဲ ပျင်းနေတဲ့အချိန်မှာ သူငယ်ချင်းများနဲ့ ဂိမ်းကစားလို့လည်း ရပါတယ်။ ဒီ Tutorial မှာ Messenger ကနေ သူငယ်ချင်းနှစ်ယောက် စစ်တုရင်ကစားနိုင်မယ့် လျှို့ဝှက်နည်းလမ်းကို ဖော်ပြပေးလိုက်ပါတယ်။ Messenger Mobile App ကနေသာမက PC များကနေလည်း ကစားနိုင်ပါတယ်။ အောက်ပါ ဓာတ်ပုံများကတော့ ဝီစီကနေ ကစားထားတာကို Screenshot ရိုက်ထားတာဖြစ်ပါတယ်။*




1

သင်ကစားချင်တဲ့ သူငယ်ချင်းကို ရွေးချယ်ပါ။

2




@fbchess play လို့ ရိုက်ပို့ပေးပါ။



3

Chess Game ပွဲ တစ်ခုစပြီလို့ Messenger က ပြောမှာပါ။ အဖြူနဲ့အနက်အသင်းထဲမှ တစ်ခုကို သင့်အတွက် ကျပန်းရွေးချယ်ပေးမှာပါ။ ပြီးရင်တော့ စစ်တုရင်ခုံကို မြင်တွေ့ရမှာဖြစ်ပါတယ်။

4




အရုပ်များကို ရွှေ့ဖို့အတွက် စစ်တုရင်ခုံမှ အက္ခရာနဲ့ နံပါတ်အတွဲအဖက်ကို ရိုက်ပေးရမှာပါ။ ဥပမာအားဖြင့် ပွန်းကို D3 နေရာကို ရွှေ့ချင်ရင် @fbchess PD3 သို့မဟုတ် @fbchess D3 လို့ ရိုက်ပို့ပေးပါ။

5

ပွဲကို ရပ်တန့်ဖို့အတွက် @fbchess resign လို့ ရိုက်ပါ။ @fbchess stats လို့ ရိုက်ရင်တော့ ပွဲအနိုင်၊အရှုံး ရလဒ်များကို သိနိုင်ပါတယ်။ ကစားနည်းများနဲ့ အခြား သတင်းအချက်အလက်များကို သိချင်ရင်တော့@fbchess help လို့ ရိုက်နိုင်ပါတယ်။



# စကြဝဠာရဲ့ကြမ္မာဘယ်သို့

ဦးမျိုး(အိုင်တီ-အန်းတိတ်)

ကျွန်တော် တစ်လောကအတွေးလွန်သွားခဲ့ပါတယ်။ ဟို ဘာနဲ့ အလားသဏ္ဍာန်တူသလဲဆိုရင် မိုးပြိုမှာကြောက်လို့ ခြေထောက်တွေ မိုးပေါ် ထောင်အိပ်တာမျိုး။ ညညမှာ တစ်ရေးနိုးထသွားပြီး မြေကြီးစမ်း တာမျိုး။ မိုးပြိုမှာ မြေကြီးပျောက်သွားမှာစိုးရိမ်နေသလိုမျိုးပေါ့ဗျာ။ ဘာကြောင့်များ ကျွန်တော် ဒီလိုဖြစ်ရပါလိမ့်လို့လည်း ပြန်တွေးသဗျ။ ကျွန်တော့်ဝန်းကျင်မှာ အဆင်မပြေတာတွေချည်းပဲ တွေ့မြင်နေရလို့ လား။ နေပူပြင်းတဲ့ဒဏ်ကို ခံစားလွန်းလို့လားပေါ့ဗျာ။ အပူကလည်း ဒီနှစ်သိပ်ကိုပူပြင်းလာတယ်ဗျ။ မနှစ်ကအပူဒဏ်ကို ကျွန်တော်ခံနိုင် သေးတယ်။ ဒီနှစ်မှာတော့ဗျာ နားလည်အောင် ပုံပေါ်လာအောင် ဘယ်လိုပြောရမလဲ။ အဲ . . မီးကျီးခဲတွေကို ကျွန်တော့်ပတ်ဝန်းကျင် မှာ ပုံထားသလိုပဲဗျ။ တငွေ့ငွေ့နဲ့အပူဒဏ်ကိုခံနေရတယ်။ ဘွိုင်လာ အိုးထဲဝင်တဲ့ အပူမျိုးမဟုတ်ဘူးဗျ။ မီးကျီးခဲနားနေရသလို ခံစားမိလာ ပါတယ်။ အဲဒီခံစားချက်မျိုး ခင်ဗျားတို့သိလား။

ဆောင်းတွင်းမှာ မီးလှုံဖူးမှာပါ။ အဲဒီလိုမီးတောက်ဘေးမှာနေရ တဲ့ ခံစားရတဲ့အပူမျိုးလည်းမဟုတ်ဘူးဗျ။ အတော်လေးပြင်းတာ။ အဲ ဒါကြောင့်များ ကျွန်တော့်အတွေးတွေ ယောက်ယက်ခတ်နေတာ လား။ အဲဒီလိုခံစားရင်းနဲ့တွေးမိလာတာလေးရှိပါတယ်။ လေထုတစ်ခု လုံးကလည်း ပူနွေးနေတယ်။ အဲဒီအထက်မှာလည်း နေမင်းကိုလှမ်း မကြည့်ရဲလောက်အောင်ကိုပဲ ပူပြင်းတောက်ပနေတယ်။ ဒါတွေကို မြင်လာ တွေ့လာလို့များလားပေါ့ဗျာ။ ဒီမှာတင်အတွေးက ဝင်လာသ ဗျ။ ကျွန်တော်တို့စကြဝဠာကြီးက ဘာတွေဖွဲ့စည်းတည်ဆောက်ထား ပါသလဲ။ ကျွန်တော်သိချင်လာမိတယ်။ ကျွန်တော်တို့ မိရိုးဖလာပဲ ပြောပြော။ ရှေးပညာရှိတွေရဲ့အဆိုပဲပြောပြောဗျာ။ ပြီးတော့ အရှေ့ မှာရော အနောက်မှာရော လက်ခံထားတာရှိပါတယ်။ ကျွန်တော်တို့ နှင့် ကျွန်တော်တို့ဝန်းကျင်ကအရာတွေဟာ ဓာတ်ကြီးလေးပါးနဲ့ဖွဲ့ စည်းထားပါတယ်တဲ့။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတဲ့။ အင်္ဂ လိပ်လိုပြောရရင် ဟဲ . . ဟဲ ပြောချင်လွန်းလို့ပေါ့ဗျာ။ သည်းခံပေးပါ။ Earth, Fire, Water, Air ပေါ့ဗျာ။ ဘာဖြစ်ဖြစ် အဲဒီဓာတ်လေးပါးနဲ့ ဖြေရှင်းတယ်ဗျ။ ရောဂါဖြစ်ပွားလို့ ကုသပေးတာတောင် အဲဒီဓာတ် လေးပါး မညီမျှမှုကြောင့်ဖြစ်တယ်ဆိုပြီး ဓာတ်လေးပါးညီမျှအောင် လုပ်ပေးပြီး ကုသခဲ့ကြတယ်။

ဒါပေမဲ့ သူတို့မှာ တစ်ခုလိုအပ်နေတယ်ထင်လာတယ်။ ကောင်း ကင်ဘုံဆိုတာကို ဘယ်လိုရှင်းပြမလဲ။ ဒီတော့ သူတို့က ရှေးလူကြီး တွေက ဓာတ်ကြီးလေးပါးအပြင် ပဉ္စမမြောက်အရာတစ်ခုကို တွေးဆ ကြပြန်တယ်။ Quintessence တဲ့။ ကျွန်တော်တို့မသိနိုင် မတွေးနိုင် တဲ့အရာပေါ့ဗျ။ ဒါ ကျွန်တော်အလွယ်ပြောတာနော်။ ထားလိုက်ပါ တော့။ သိပ္ပံပညာရှင်တွေကရော ဘယ်လိုပြောမလဲ။ ကျွန်တော်တို့ ခန္ဓာကိုယ်ရော ပတ်ဝန်းကျင်ကအရာတွေရော အာကာသထဲကအရာ တွေဟာ အက်တမ်တွေနဲ့ပဲဖွဲ့စည်းထားတာလို့ဆိုပါတယ်။ အခုတော့ သိပ္ပံပညာရှင်တွေက စကြဝဠာကြီးကိုဖွဲ့စည်းတည်ဆောက်ထားတာ ပါဝင်နေတဲ့ အရာတွေဟာ အက်တမ်နဲ့တင်မလုံလောက်တော့ဘူးလို့ တွေးဆလာကြတယ်။ သူတို့အဖို့တော့ ဖြေရှင်းရမယ့်ပြဿနာတစ်ရပ် တက်လာတာပေါ့ဗျာ။ Energy နှင့် Matter ဟာ ဒင်္ဂါးပြားတစ်ခုရဲ့ ခေါင်းပိုင်းနဲ့ ပန်းပိုင်းလိုပါပဲတဲ့။ အဲဒီတော့ ထပ်ပြီးတိုင်းတာဖို့လိုပါတယ် တဲ့။ ခင်ဗျားတို့သင်ဖူးမှာပါ။ ရူပဗေဒမှာ ဓာတုဗေဒမှာ matter ဆိုရင် mass နှင့် volume ရှိလာပါတယ်။ အဲဒီမှာ ပုံသဏ္ဍာန် form ပါလာ ရင် substance ဖြစ်လာတယ်။ နောက်ဆုံးလေ့လာချက်များအရ dark matter ဆိုတာကို စကြဝဠာအတွင်းမှာ လေးပုံတစ်ပုံလောက် ပါဝင်နေတာကိုတွေ့လာဂုပါတယ်။ ကျန်တဲ့ လေးပုံသုံးပုံကတော့ ကျွန်တော်တို့သိထားတဲ့ Matter တွေပါပဲ။

အဲဒါက ဘယ်သူကစတင်တွေ့ရှိခဲ့သလဲဆိုရင် နက္ခတ်ဗေဒပညာ ရှင်တစ်ဦးဖြစ်တဲ့ Fritz Zwicky ကတွေ့ရှိခဲ့တာပါ။ သူက နဂါးငွေ့ တန်းတွေရဲ့လှုပ်ရှားပုံကိုလေ့လာစဉ်မှာ တွေ့ရှိခဲ့တာဖြစ်ပါတယ်။ အဲဒီ နဂါးငွေ့တန်းအစုထဲမှာ တချို့အပိုင်းတွေကပိုပြီးလျှင်မြန်တဲ့ နှုန်းထား နဲ့ရွေ့လျားနေတာကိုတွေ့မိတာပါ။ ကမ္ဘာ့ဆွဲအားနယ်ရဲ့ပမာဏပေါ် မူတည်နေတယ်လို့ဆိုပါတယ်။ နောက်တစ်ဦးတွေ့တာကတော့ ကမ္ဘာ မြေကြီးနဲ့နီးတဲ့ကြယ်တာရာတွေဟာ ပိုပြီးလျှင်မြန်စွာရွေ့လျားတယ် လို့ဆိုပါတယ်။ ဒါဟာ dark matter ကြောင့်လို့ဆိုပါတယ်။ ပြီးတော့ ဒီ dark matter တွေဟာ တောက်ပမှုမရှိပါဘူး။ ဒါကြောင့် သာမန် matter တွေနဲ့ကွာခြားနေတာလို့ဆိုပါတယ်။ ဒီတော့ နှစ်မျိုးကွဲပြား သွားပါတယ်။ dark matter က မမြင်နိုင်ပါဘူး။ တောက်ပမှုမရှိလို့ ပါပဲ။ အဲ . . သာမန် matter တွေကတော့ မြင်ရတယ်။ Albert Einstein ကလည်း ကြိုတင်ပြီးပြောထားခဲ့ပါတယ်။ ကျွန်တော်တို့ စကြဝဠာကြီးရဲ့ပမာဏဟာ ပြောင်းလဲနိုင်ပါတယ်။

ယနေ့ခေတ်မှာပညာရှင်တွေက ကြယ်တာရာရဲ့ ရွေ့လျားမှုနှုန်းနဲ့ ကမ္ဘာမြေမှ အကွာအဝေးတွေကိုလေ့လာတွေ့ရှိလာပါတယ်။ အိုင်စ တိုင်းရဲ့ သီအိုရီမှန်ကြောင်းတွေ့ရပါတယ်။ ပမာဏဟာ ပြောင်းလဲ နေပါတယ်။ နောက်ဆုံးသိရှိချက်ကတော့ စကြဝဠာကြီးဟာ အချိန် နဲ့အမျှကြီးထွားလာနေတာတင်မဟုတ်တော့ဘဲ ကြီးထွားလာတဲ့နှုန်းက လည်း ပိုပြီး လျှင်မြန်လာနေတာပဲဖြစ်ပါတယ်။ အဲဒီတော့ သိဖို့လိုလား တာက ဒီ dark matter တွေဆိုတာဘာလဲ။ အဲဒါတွေက mass ရှိ တော့ အလင်းတန်းတွေရဲ့လမ်းကြောင်းကို ပြောင်းလဲစေနိုင်ပါတယ်။ ဒီဖြစ်စဉ်ကို gravitational lensing လို့အမည်ပေးပြီး လမ်းကြောင်း လွဲသွားမှုများကို တိုင်းတာနိုင်လာပါတယ်။ နောက်ထပ်တွေ့ရှိလာတာ က cosmic web ဆိုတာပါပဲ။ ဘာတွေလဲဆိုတော့ ကြီးမားတဲ့ dark matter အစုအဝေးတွေ ရှည်လျားသော dark matter ကြိုးမျှင်များကို တွေ့လာရပါတယ်။ စကြဝဠာအနှံ့အပြားမှာတွေ့ရတာဖြစ်ပါတယ်။

ဒါတွေနဲ့ နဂါးငွေ့တန်းတစ်လျှောက် atomic matter များကို ဆွဲခေါ်သွားတာဖြစ်ကြောင်း တွေ့လာပါတယ်။ ထိုတိုက်ခိုက်မှုများ ကြောင့်ဖြစ်ပေါ်လာနိုင်တဲ့ အပူ၊ အသံ၊ အလင်းတို့ဖြစ်ပေါ်လာမှုကို တိုင်းတာနိုင်ရန်ကြိုးစားနေပါတယ်။ အဲဒီတော့ စကြဝဠာကြီးတည်မြဲ နေရန် ဒီ dark matter တွေကိုဖျောက်ဖျက်နိုင်မှုဖြစ်မှာလား။ ဖျောက် လို့ရောရနိုင်ပါ့မလား။ သူ့မှာလည်း energy တွေရှိနေပါတယ်။ ဘယ် လိုထိန်းချုပ်ကြမလဲ။ အဲဒီတော့ ကျွန်တော်တော့ သုံးမျိုးစဉ်းစားတွေး မိတယ်။ ကျွန်တော်တို့ စကြဝဠာကြီးဟာ အခုအတိုင်းပဲတည်ငြိမ်စွာ တဖြည်းဖြည်းချင်းကြီးထွားလာနိုင်ပါတယ်။ ဒီလိုကျယ်ပြန့်မှုဟာ ကြီး ထွားလာပြီး dark matter တွေရဲ့စွမ်းအားက အရာရာကိုထိန်းချုပ်သွား ပြီး ကျွန်တော်တို့စကြဝဠာကြီးဟာ ပမာဏသေးငယ်သွားမှာလား။ ဒါ မှမဟုတ် matter တွေက dark matter တွေအပေါ် အနိုင်ရရှိသွားပြီး တည်ငြိမ်သွားနိုင်ပါ့မလား။ စဉ်းစားစရာပါပဲ။

အဲ . . တစ်ခုတော့ရှိပါတယ်။ ဥပဒေသတိုင်းမှာ ခြွင်းချက်ဆိုတာ ရှိပါတယ်။ အခုလည်း ကျွန်တော်တို့က ဓာတ်ကြီးလေးပါးအပြင် ဖန် တီးထားတာတစ်ခုရှိနေပါသေးတယ်။ ကျွန်တော် စောစောကပြောခဲ့ တဲ့ Quintessence ဆိုတာလေ။ ဘာကြီးလည်းမှန်းတော့။ အသေ အချာမပြောနိုင်သေးသော်လည်း အကောင်းလို့မြင်ရမှာပဲ။ အရာရာ ပြီးပြည့်စုံတဲ့အရာကြီးပေါ့ဗျာ။ အရာတိုင်းက သန့်စင်ပြီး ချွတ်ယွင်း ချက်မရှိတဲ့အရာပေါ့ဗျာ။ နေ့စဉ်ဘဝမှာ ကျွန်တော်တို့တွေးထင်ထား တဲ့ heaven ကောင်းကင်ဘုံလိုအရာမျိုးပေါ့ဗျာ။ ရှိနိုင်တာ ဖြစ်နိုင်တာ အပထား။ ကျွန်တော်တို့မျှော်လင့်ချက်တော့ ဖြစ်လာတာပေါ့ဗျာနော်။ ကျွန်တော်လည်း ပုထုဇဉ်ဆိုတော့ လက်ရှိဘဝလေးကိုတွယ်တာမိပါ တယ်။ ဖက်တွယ်ထားမိပါတယ်။ နည်းပညာနယ်ပယ်ကလူတွေကရော ဘယ်လိုတွေးဆထားပါသလဲဗျာ။



# အိပ်မက်ခေတမန် မဖြစ်နိုင်သေးတဲ့ Fitness Tracker




မင်းလွင်ဦး




Fitness tracker များစွာက ဝတ်ဆင်သူရဲ့ နေ့စဉ်သွားတဲ့ ခြေလှမ်း အရေအတွက်နဲ့ လောင်ကျွမ်းတဲ့ကယ်လိုရီတွေကိုတိုင်းတာပေးရုံမကအိပ်စက်မှုအကျင့်တွေကိုလည်း စောင့်ကြည့်မှတ်သားပေးတယ်။ အချို့ tracker တွေကတော့ အိပ်ပျော်တဲ့အဆင့်တစ်ခုချင်းအလိုက် အချိန်နာရီတွေကိုပါ တိုင်းတာပေးတယ်လို့တောင်ဆိုကြပါတယ်။

ကိန်းဂဏန်းတွေနဲ့တွက်ချက်ပြတာကလိုလားနှစ်မြို့က်ဖွယ်ကောင်းပေမဲ့အိပ်စက်မှုဆိုင်ရာကျွမ်းကျင်ပညာရှင်တွေကတော့ အိပ်စက်မှုကို တိုင်းတာပေးရာမှာ fitness လက်ပတ်တွေရဲ့ တိကျမှုအပေါ် သံသယရှိကြပါတယ်။

Fitbit Force လိုလူကြိုက်များတဲ့ tracker တွေက သုံးစွဲသူတွေကို သူတို့ဘယ်လောက်ကြာကြာအိပ်စက်တယ်၊နားမနေတဲ့အချိန် ဒါမှမဟုတ် နိုးနေတဲ့အချိန် ဘယ်လောက်ကြာတယ်ဆိုတဲ့အချက်တွေ ထောက်ပံ့ပေးနိုင်ဖို့ရည်ရွယ်ချက်နဲ့ sleep mode တစ်ခုပါဝင်တယ်။ အချို့ tracker တွေကတော့ဒီထက်ကိုပိုပြီးချဲ့ထွင်ထားပါတယ်။ Jawbone UP ကအိပ်ပျော်တဲ့အချိန်ကို နှစ်နှစ်ခြိုက်ခြိုက်အိပ်တဲ့အချိန်နဲ့ နိုးတစ်ဝက်အိပ်တဲ့အချိန်တွေအဖြစ်ခွဲခြားပြသတယ်။ မကြာသေးခင်က ဈေးကွက်တင်ခဲ့တဲ့ Basis B1ကတော့ အထက်ကပြောခဲ့တဲ့ deep and light sleep အဆင့်တွေအပြင် REM sleep (သူငယ်အိမ်အမြန်လည်ပတ်ရင်း အိပ်ပျော်တဲ့အဆင့်) ကိုပါတိုင်းတာဖို့ရည်ရွယ်တဲ့ sleep analysis အသစ်တစ်ခုပါရှိပါတယ်။

Fitness tracker ရဲ့ အိပ်စက်မှုကို တိုင်းတာနိုင်စွမ်းဟာ မကြာခဏဆိုသလို accelerometer လို့ခေါ်တဲ့ sensor ကလာပါတယ်။ ဒါကအမြန်နှုန်းနဲ့ ဦးတည်ဘက်တွေနဲ့အတူဝတ်ဆင်သူရဲ့ လှုပ်ရှားမှုကို ထောက်လှမ်းမှတ်သားပေးတယ်။Tracker အများစုဟာ သီဝရီ အရ လူတစ်ယောက် နိုးနေသလား၊ အိပ်နေသလားဆိုတာ ခွဲခြားပြော ပြနိုင်တဲ့အခါသူတို့ကမှားယွင်းဖို့ ဖြစ်နိုင်ချေများပါတယ်။အိပ်စက်တဲ့ အဆင့်တွေခွဲခြားမှုနဲ့ ပတ်သက်လို့ကတော့ sensor အဖြစ် accelerometer ပဲပါတဲ့ tracker တွေဟာသူတို့ပြောတဲ့အတိုင်းမလုပ်နိုင်ဘူးလို့ West Virginia တက္ကသိုလ်က sleep tracker တွေရဲ့တိကျမှုကို လေ့လာနေတဲ့ အိပ်စက်မှုဆိုင်ရာ သုတေသန ပညာရှင်တစ်ဦးကပြောပါတယ်။Accelerometer ကဝတ်ဆင်သူရဲ့လှုပ်ရှားမှုကိုစောင့်ကြည့်မှတ်သားပေမဲ့ အိပ်စက်မှုရဲ့ deep sleep မှာပဲဖြစ်ဖြစ်၊ light sleep stage မှာပဲဖြစ်ဖြစ်တူညီတဲ့ပမာဏနဲ့ လှုပ်ရှားတဲ့အတွက်ကြောင့်ပဲ ဖြစ်တယ်လို့ သူကဆိုပါတယ်။ စားသုံးသူတွေအနေနဲ့ အိပ်စက်မှုကို တိကျစွာစောင့်ကြည့်မှတ်သားဖို့ ဒီကိရိယာတွေအပေါ် ယုံကြည်မှု သိပ်ထားမယ်ဆိုရင် အန္တရာယ်ဖြစ်လာနိုင်တာကို ကျွမ်းကျင်သူတွေက စိုးရိမ်နေကြပါတယ်။

## နိုးနေသလား၊အိပ်နေသလား

လူတစ်ယောက်ရဲ့ အိပ်စက်မှုကို သိပ္ပံနည်းကျတွက်ချက်ဖို့ အသုံးပြုတဲ့ စံထားရတဲ့နည်းလမ်းကတော့ polysomnography လို့ခေါ်တဲ့ စေ့စေ့စပ်စပ်လုပ်ဆောင်တဲ့ sleep lab test ပဲဖြစ်ပါတယ်။ ဒီစမ်းသပ်မှုနဲ့ယှဉ်ကြည့်ရင် accelerometer အခြေခံ fitness tracker တွေက အလွယ်တကူလှည့်စားခံရနိုင်ပါတယ်။ ၂၀၁၁ ခုနှစ် လေ့လာမှုမှာ tracker ကရတဲ့ အချက်အလက်တွေကို polysomnography ရဲ့အချက်တွေနဲ့နှိုင်းယှဉ်ခဲ့တယ်။Fitbit ကပျမ်းမျှခြင်းအားဖြင့် ဝတ်ဆင်သူရဲ့ အိပ်စက်ချိန်ကို ၆၇ မိနစ်ပိုပြီးခန့်မှန်းထားတယ်။ အိပ်စက်မှုကိုစောင့်ကြည့်မှတ်သားဖို့ accelerometer ကိုသုံးတဲ့ နောက်ထပ်ကိရိယာဖြစ်တဲ့ actigraph ကလည်း အိပ်စက်ချိန်ဟာ ၄၃ မိနစ် ပိုပြီးခန့်မှန်းပါတယ်။ အခြားလေ့လာမှုမှာတော့ ကလေးတွေအပေါ် တိုင်းတာမှုမှာ ဆန့်ကျင်ဘက်သက်ရောက်မှုကို တွေ့ရတယ်။ Fitbit One က ကလေးတွေရဲ့အိပ်စက်မှုကို ၁၀၉ မိနစ်လျော့နည်းပြီးခန့်မှန်းတယ်။

## အိပ်စက်မှုအဆင့်များ

ကျွမ်းကျင်သူများစွာက fitness tracker တွေဟာ sleep stage တွေကို ခြေရာကောက်မှတ်သားနိုင်တယ်ဆိုတာကို သံသယရှိကြပါတယ်။ ဒီကိရိယာတွေဟာ လှုပ်ရှားမှုကိုပဲအမှီပြုတဲ့ အခါမှာ sleep stage တွေကို အဓိကအားဖြင့် ဦးနှောက်ရဲ့ လုပ်ဆောင်မှုနဲ့ပဲ ပိုင်းခြားသတ်မှတ်တဲ့အတွက် စားသုံးသူတွေဟာ ဒီကိရိယာတွေက နေပြီး sleep stage တွေကိုခွဲခြားနိုင်စွမ်း ရှိမယ်လို့ မျှော်လင့်မထားသင့်ပါဘူး။

အိပ်စက်မှုဆိုင်ရာ သိပ္ပံပညာရှင်တွေက လူတွေအိပ်စက်နေချိန်မှာ non-REM sleep ရဲ့အဆင့်အမျိုးမျိုးအကြားခွဲခြားနိုင်ဖို့ brain waves ကိုတိုင်းတာတဲ့ electro-encephalography(EEG) လို့ခေါ်တဲ့ စမ်းသပ်မှုကိုသုံးစွဲကြပါတယ်။REM sleep ကိုတိုင်းတာဖို့ကတော့brain waves အပြင် မျက်လုံးလှုပ်ရှားမှုနဲ့ ကြွက်သား အရောင်အနုအရင့်တို့ပါဝင်တဲ့ အပိုထပ်ဆောင်း အသွင်းအချက်အလက်တွေ လိုအပ်တယ်။

Basis ဟာ light and deep sleep အပြင် REM sleep ကိုပါခြေရာခံနိုင်တယ်လို့ဆိုတဲ့ ဈေးကွက်အထဲနည်းပါးလှစွာသော tracker တွေထဲကတစ်ခုဖြစ်ပါတယ်။ဒီ ကိရိယာထဲမှာ accelerometer အပြင် heart rate monitor ပါ ပါဝင်တဲ့အတွက် ဒီလို လုပ်ဆောင်နိုင်တာဖြစ်တယ်လို့ ကုမ္ပဏီရဲ့ ဈေးကွက်ဌာနအကြီးအကဲ Damon Miller ကပြောပါတယ်။ကိရိယာကို sleep lab ထဲမှာ စမ်းသပ်ပြီး heart rate အပါအဝင် တိုင်းတာမှုတွေက မတူကွဲပြားတဲ့ အိပ်စက်မှုအဆင့်တွေနဲ့ ဘယ်လိုဆက်စပ်တယ်ဆိုတာရှာဖွေခဲ့တယ်လို့ကုမ္ပဏီကဆိုပါတယ်။

"ကျွန်တော်တို့က sleep lab နေရာမှာ အစားထိုးနိုင်တယ်။ ဒါမှမဟုတ် အဲဒီလောက်တိကျမယ်လို့ ဆိုချင်တာမဟုတ်ပါဘူး။ဒါပေမဲ့ စားသုံးသူအဆင့်ထုတ်ကုန်အနေနဲ့ နီးနီးစပ်စပ်ခန့်မှန်းနိုင်တယ်လို့ ခံစားရတယ်" လို့ Miller ကပြောတယ်။ အိပ်စက်မှုဆိုင်ရာ သုတေသနပညာရှင်တွေကတော့ အခုထိပုံနှိပ်ထုတ်ဝေခြင်းမပြုတဲ့ Basis က လုပ်ဆောင်ခဲ့တဲ့ လေ့လာမှုတွေကို ဖတ်ရှုချင်တယ်လို့ဆိုပါတယ်။ ကိရိယာကို သီးခြားလွတ်လပ်တဲ့စမ်းသပ်မှုလုပ်ဆောင်ပြီး တန်းတူချင်း သုံးသပ်တဲ့ peer-reviewed သိပ္ပံစာစောင်ဂျာနယ်တွေမှာ ပုံနှိပ်ဖြန့်ဝေမှု မပြုမချင်း အဆိုတွေကအခြေအမြစ်ရှိမှာမဟုတ်ဘူးလို့ သုတေသန ပညာရှင်တစ်ဦးကဆိုပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် Basis အနေနဲ့ အိပ်စက်မှုကိုအကဲဖြတ်ဖို့ လှုပ်ရှားမှုထက်ပိုပြီး တိုင်းတာဖို့ ရှာဖွေလာတာက ကောင်းမွန်ပါတယ်။ Heart rate data က တိုင်းတာမှုကို အတော်အတန်တိုးတက်ကောင်းမွန်လာစေပါလိမ့်မယ်။ဒါပေမဲ့ sleep stage တွေအကြား သေသေချာချာ ခွဲခြားသတ်မှတ်ဖို့ရာ brain waves နဲ့ သူငယ်အိမ်လှုပ်ရှားမှုအကြောင်းသတင်းအချက်တွေလိုအပ်တယ်ဆိုတာ သတိချပ်ထားရမှာဖြစ်ပါတယ်။

## အန္တရာယ်အလားအလာ

အိပ်စက်မှုဆိုင်ရာမူမမှန်တဲ့ရောဂါ မရှိတဲ့သူတွေအတွက် ကတော့အိပ်စက်မှုကို ခြေရာခံဖို့ fitness monitor ကိုအသုံးပြု တာဟာ ထိခိုက်မှုမဖြစ်စေသလို အကူအညီလည်းမရပါဘူး။ ဒါပေမဲ့ အိပ်စက်မှုဆိုင်ရာ မူမမှန်တဲ့ရောဂါရှိသူတွေအတွက် ဒီ monitor ထဲက တစ်ခုနဲ့အတူ အိပ်စက်မှုကို ခြေရာခံတာက မှားယွင်းတဲ့စိတ်ချသေချာမှုကို ခံစားရနိုင်တဲ့ အန္တရာယ်ရှိပါတယ်။ တစ်ယောက်ယောက် ဒီကိရိယာကိုသုံးပြီး ရှစ်နာရီအိပ်တယ်လို့ ပြောပြတဲ့အခါ ပြဿနာ မရှိဘူးလို့ထင်လာမယ်။ အိပ်စက်မှုဆိုင်ရာ ပြဿနာကို ထောက်လှမ်းသိရှိခြင်းမရှိတဲ့ လူတွေက အိပ်ငိုက်ရင်းကားမောင်းသလို အန္တရာယ်နဲ့ကြုံရနိုင်တယ်။ အိပ်စက်မှုဆိုင်ရာမူမမှန်တဲ့ရောဂါရှိသူတွေအတွက် ဒီကိရိယာတွေက ရမယ့် အချက်အလက်တွေကို ယုံကြည်နေမယ့်အစား ဆေးခန်းနဲ့ ချိန်းဆိုမှုလုပ်တာကပဲ ပိုကောင်းပါလိမ့်မယ်။

# T3's Best Camera

*ဈေးကွက်မှာ လက်ရှိ ရှိနေတဲ့ကင်မရာတွေထဲက အကောင်းတကာ့အကောင်းဆုံး The Best Camera များအဖြစ် T3 မဂ္ဂဇင်းက ရွေးချယ်ဖော်ပြလိုက်တဲ့ ကင်မရာတွေပါပဲ။*




## Best action camera-GoPro Hero 4 Silver

***Sensor size : 1/2.3 inch, Resolution : 12MP, Lens: Ultra Wide, Viewfinder : N/A, Monitor 1.75 inch LCD, Continuous shooting : 30 fps, Video : 4K, User : Action- types***

တောင်တက်၊ နှင်းလျှောစီး၊ ရေလွှာလျှောစီး၊ ဆိုင်ကယ်မောင်း ပြိုင်ပွဲတွေမှာ တရိပ်ရိပ်ပြေးနေတဲ့ လှုပ်ရှားမှုတွေကို ဦးခေါင်းမှာစွပ် ပြီး 4k resolution မြင့်မြင့် အရည်အသွေးပြည့်ပုံရိပ်တွေအဖြစ် အမိ အရမှတ်တမ်းတင်ပေးမယ့် ကင်မရာပေါ့။ action camera တွေထဲမှာ တော့ သူပဲအကောင်းဆုံးလို့ လူတိုင်းလက်ခံထားပါတယ်။ မြင်ကွင်းကျယ် wide-angle lens နဲ့ 12 Megapixel ပုံရိပ်ဖမ်း sensor ပါ ရှိပါတယ်။ 1080P ရုပ်ထွက်ပိုကောင်းအောင် 4k resolution တင်ရိုက်ရင်တော့ တစ်စက္ကန့် 15 Frame နှုန်းပဲရတော့မှာမို့ ဘဲစားဘဲချေပါပဲ။

## Best Compact Camera - Sony RX 100 IV

***Sesnor Size : 1-inch, Resolution : 20 MP, Lens : 24-70 mm, Viewfinder : Electronic, Monitor : 2.45 inch, Continuous Shooting : 16 Fps, Video : 4 K, User : Enthusiast***

တကယ့်ကြေးစားဓာတ်ပုံသမားတွေသုံးတဲ့ ကြေးကြီးတန်ဖိုးကြီး DSLR and Mirros Lens Camera တွေမှာ ပုံရိပ်ဖမ်းတဲ့ image sensor တွေထက်ငယ်တယ်ဆိုပေမယ့် တစ်လက်မအရွယ်အစားပုံရိပ်ဖမ်း sensor တပ်ပေးထားတာကြောင့် ဈေးကွက်ပေါ် မှာရှိသမျှ compact camera အားလုံးထက်တော့ အများကြီးပိုသားပါတယ်။ image sensor အရွယ်အစားကြီးမားလာတဲ့ အကျိုးကျေးဇူးကတော့ depth of field ပိုကောင်းလာမယ်။ အလင်းဖမ်းအားပိုကောင်းလာမယ်။ ဒါကြောင့် ပုံထွက်ပိုကောင်းမယ်ပေါ့။ 4K ဗီဒီယိုရိုက်မယ်ဆိုရင် တစ်စက္ကန့် 25 Frame နှုန်းနဲ့ ရိုက်ပေးနိုင်သလို ဓာတ်ပုံခလုတ်တစ်ချက်နှိပ်ရုံနဲ့ တစ်စက္ကန့် ၁၆ ပုံနှုန်းဆက်တိုက်ရိုက်ကူးပေးတယ်။ အကောင်းဆုံးဓာတ်ပုံတစ်ပုံအဖြစ် ပြန်လည်စုစည်းပေးနိုင်တာပေါ့။ နောက်ထပ် အားသာချက်ကတော့ ခေါက်ချိုးသိမ်းနိုင်တဲ့ Electronic Viewfinder (EVF) ပါရှိခြင်းပါပဲ။







## Best retro camera - FujiFlim X-Pro2

***Sensor Size : APS-C, Resolution : 24 MP, Lens : Interchangeable, Viewfinder : Optical - Electronic Hybrid, Monitor : 3 inch LCD, Continuous shooting : 8fps, Video: 1080p, User : Film-lover***

Serious picture - tacking tech inside ပါရှိလာတာကြောင့် ရုပ်ရှင်ရိုက်ကူးလို့အင်မတန်ကောင်းတဲ့ကင်မရာပေါ့။ အကွာအဝေးအပေါ် လိုက်ပြီး အလိုအလျောက်လုပ်ဆောင်ပေးတဲ့ range-finder- styled snapper withe an innovale optical/electronic viewfinder ထည့်သွင်းပေးထားတာ အားသာချက်ပါ။ ရှေးဟောင်းစတိုင်ဆိုပေမယ့် XPro2 ရဲ့အထဲက ပစ္စည်းတွေကတော့ တကယ့် up-to-date တွေ ပုံရိပ်ဖမ်းအားကောင်းတဲ့ X-Trans CMOS III Sensor, တစ်စက္ကန့်ရဲ့က အပုံ ၈၀၀၀ ပုံ တစ်ပုံအတွင်း ဖွင့်ပိတ်နိုင်တဲ့ 1/8000th sec machanical shutter နဲ့ အနေအထားမတူမှုအပေါ် ဆုံချက်ဖမ်းပေးနိုင်တဲ့ 169 phase defect auto-focus system များပါဝင်ပါတယ်။ ကိုင်တွယ်ထိန်းကျောင်းရလည်း လွယ်ကူအဆင်ပြေတဲ့ပုံစံပါ။

## Best Compact System Camera-Olympus OM-D-E-MI

***Sensor size : Micro 413, Resolution : 16MP, Lens : Interchangeable, Viewfinder : Electronic , Monitor : 3-inch, Continuous Shooting : 10fps / Video : 1080 P, User : Retro-SLR fans***

ရှေးဟောင်းပုံစံ SLR ကင်မရာတမ်းတနေသူတွေအတွက် ရည်စူးတည်ဆောက်ထားတာပါ။ ပုံရိပ်ဖမ်း sensor အရွယ်အစားနဲ့ ကင်မရာအရွယ်အစားမျှတအောင် တည်ဆောက်ထားတယ်။ Micro Four Thirds sensor တွေဟာ APS-C နဲ့ 1-inch ကြားက အရွယ်အစားပေါ့။ စိတ်ကျေနပ်လောက်စရာပုံရိပ်အရည်အသွေးထွက်စေပါ တယ်။ M43 ကအရွယ်အစားသေးပေမယ့် Lens system လိုအ ကောင်းစား lens တွေတပ်ဆင်အသုံးပြုနိုင်တာကြောင့် ကြေးစား ဓာတ်ပုံရိုက်သမားတွေအတွက်လည်း အသုံးတည့်ပါတယ်။ နောက်ထပ်အားသာချက်ကတော့ ရေဒဏ်မိုးဒဏ်အကြမ်းပတမ်းခံနိုင်ပြီး ဘက်(၅)ဖက်ထိန်းကျောင်းနိုင်တဲ့ 5-axis image stabilization စနစ်လည်းပါဝင်ပါတယ်။



# MOBILE LIFE

presented by Digital life

# LG K7



| | |
|---|---|
| CPU | : 1.3 GHz Quad-core |
| Network | : GSM/WCDMA |
| Memory | : 1 GB |
| Storage | : 8 GB |
| Screen | : 5.0 inches |
| Camera | : 8MP, 5MP |
| Price | : 139,000 |
| Contact | : 01-254559 |

## APP USER GUIDE

ရည်မှန်းချက်များ
ပေါက်မြောက်အောင်မြင်စေမယ့်
The Rock Clock

Page-21 >>

## MOBILE TECH DEBATE

Unicode နဲ့ Zawgyi
ဘယ် font ကိုအားပေး

Page-28 >>

## MOBILE TIPS

စမတ်ဖုန်းမှာ မိသားစုဓာတ်ပုံ
Album များလုပ်မယ်

Page-22 >>

## AFFORDABLE REVIEW

ပြည်တွင်းမိုဘိုင်းလ်ဖုန်းဈေးကွက်ကို
ရောက်ရှိလာတဲ့ LG K7

Page-29 >>

# ရုပ်ပြဝန်ဆောင်မှုသာပေးတဲ့ဆိုင်



နေဦးလွင်

| | |
|---|---|
| အရောင်းဝန်ဆောင်မှု | ★ |
| ဆိုင်အပြင်အဆင် | ★★ |
| ဝယ်ပြီးဝန်ဆောင်မှု | ★ |
| အမျိုးအစားစုံလင်မှု | ★ |

**Experience Rating**

ဆိုင်အမည် - Kenbo Showroom
ဆိုင်တည်နေရာ - အမှတ် (၁၅၀)၊ လသာလမ်း (အထက်)၊ လသာမြို့နယ်။ ဖုန်း - ၀၉ - ၂၅၈၄၅၁၄၁၈

ကြော်ငြာတွေဂျာနယ်တွေမှာတော့ဝန်ဆောင်မှုကိုအကောင်းဆုံးပေး ပါမယ်လို့ကြွေးကြော်နေပြီး လက်တွေ့မှာတော့ အမှန်တကယ်ဝန်ဆောင်မှုပေးနိုင်မှဆိုင်ပေါ် မှာယုံကြည်မှုအပြည့်ရှိမှာဖြစ်ပါတယ်။ အပြောနဲ့အလုပ်တစ်ထပ်တည်းကျမှ စားသုံးသူတွေဘက်ကအားကိုး ယုံကြည်လာမှာဖြစ်ပါတယ်။ ယခုလည်း အပြောနဲ့လက်တွေ့ တကယ်ဟုတ်မဟုတ်လေ့လာဖို့ လသာလမ်းမှာရှိတဲ့ ဖုန်းအရောင်းဆိုင်တွေနားကို ကျွန်တော်ရောက်ရှိလာခဲ့ပါပြီ။ ဒီတစ်ပတ်ရွေးချယ်ထားတာကတော့ Kenbo မိုဘိုင်းလ်ဖုန်းဆိုင်ပဲဖြစ်ပါတယ်။ ဘာဖြစ်လို့ ရွေးချယ်လိုက်လဲဆိုတော့ ဟိုတလောလေးကဈေးကွက်ထဲမှာ Kenbo စမတ်ဖုန်းတွေ ဈေးကွက်ဖျက်သိမ်းလိုက်ပြီလို့ကြားတဲ့အတွက်သေချာအောင် လေ့လာချင်တာနဲ့ရွေးချယ်ဖြစ်သွားတာပေ့ါ။ ဒီသတင်းက အမှန်မဟုတ်ဘူးဆိုတာ ကျွန်တော်သိပြီးသားပါ။ Kenbo က တာဝန်ရှိသူတစ်ဦးကလည်း သေချာရှင်းပြခဲ့ပြီးဖြစ်လို့ မမှန်သတင်းလွှင့်တယ်ဆိုတာသိလိုက်ရပါတယ်။ ဒါကြောင့် Kenbo စမတ်ဖုန်းတွေအကြောင်းလေ့လာချင်စိတ်ဖြစ်ပေါ် လာခဲ့တာပါ။ Kenbo ဆိုတာ စမတ်ဖုန်းအဖြစ်နဲ့ ပြည်တွင်းဈေးကွက်ကို စတင်ခြေချကတည်းက ရုံးချုပ်ကလူတွေနဲ့ ကျွန်တော်သိကျွမ်းခဲ့တာပါ။ ရုံးချုပ်ကတော့ ဧည့်ဝတ်ပျူငှာပါတယ်။ အရောင်းဆိုင်ကတော့ အခုဝင်ရောက်လေ့လာမိသလောက်ကတော့ ရုပ်ပြဝန်ဆောင်မှုသာသာပဲရှိပါတယ်။ ကျွန်တော် ဆိုင်ထဲကိုရောက်တော့ အရောင်းမန်နေဂျာကောင်မလေးက သူ့ကောင်တာမှာအနေမပျက်ထိုင်နေတာကိုတွေ့ရတယ်။ ကျန်တဲ့အရောင်းဝန်ထမ်းအမျိုးသမီးလေးနှစ်ဦးကလည်း ဘာသိဘာသာပဲ။ ဝယ်သူကိုသိပ်အလေးထားပုံမပေါ် ဘူး။ အရောင်းဝန်ထမ်းကောင်လေးကတော့ အနည်းငယ်ဧည့်ဝတ်ကျေတယ်လို့ပြောရမယ်။ ဒါပေမယ့် ဒါမေးဒါဖြေလောက်ပဲ။ စိတ်လိုလက်ရရှင်းပြပေးတာမျိုးမဟုတ်ဘူး။ ဆိုင်အပြင်အဆင်ကတော့ သပ်ရပ်တယ်လို့ပြောနိုင်တယ်။ ဒါပေမယ့် ဆိုင်ထဲမှာ Kenbo နဲ့ပတ်သက်တဲ့အရာဆိုလို့ စမတ်ဖုန်းတွေလောက်ပဲရှိတယ်။ ကျန်တဲ့ Accessory တွေကတော့မရှိသလောက်ကိုရှားတယ်။ ပစ္စည်းပြတ်နေတာလားမေးကြည့်တော့ စက်ရုံကမထုတ်တာလို့အရောင်းဝန်ထမ်းကောင်လေးကဖြေတယ်။ မဝယ်ခင် ဝန်ဆောင်မှုကတော့သိပ်သဘောမကျဘူး။ ဝယ်ပြီးဝန်ဆောင်မှုအပိုင်းကိုမေးကြည့်တော့လည်း သေသေချာချာရှင်းပြနိုင်တာမျိုးမတွေ့ရဘူး။ ပစ္စည်းလက်ခံအာမခံတစ်နှစ်ပေးထားပေမယ့် တစ်နှစ်ကျော်မှဖြစ်သွားတဲ့ဖုန်းတွေကို တာဝန်ယူဖြေရှင်းပေးနိုင်တာမျိုးလည်းမရှိဘူး။ လက်တွေ့စမ်းသပ်နိုင်အောင်ပြလုပ်ပေးထားတဲ့ ဖုန်းဟန်းဆက်တွေကိုလည်း ဂရုစိုက်မယ့်ပုံမပေါ် ဘူး။ နေ့စဉ်သန့်ရှင်းရေးလုပ်နေတာပဲ အားသွင်းဖို့လည်းမမေ့သင့်ဘူးပေ့ါ။ အခုတော့ လက်တွေ့စမ်းသပ်ချင်လို့ပြောတော့ ဖုန်းတွေအတော်များများက ဘက်ထရီအားမရှိဘူး။ ကျွန်တော်မေးမှအားသွင်းခဲ့မှာ ကပျာကရာအားသွားသွင်းတာကိုတွေ့ရတယ်။ အဲဒီအခြေအနေအထိ ဆိုင်တာဝန်ခံအမျိုးသမီးက သူနဲ့မဆိုင်သလိုအပြုအမူမျိုးလုပ်နေတာကိုတွေ့ရတယ်။ နောက်တစ်ခုပိုဆိုးတာက ဝယ်ယူသူတွေအနေနဲ့ ဝယ်ယူလို့ပဲဖြစ်ဖြစ်၊ လေ့လာချင်လို့ပဲဖြစ်ဖြစ် ဆိုင်ထဲကို ရောက်လာပြီဆိုရင် အလေးအနက်ထားရမှာပေ့ါ။ အခုအပြုအမူက ဝယ်သူကို ဝယ်နိုင်မှာလည်းမဟုတ်ပါဘူး။ အလကားသူတို့ကို လာအလုပ်ရှုပ်တယ်လို့တွေးထားပုံရတယ်။ ပြီးတော့ မိန်းကလေးသဘာဝ ရွှံ့ကာစောင်းကာနဲ့သီချင်းအော်ဆိုတာကိုလည်းကြားလိုက်ရတယ်။ ဒါတွေဟာ သူတို့ဆိုင်ရဲ့ဂုဏ်သိက္ခာကိုထိခိုက်စေသလို သူတို့ကိုလည်း အထင်သေးစေတယ်ဆိုတာမသိလို့ဖြစ်မယ်။ ကြာကြာနေရင်ဆိုင်ထဲက အရောင်းဝန်ထမ်းတွေနဲ့ကျွန်တော်ပြဿနာတက်လာနိုင်တယ်။ အဲဒါကြောင့် ကျွန်တော်မနှုတ်ဆက်တော့ဘဲ ဆိုင်ကိုကျောခိုင်းထွက်လာတယ်။ ကျွန်တော်အပြင်ရောက်လုလုအချိန်အထိ ဆိုင်းထဲကဝန်ထမ်းတွေဟာ ဝယ်သူကိုနှုတ်ဆက်စကားပြောရကောင်းမှန်းမသိကြ သေးပါဘူး။ ဒါဆို ဒီဆိုင်ဟာ သူတို့ဆီက ဖုန်းကိုဝယ်မှ ကျေးဇူးတင်ပါတယ်ဆိုတဲ့ အသက်မပါတဲ့ နှုတ်ဆက်စကားကိုပြောကြမှာလားဆိုတာ ဒီဆောင်းပါးလေးနဲ့မေးလိုက်ပါရစေ။

***မှတ်ချက်။ ။ဤဆိုင်ခန်းလေ့လာခြင်း အတွေ့အကြုံဆောင်းပါးအား လေ့လာရေးသားရာတွင် စာရေးသူ၏အာဘော်သာဖြစ်ပြီး လက်တွေ့ကြုံဆုံခဲ့ရသည်များကိုသာရေးသားထားခြင်းဖြစ်ပါသည်။***

## Shop's Hot List

**Kenbo N21**



**Specification**

| | |
|---|---|
| Display | - 7.9 inches |
| CPU | - 1.7 GHz, Octa-core |
| OS | - Android V 4.4 |
| Camera | - 8 MP, 5 MP(front) |
| Network | - GSM/WCDMA |
| Price | - 179,000 Ks |
| Contact | - 09-258451418 |

**Kenbo E81**




**Specification**

| | |
|---|---|
| Display | - 5.0 inches |
| CPU | - MT6580M Quad Core |
| OS | - Android V 6.0 |
| Camera | - 5 MP, 2 MP(Front) |
| Memory | - 1 GB, 8 GB |
| Price | - 99,800 Ks |
| Contact | - 09-258451418 |

**Kenbo E91**



**Specification**

| | |
|---|---|
| Display | - 5.0 inches |
| CPU | - MT6580M Quad-core |
| OS | - Android 6.0 |
| Camera | - 8 MP, 5 MP(Front) |
| Memory | - 1 GB, 16 GB |
| Price | - 119,800 Ks |
| Contact | - 09-258451418 |



# MOBILE GAME

## 3D Bowling

Size - 13M
Requires Android 2.0.1 and up
Current Version 2.9



ဘိုးလိန်းကစားရတာဝါသနာပါတဲ့သူတွေအတွက် ကွင်းပြင်ကြီးထဲမှာသွားရောက်ပစ်ကစားစရာမလိုတော့ပါဘူး။ ဂိမ်းရဲ့ဒီဇိုင်းပိုင်း ဖန်တီးမှုက 3D သုံးဖက်မြင်ရုပ်ကြွပုံစံဖြစ်ပြီး ကွင်းပြင်ထဲမှာသွားရောက်ကစားရသည့်အရသာမျိုးခံစားရမှာဖြစ်ပါတယ်။ ကစားကွင်းတွေကိုစိတ်ကြိုက်ရွေးချယ်နိုင်သလို ဘောလုံးတွေကိုလည်းစိတ်ကြိုက် ရွေးချယ်နိုင်မှာဖြစ်ပါတယ်။ တစ်ဦးတည်းအမှတ်ရေနဲ့ကစားနိုင်သလို၊ ပြိုင်ပွဲဝင်တွေနဲ့လည်း ယှဉ်ပြိုင်ကစားနိုင်မှာဖြစ်ပါတယ်။အမှတ်ပေး ဇယားနဲ့ကစားနိုင်ပြီး တစ်ဦးတည်းကစားရာမှာလည်းအမှတ်ပေးပုံစံမှတ်သားထားနိုင်ပါတယ်။ ဘိုးလိန်းအရုပ်တွေကိုလဲအောင်ပစ်နိုင်မှ နောက်ထပ် အဆင့်တွေကိုတက်လှမ်းနိုင်မှာဖြစ်ပါတယ်။ ကစားကွင်းထဲမှာသွားရောက်ပစ်ခတ်ရတာလွယ်ကူလား ဒီဂိမ်းထဲကပိုခက်လားဆိုတာ ကစားကြည့်လိုက်ပါ။

## My Football Club Manager MyFC

Size - 29M
Requires Android 2.3.3 and up
Current Version 1.07




ဒီဂိမ်းကကိုယ်တိုင်အသင်းကစားသမားနေရာကဝင်ရောက်ကစားရမှာမဟုတ်ဘဲ အသင်းတစ်သင်းလုံးကိုထိန်းချုပ်ကွပ်ကဲရမယ့်ဂိမ်းဖြစ်ပါတယ်။ မိမိစိတ်ကြိုက်အသင်းတစ်သင်းဖန်တီးပြီး နှစ်သက်ရာအမည်နာမသတ်မှတ်ကာ ကစားသမားတွေကိုလည်း စုဆောင်းရမှာဖြစ်ပါတယ်။ မိမိအသင်းမှာရှိတဲ့ကစားသမားတွေကိုအရည်အချင်းပြည့်စုံလာအောင် လေ့ကျင့်သင်ကြားပေးရမှာဖြစ်ပြီး အခြားအသင်းက အရည်အသွေးကောင်းတဲ့ကစားသမားတွေကိုလည်း လိုက်လံဝယ်ယူရမှာဖြစ်ပါတယ်။ မိမိကစားသမားတွေအပါအဝင် ဝယ်ယူထားတဲ့ကစားတွေကိုပူးတွဲလေ့ကျင့်စေပြီး အသင်းတစ်ခုလုံးစည်းလုံးညီညွတ်စွာအရည်အချင်းတွေပြည့်ဝသွားပြီဆိုရင်တော့ ပြိုင်ဘက်အသင်းတွေနဲ့ သွားရောက်ယှဉ်ပြိုင်ပြီး အသင်းဝင်ငွေရရှိအောင်ဖန်တီးရမှာဖြစ်ပါတယ်။ဖလားတွေရအောင်စုဆောင်းနိုင်လေ မိမိအသင်းရဲ့တန်ကြေးကြီးမားလာလေဖြစ်ပြီး ကစားသမားတွေရဲ့ တန်ကြေးလည်းမြင့်မားလာမှာဖြစ်ပါတယ်။

## Magic Adventure

Size - 34M
Current Version 1.0.1
Requires Android 2.3 and up



ရှာဖွေရေးဂိမ်းတွေကိုစိတ်ပါဝင်စားတဲ့သူတွေအတွက်ဒီဂိမ်းလေးက ကောင်းမွန်စွာဖျော်ဖြေပေးနိုင်ပါတယ်။ ဂိမ်းရဲ့ပုံစံက ပျောက်နေတဲ့အရာဝတ္ထုတွေကိုရှာဖွေပေးရမှာဖြစ်ပြီး ရှာတွေ့ထားတဲ့ပစ္စည်းတွေကိုသေတ္တာလေးထဲမှာ သိမ်းဆည်းရမှာဖြစ်ပြီး မိမိရှာထားတဲ့ပစ္စည်းဟာ ပျောက်နေတဲ့ပစ္စည်းစာရင်းမှာပါလား၊ မှားလား မှန်လားဆိုတာလည်း တိုက်ဆိုင်စစ်ဆေးရမှာဖြစ်ပါတယ်။ အကယ်၍ မိမိရှာဖွေထားတဲ့ပစ္စည်းက ပျောက်ဆုံးစာရင်းမှာမပါဝင်ဘူးဆိုရင် Mission အောင်မြင်မှာမဟုတ်ပါဘူး။ ပျောက်ဆုံးစာရင်းမှာပါဝင်တယ်။ မှန်လည်းမှန်တယ်ဆိုရင်တော့လက်ဆောင်တွေရမှာဖြစ်ပြီးနောက်ထက်ခက်ခဲတဲ့အခန်းကိုသွားရောက်ရှာဖွေရမှာဖြစ်ပါတယ်။

## Aircraft Combat 1942

Size - 48M
Current Version 1.0.3
Requires Android 2.3 and up




ဒီဂိမ်းကဖြစ်ရပ်မှန်ဇာတ်လမ်းကိုအခြေပြုပြီးရေးဖွဲ့ရိုက်ကူးထားတဲ့ရုပ်ရှင်ဇာတ်ကားကိုအခြေပြုပြီး ဖန်တီးထားတဲ့ဂိမ်းဖြစ်ပါတယ်။ ဒီဂိမ်းထဲမှာ ၁၉၄၂ ခုနှစ်ကပုံရိပ်တွေကိုပြန်လည်ခံစားရမှာဖြစ်ပြီး မိမိက လေယာဉ်မှူးတစ်ဦးအနေနဲ့ဝင်ရောက်ကစားရမှာဖြစ်ပါတယ်။ ရုပ်ထွက်အရည်အသွေးက သုံးဖက်မြင်ရုပ်ကြွဒီဇိုင်းနဲ့မြင်ရမှာဖြစ်ပါတယ်။ 17ww2 ဆိုတဲ့ဂျပန်ခေတ်ဂျက်တိုက်လေယာဉ်ကို မောင်းနှင်ရမှာဖြစ်ပြီး ရန်သူတပ်တွေကိုဝေဟင်မှရှင်းလင်းဖယ်ရှားရမှာဖြစ်ပါတယ်။ ဝေဟင်မှ မြေပြင်သို့ပစ်ခတ်ရတာတွေရှိပြီး ဝေဟင်ပေါ်တွင်လည်း ပစ်ခတ်ရတာတွေရှိပါမယ်။ ဖြစ်ရပ်မှန်ရာဇဝင်ဂိမ်းဖြစ်တဲ့အတွက် တစ်ချိန်ကဖြစ်ပျက်ခဲ့တဲ့အကြောင်းအရာတွေကို ဂိမ်းကစားရင်းပြန်လည်မြင်ရတော့မှာဖြစ်ပါတယ်။



# DIGITAL APPS

## Myanmar Car : Buy-Sell-Rent

Size - 5.6M
Current Version 3.0
Requires Android 4.0 and up

ကား mmCar

ကားရောင်းလိုသလား၊ကားဝယ်လိုသလား။ ဒီ APP ထဲမှာဝင်ရောက်ရှာဖွေလိုက်ရုံပါပဲ။ ကားရောင်းဝယ်နဲ့ပတ်သက်တဲ့သတင်းတွေ၊ ကိုယ်အကြိုက်ဆုံးကားရဲ့သတင်းတွေ၊ သွားရင်းလာရင်း ကားငှားဖို့အခြေအနေတွေဖြစ်လာရင် ဒီ APP ကကူညီပေးနိုင်ပါတယ်။ ဒါတွေတင်မကသေးပါဘူး။ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနရဲ့ထုတ်ပြန်ချက်တွေ၊ သတင်းတွေကိုလည်ဖတ်ရှုနိုင်ပါသေးတယ်။ ကားရောင်းဝယ်ခြင်းသတင်းတွေသာမက အခြားသောအင်တာနက်ဝက်ဘ်ဆိုက်တွေကိုလည်း ဒီ App ကနေတိုက်ရိုက် ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## Myanmar Job : Myanmar Work

Size - 5.6M
Current Version 2.0
Requires Android 4.0 and up

အလုပ် mmJob

အလုပ်မရှိလို့စိတ်ညစ်နေလား။ အလုပ်ရှာဖို့ရောအခက်တွေ့နေလား။ ဖုန်းတစ်လုံးရှိရုံဖြင့်နေရာစုံကအလုပ်ခေါ်စာတွေ မိမိအရှေ့ကိုရောက်လာစေမယ့် App ပဲဖြစ်ပါတယ်။ ပြည်တွင်း၊ပြည်ပကလုပ်ငန်းလိုအပ်ချက်အရခေါ်ယူနေတဲ့ ဝန်ထမ်းနေရာတွေ၊ လစ်လပ်နေရာတွေကို ဂျာနယ်တွေ၊ ဝက်ဘ်ဆိုက်တွေမှာခဲရာခဲဆစ်ရှာဖွေနေဖို့ မလိုအပ်တော့ပါဘူး။ ဒီ App ရှိရုံနဲ့ အလုပ်ခေါ်တဲ့နေရာတွေကိုသိနိုင်ပါပြီ။ ဝန်းထမ်းနေရာခေါ်ယူတဲ့ကုမ္ပဏီ၊ ကုမ္ပဏီတည်နေရာ၊ ဆက်သွယ်ရမယ့်ဖုန်းနံပါတ်တွေအပြင် အဲဒီခေါ်ယူနေတဲ့ကုမ္ပဏီအထိသွားပြီးလျှောက်လွှာကိုတင်စရာမလိုအောင် ဒီ App ကကူညီပေးမှာပါ။ အချိန်ကုန်ငွေကုန်သက်သာပြီးထိရောက်မှုရှိတဲ့ အလုပ်ရှာ App ပဲဖြစ်ပါတယ်။

ယခုဖော်ပြခဲ့သော Application များအားလုံးကို Google Play Store မှာ အခမဲ့ Download ရယူနိုင်ပါတယ်။





## 01 909 Spy Keychain Cameras

ပုံမှန်အသုံးပြုနေကျ keychain လေးတစ်ခုလို အမြဲသယ်ဆောင်သွားနိုင်ပြီး လိုအပ်တဲ့မှတ်တမ်းမှတ်ရာများကို spy တစ်ယောက်အနေနဲ့ မှတ်တမ်းတင်ပြုစုနိုင်ဖို့အတွက် အသစ်ထွက်ရှိလာတဲ့ Keychain camera လေးပဲဖြစ်ပါတယ်။ ပုံရိပ်ရဲ့ Resolution ကို 720×480 ကြည်လင်ပြတ်သားတဲ့ရုပ်သံများဖြင့် photo, movies နှစ်မျိုးလုံးကို စိတ်ကြိုက်ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ Micro SD card ကို 2GB မှ 16 GB ထိထည့်သွင်းအသုံးပြုနိုင်ပါတယ်။ Video format ကို AVI format ဖြင့် သိမ်းဆည်းပေးမှာမို့ ရိုက်ကူးသမျှကို မည်သည့် phone, tablet, laptop computer etc စတဲ့ device မျိုးစုံဖြင့်ပြန်လည်ချိတ်ဆက်ပြီး ပြန်လည်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။

**Price - 15800 Ks ,** Contact : F@X Engineering and Electric
Ph-252627 , 09-91039206

## 03 New Product Mobile C80

SP မှ အသစ်ထွက်ရှိလာတဲ့ USB Type-C နှင့် USB Type -A စံနှုန်းနဲ့ ချိတ်ဆက်ထားသော Dual USB drive Mobile C80 ပဲဖြစ်ပါတယ်။ USB Type-C က Devices တွေကြား Data နှင့် Power နှစ်မျိုးကို ပို့ဆောင်ပေးနိုင်သည့်အပြင် အချက်အလက်များကို ရှင်လင်းစွာဖြင့် Devices တစ်ခုနှင့်တစ်ခု Data ကျယ်ကျယ်ပြန့်ပြန့် ဆက်သွယ်ပေးနိုင်သော USB connector ရဲ့နောက်ထပ်မျိုးဆက်တစ်ခုလည်းဖြစ်ပါတယ်။ Mobile C80 အပါးဒီဇိုင်းဖြစ်ပြီး လိုအပ်သလို ရှေ့ဘက်နောက်ဘက် ချိတ်ဆက်ဆောင်ရွက်နိုင်စေပါသည်။ Type-C အသင့်ပါရှိပြီးတာ smartphones, tablets နှင့် notebook မှာ data သိမ်းဆည်းဖို့နေရာလိုအပ်ချက်များကို Mobile C80 က အပြည့်အဝ ဆောင်ရွက်ပေးနိုင်ပါတယ်။

**Price - 16GB = 16,900 ks , 32GB = 24,000 ks,**
Contact - Golden Power Technology , Ph : 01-2304848~52



## 02 Universal Wireless Charger

ပြည်တွင်းသို့အသစ်ထွက်ရှိလာသော ဖုန်းတိုင်းနှင့်တွဲဖက်အသုံးပြုနိုင်စေသော Wireless Charger ပဲဖြစ်ပါတယ်။ ဒီဇိုင်းပိုင်းများတွင်လည်းဆန်းသစ်ပြီး ဖန်ကြည်ပြားလေးဖြင့် လုပတဲ့ Wireless Charger လေးတွင် မည်သည့် Android Phone နှင့်မဆိုတွဲဖက်၍ ကြိုးထိုးစရာမလိုပဲ အပြားလေးပေါ်တင်၍ Wireless Charging ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ Charging သွင်းစဉ်ဖုန်းလာသည့် အခါမျိုးများတွင် ကြိုးအားဆွဲဖြုတ်စရာမလိုပဲ အသာအယာကောက်ကိုင်၍ Phone ပြောဆိုနိုင်သော Smart Wireless Charger ဖြစ်ပါတယ်။

**Price - 16,500 Ks,** Contact -Harrier Mobile, Ph-09-979987611

## 04 iPhone 6 & 6S Plus Cover Power Bank

iPhone 6 & 6S Plus User များအတွက် ဖုန်း Battery အား နှစ်ဆခံနိုင်စေရန်နှင့် သယ်ဆောင်ရလွယ်ကူသော Cover စွပ်လိုက်ရုံဖြင့် Power Bank ဖြစ်သော Cover Power Bank လေးပဲဖြစ်ပါတယ်။ တပ်ဆင်ရလွယ်ကူစေပြီး အလွယ်တကူ အဖြုတ်အတပ်ပြုလုပ်၍လည်းရပါတယ်။ ခရီးဝေးသွားလာသူများနှင့် ပါဝါများများလိုအပ်သူများအတွက် သင့်တော်စေပြီး နောက်ထပ်ဖုန်းအား တစ်ကြိမ်ခွဲခန့်အားပြန်သွင်းပေးနိုင်စေမှာဖြစ်ပါတယ်။ မိမိ Phone အားနည်းနေချိန်မှ ထို Cover အားစွပ်ထား၍ အားပြန်သွင်းရင် Phone ပြောနိုင်ပြီး အားပြည့်လျှင်ဖြုတ်၍ သိမ်းထားနိုင်စေမှာဖြစ်ပါတယ်။

**Price - 45,000 Ks,** Contact-Harrier Mobile , Ph-09-979987611



## 05 OTG Samsung Memory Stick

ကိုယ်ရဲ့အရေးကြီးတဲ့ Data တွေကို လျှင်လျှင်မြန်မြန်နဲ့ ကူးပြောင်းအသုံးပြုနိုင်ရုံမက OTG အသုံးပြုနိုင်သော phone/ tablet နှင့် computer များမှာပါ အသုံးပြုနိုင်မယ့် Stick လေးပဲဖြစ်ပါတယ်။ USB 2.0 hight speed နဲ့ အလုပ်လုပ်ပေးမှာဖြစ်ပါတယ်။ ဒီ stick ကို အလွယ်တကူမပျက်စီးရလေအောင် body ကို Metal ဖြင့်ပြုလုပ်ပေးထားတာမို့ အကြမ်းခံပြီး ယုံကြည်စိတ်ချစွာအသုံးပြုနိုင်မှာပဲဖြစ်ပါတယ်။ storage capacity အနေဖြင့် 16 GB, 32 GB နှစ်မျိုး ရှိပါတယ်။ windows Vista, windows 7, window 8, Mac OS Xv10.5+ နှင့် Andriod တွေမှာ အသုံးပြုလို့ရစေမှာဖြစ်ပါတယ်။

**Price - 16 GB - 6,500 Ks / 32 GB -8,500 Ks ,**
Contact - F@X Engineering and Electric , Ph -252627, 09-91039206



# APP အသုံးပြုမှုလမ်းညွှန်

# ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေမယ့် The Rock Clock

*ဖျော်ဖြေရေး နယ်ပယ်သမားဘဝကနေ Hollywood ရဲ့ ကြယ်ပွင့်ဖြစ် လာတဲ့ မင်းသား Dwayne "The Rock" Johnson က စိတ်ဓာတ်မြှင့်တင်ပေးတဲ့ App တစ်ခုကို ဖြန့်ချိလိုက်ပါတယ်။ The Rock Clock လို့ အမည်ပေးထားပြီး Alarm လည်းပါရှိပါတယ်။ အခြား Alarm App များနဲ့ ကွာခြားချက်က Snooze လုပ်လို့မရတာ ဖြစ်ပါတယ်။ သတ်မှတ်ချိန်မှာ အိပ်ယာကနေ မဖြစ်မနေထဖို့ ရည်ရွယ်ထားတာပါ။ App မှာ ရည်မှန်းချက် သို့မဟုတ် Project များကို သတ်မှတ်နိုင် ပါတယ်။ ဝိတ်ချဖို့၊ ဘာသာစကားအသစ် သင်ကြားဖို့၊ ကာယဗလတိုးတက်ဖို့၊ ရာထူးတိုးဖို့ စတဲ့ အသင့်ပြုလုပ် ပေးထားတဲ့ Project များလည်းပါပါတယ်။ နေ့စဉ်နေ့တိုင်း Dwayne "The Rock" Johnson ရဲ့ စိတ်ဓာတ်မြှင့်တင်တဲ့ Message များကိုလည်း ဖတ်ရှုနိုင်ပါတယ်။ The Rock နဲ့အတူ နေ့တိုင်းအိပ်ယာထဖို့အတွက် သူအိပ်ယာထတဲ့အချိန်ကိုလည်း Alarm မှာ ပြသပေးထားပါတယ်။*




The Rock Clock ကို ဖွင့်ရင် သူ့အကြောင်းကို မိတ်ဆက်မှာပါ။ ညာဘက်ကနေ ဘယ်ဘက်သို့ ပွတ်ဆွဲပြီးကြည့်ပါ။ နောက်ဆုံးစကရင်မှာ Let's do this ကို နှိပ်ပါ။ နောက်အဆင့်မှာ စီမံကိန်းအမည်ကို သတ်မှတ်ပေးပါ။ အသင့်ပြုလုပ်ပေးထားတဲ့ စီမံကိန်းများကို အသုံးပြုချင်ရင် Example Projects ထဲသွားပါ။ Next နှိပ်ပါ။




နောက်အဆင့်မှာ ရည်မှန်းချက် ပြီးမြောက်ရမယ့်နေ့ရက်ကို သတ်မှတ်ပေးပါ။ Next နှိပ်ပါ။




ပြီးရင်တော့ Alarm သတ်မှတ်တဲ့ စကရင်ကို ရောက်မှာပါ။ အချိန်သတ်မှတ်ပေးပါ။ Classic Alarm ထဲသွားပြီး Alarm Tones များကို ရွေးချယ်နိုင်ပါတယ်။ The Rock အသံနဲ့ Alarm Tones များလည်းပါပါတယ်။ ပြီးရင် Save ကို နှိပ်ပါ။




Home Screen မှ Rock Time ကတော့ The Rock အိပ်ယာထတဲ့အချိန်ဖြစ်ပါတယ်။ သူနဲ့အတူ အိပ်ယာထချင်ရင် ခလုတ်ကို On ပေးပါ။

Home Screen ထိပ်မှ Play Button ကို နှိပ်ရင် The Rock ရဲ့ စိတ်ဓာတ်မြှင့်တင်တဲ့ Video Message ကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။







The Rock Clock ဟာ အောင်မြင်ကျော်ကြားနေတဲ့ အထင်ကရ ပုဂ္ဂိုလ်တစ်ယောက်က တီထွင်ဖန်တီးထားတာဖြစ်ပါတယ်။ The Rock ဟာ သူအောင်မြင်နေသလိုပဲ လူတိုင်းကို အောင်မြင်စေချင်တဲ့အတွက် ဒီ App ကို အခမဲ့ ဖြန့်ချိတယ်လို့ထင်ရပါတယ်။ ဘဝမှာ အောင်မြင်ချင်သူများအတွက် အသုံးဝင်ပါတယ်။ ဖိုင်အရွယ်အစား 38MB ရှိပြီး Android 4.1 နဲ့ သူ့အထက်မှာ အသုံးပြုနိုင်ပါတယ်။ အောက်ပါ Link မှာ ရယူနိုင်ပါတယ်။

*https://goo.gl/eh3QjM*

## ဖုန်းသုံးစွဲခြင်းလမ်းညွှန်

# စမတ်ဖုန်းမှာ မိသားစု ဓာတ်ပုံ Album များလုပ်မယ်

*မကြာမီက ထွက်ရှိခဲ့တဲ့ Google Photos Application မှာ မိသားစုဝင်များ၊ သူငယ်ချင်းများရဲ့ ဓာတ်ပုံများကို စုပေါင်း သိမ်းဆည်းထားနိုင်တဲ့စွမ်းရည်ပါရှိလာပါတယ်။ အဲဒီစွမ်းရည်ကတော့ Shared Album လို့ခေါ်ပါတယ်။ အဲဒီ Album ထဲမှာ သင်ရဲ့ ဓာတ်ပုံတစ်ခုကို သိမ်းလိုက်ရင် သင့်မိသားစုဝင်များရဲ့ ဖုန်းထဲကို အလိုလို ရောက်သွားမှာဖြစ်ပါတယ်။ သင့်မိခင်က သူ့ဖုန်းကနေ အဲဒီ Album ထဲမှာ ဓာတ်ပုံတစ်ခုကို သိမ်းလိုက်ရင် သင့်ဖုန်းမှာ အလိုလိုပေါ်လာမှာဖြစ်ပါတယ်။ Shared Album များကို ဖုန်းများကနေသာမက PC များကနေ photos.google.com ကိုသွားပြီး ပြုလုပ်နိုင်ပါတယ်။ ဒီ Tutorial မှာ ဖုန်းကနေ Shared Album ပြုလုပ်နည်းကို ရေးသားပေးလိုက်ပါတယ်။*




Google Photos ကို ဖွင့်ပါ။ ညာဘက်အပေါ်ထိပ်မှ + Button ကို နှိပ်ပါ။ Shared album ကို နှိပ်ပါ။

ဓာတ်ပုံများကို ရွေးချယ်ပြီး Create ကို နှိပ်ပါ။







ပြီးရင် ညာဘက်အပေါ်ထောင့်မှ ဒေါင်လိုက်အစက်သုံးစက်ကို နှိပ်ပါ။ Share ကို ရွေးပေးပါ။




Get Link ကို နှိပ်ပါ။ သင့် မိသားစုဝင်များထံ Messenger, Email များကနေ Paste လုပ်ပြီး ပေးပို့ပါ။

သင့်ရဲ့ မိသားစုဝင်များက Link ကိုနှိပ်ရင် သူတို့ရဲ့ ဖုန်းမှ Google Photos ထဲမှာ Shared Album ကို သိမ်းပေးမှာပါ။ Shared Album များကို ကြည့်ဖို့အတွက် ဘယ်ဘက်အပေါ်ထိပ်မှ အလျားလိုက်မျဉ်းကြောင်းသုံးခုကိုနှိပ်ပါ။ Menu ပေါ်လာရင် Shared Albums ကို ရွေးပေးပါ။



# A TIMELINE OF FIRSTS

## 1998



ကမ္ဘာ့ပထမ ဆုံး
Digital TV

Samsung Electronics မှ ကမ္ဘာ့ပထမဆုံး digital TV ကို ပမာဏများစွာဖြင့် စတင်ထုတ်လုပ်

## 2004



ကမ္ဘာ့အကြီးဆုံး
LCD TV (46")

Samsung ၏ 46" LCD TV ကို USD 13,400 ဖြင့် မိတ်ဆက်ပွဲ ၌ ရောင်းချ

## 2008



ကမ္ဘာ့ပထမဆုံး
Dual-Color Bezel

Samsung ၏ ထူးခြားဆန်းသစ်သည့် Touch of Color TV တွင်ပါဝင်သည့် dual-color bezel သည် ကြည့်ရှုသည့် ထောင့် နှင့် အလင်းအနေအထား ပေါ်တွင်မူတည်၍ပြောင်းလဲနိုင်

## 2009



ကမ္ဘာ့အပါးလွှာဆုံး TV

Samsung မှ 29.9 mm အထူသာရှိသည့် ကမ္ဘာ့ပထမဆုံး edge-type LED TV ကို ထုတ်ဖော်ပြသ

## 2010



ကမ္ဘာ့ပထမဆုံး App Store ပါဝင်သည့် TV

Samsung မှ TV နှင့် မိုဘိုင်းကိရိယာများတွင် အသုံးပြုနိုင်သည့် ကမ္ဘာ့ပထမဆုံး multi-device application store ဝန်ဆောင်မှုကို စတင်မိတ်ဆက်ခဲ့

## 2010



ကမ္ဘာ့ပထမဆုံး FHD 3D TV

ကြည့်ရှုခြင်း အတွေ့အကြုံ ကို ပိုမို နက်ရှိုင်းစေသည့် 3D ပုံရိပ် များ ကို မိမိအိမ်၌ပင် ကြည့်ရှု နိုင်ရန် Samsung မှ စတင်ယူဆောင်

## 2013



ကမ္ဘာ့ပထမဆုံး Curved TV

Samsung မှ စွဲမက်ဖွယ်ကောင်းသည့် ကွေးသောမျက်နှာပြင် ကို ထပ်မံတီထွင်ပြီး နေ့စဉ်ကြည့်ရှုခြင်း အတွေ့အကြုံကို အသစ်တစ်ဖန် မွေးဖွား

## 2014



ကမ္ဘာ့ပထမဆုံး
ကွေးနိုင်သည့် UHD TV

Samsung မှ သုံးစွဲသူများ အလိုရှိသည့်အတိုင်း ကွေးရာမှ ဆန့်နိုင်သည့် ကမ္ဘာ့ပထမဆုံး TV ကို ထုတ်ဖော်ပြသ

## 2014



ကမ္ဘာ့အကြီးဆုံး
Curved UHD TV

Samsung မှ CES တွင် ၎င်းတို့၏ စွမ်းဆောင်ရည်မြင့်သော Curved UHD TVs Serie များ နှင့် လူအများ၏စိတ်ဝင်စားမှု ကို ရရှိခဲ့



## 2016

ကမ္ဘာ့ပထမဆုံး ဓာတုကင်းစင်ပြီး 10-bit Quantum dot display ဖြင့် ပြုလုပ်ထားသည့် SUHD TV

Samsung ၏ 2016 SUHD TV သည် ဓာတုကင်းစင်ပြီး 10-bit Quantum dot displayဖြင့်ပြုလုပ်ထားသောကြောင့် ကြည့်ရှုသူများအား အတောက်ပဆုံး နှင့် ကောင်းမွန်သော အရောင်အရည်အသွေး များကို ပေးစွမ်းနိုင်

SAMSUNG

# Lenovo နှင့် Motorola တို့မှ TheaterMax နည်းပညာကိုမိတ်ဆက်




Lenovo နှင့် Motorola အနေဖြင့် Virtual Reality (VR)နည်းပညာအတွက် အဆုံးမရှိခံစားနိုင်စေမည့် TheaterMax နည်းပညာကို မြန်မာနိုင်ငံတွင် မေလ (၁၀)ရက်နေ့က စတင်ဖော်ထုတ်မိတ်ဆက်လိုက်ပြီဖြစ်ကြောင်းသိရသည်။ အဆိုပါနည်းပညာသည် မည်သည့်မာလ်တီမီဒီယာအကြောင်းအရာကိုမဆို VR ဖြင့်ကြည့်ရှုခံစားနိုင်ရန်အတွက် ပြောင်းလဲပေးနိုင်သည့်နည်းပညာဖြစ်ပြီး VR Headset မှကြည့်ရှုခံစားသည့်အခါ ရုပ်ရှင်ရုံတွင် ကြည့်ရှုရသည့်အတွေ့အကြုံကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်းသိရသည်။

TheaterMax နည်းပညာနှင့်အတူ အဆိုပါအတွေ့အကြုံကို ဆောင်ကျဉ်းပေးနိုင်သည့် ကမ္ဘာ့ပထမဆုံး စမတ်ဖုန်းများဖြစ်သည့် Lenovo မှ VIBE X3, VIBE K4 Note, VIBE K5 Plus, VIBE S1Lite, VR နှင့် Motorola မှ Moto X Force, Moto X Style, Moto X Play, Moto G, Moto 360 Smart Watch တို့ကိုလည်း ဈေးကွက်သို့မိတ်ဆက်ခဲ့သည်။ "ယနေ့ကာလမှာဒစ်ဂျစ်တယ် အကြောင်းအရာတွေရဲ့ ၅၀ ရာခိုင်နှုန်းကျော်ကို မိုဘိုင်းလ်ပစ္စည်းတွေအပေါ်ကနေသုံးစွဲနေကြတာဖြစ်ပြီး စမတ်ဖုန်းတွေဟာသုံးစွဲ သူတွေ ရဲ့ အဓိကပုဂ္ဂလိကဖျော်ဖြေရေးပစ္စည်းတွေအဖြစ် ဆက်လက်တည်ရှိနေပါတယ်။ အနာဂတ်မှာဒီအချိုးအစားဟာ ပိုပြီးတိုးတက်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ နောက်ပြီးပိုမိုသစ်လွင် ခေတ်မီတဲ့ လုပ်ဆောင်ချက်တွေလည်း ဒါနဲ့အတူတိုးတက်လာဦးမယ်လို့ မျှော်မှန်းမိပါတယ်။ Lenovo VR ကနေလုပ်ဆောင်တဲ့ Lenovo TheaterMax ဟာ အဆင့်မြင့်စမတ်ဖုန်းတွေအနေနဲ့ သုံးစွဲသူတွေရဲ့ လိုအပ်ချက်ကို အရမ်းသင့်တော်တဲ့ဈေးနှုန်းအနေအထားနဲ့ ပေါ်ထွက်လာစေဖို့ကိုပံ့ဖော်မယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ကတိပြုချက်ကို ပိုပြီးခိုင်မာစေပါတယ်"ဟု Lenovo မှ Mr. Dillon Ye, Vice President (Asia Pacific SmartphoneSales) က ပြောကြားခဲ့သည်။ TheterMax သည် စမတ်ဖုန်းကတစ်ဆင့်တွေမြင်ခံစားနိုင်မည့် မြင်ကွင်းထက်သာလွန်ကောင်းမွန်သည့် ရသသုံးမျိုး - စူးစမ်းမှု၊ ကြည့်ရှုခြင်းနဲ့ အပြန်အလှန်ဆက်ဆံခြင်းတို့ကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

## HTC က One M9 Prime Camera Edition ကို ဥရောပမှာ ရောင်းချ



HTC က ပိုလန်မှာ HTC One M9 Prime Camera Edition ကို ရောင်းချပေးလိုက်ပါတယ်။ HTC က မကြာခင်က One အမည်ဖယ်ရှားထားတဲ့ စွမ်းဆောင်ရည်မြင့် HTC 10 စမတ်ဖုန်းကိုလည်း မိတ်ဆက်ခဲ့ပါသေးတယ်။ HTC One M9 Prime Camera Edition ဟာ ယခင်နှစ်ထုတ် One M9 ရဲ့ မျိုးဆက်ဖြစ်ပြီး ဒီဇိုင်းအပိုင်းမှာလည်းဆင်တူပါတယ်။

ဥပမာအားဖြင့် အနောက်ဘက်မှာ Optical Image Stabilization နည်းပညာပါတဲ့ 13MP Camera တပ်ဆင်ထားပါတယ်။ 2.2GHz Octa-Core Cortex-A53 CPU တပ်ဆင်ထားတဲ့ MediaTek Helio X10 ကို ထည့်သွင်းထားပါတယ်။ ဒါပေမယ့် RAM နဲ့ Storage အပိုင်းမှာ လျှော့ချထားပါတယ်။ HTC One M9 Prime Camera Edition မှာ 2GB RAM, 16GB Storage ပါရှိပါတယ်။

အခြား Specification များမှာ တူညီပါတယ်။ ၅ လက်မ Full HD Display, UltraPixel Front Camera, 2840mAh Battery တပ်ဆင်ထားပါတယ်။ ပိုလန်မိုဘိုင်းလ်အော်ပရေတာ Play ကနေ တစ်လလျှင် ၂၂.၇ ဖြင့် အရစ်ကျရောင်းချပေးနေပါတယ်။

## HTC က Desire 830 ကို မိတ်ဆက်



HTC က တရုတ်(တိုင်ပေ)မှာ Desire 830 ကို မိတ်ဆက်လိုက်ပါတယ်။ စွမ်းဆောင်ရည်သင့် စမတ်ဖုန်းဖြစ်ပြီး ပလတ်စတစ်ကိုယ်ထည်တပ်ဆင်ထားပါတယ်။ အသံစွမ်းရည်ကောင်းမွန်တဲ့ BoomSound စပီကာများကို မျက်နှာပြင်ရဲ့အထက်နဲ့ အောက်မှာ တပ်ဆင်ထားပါတယ်။ မျက်နှာပြင်ကတော့ ၅.၅ လက်မ Full HD Display ဖြစ်ပါတယ်။

HTC Desire 830 မှာ 1.5GHz Octa-Core CPU ပါရှိတဲ့ MediaTek Helio X10 Chipset ထည့်သွင်းထားပါတယ်။ 3GB RAM? 32GB Internal Storage ထည့်သွင်းထားပါတယ်။ 128GB အထိဝင်ဆံ့တဲ့ microSD Card ကို အသုံးပြုနိုင်ပါတယ်။

အနောက်ဘက်မှာ 13MP Camera နဲ့ အရှေ့ဘက်မှာ 4MP Camera တပ်ဆင်ထားပါတယ်။ 2800mAh Battery တပ်ဆင်ထားပြီး တရုတ်(တိုင်ပေ)မှာ ဒေါ်လာ ၃၁၀ ဖြင့် မေလ ၆ ရက်နေ့မှာ ရောင်းချပေးခဲ့ပါတယ်။ အခြားနိုင်ငံများမှာ ရောင်းချမယ့်သတင်းကိုမသိရသေးပါဘူး။

## Lenovo ရဲ့ တန်ဖိုးနည်း Vibe C လာမည်



Lenovo က လာမယ့်ရက်ပိုင်းအတွင်းမှာ တန်ဖိုးနည်း 4G LTE စမတ်ဖုန်း အသစ်တစ်လုံးကို ရောင်းချတော့မှာဖြစ်ပါတယ်။ Lenovo Vibe C လို့ အမည်ပေးထားပြီး အဖြူနဲ့ အနက်ရောင် နှစ်မျိုး ထုတ်လုပ်ပေးထားမှာဖြစ်ပါတယ်။

Lenovo Vibe C မှာ ၅ လက်မ 854×480 Pixels Display တပ်ဆင်ထားမှာဖြစ်ပါတယ်။ 1.1GHz 32-Bit Snapdragon 210 Quad-Core Processor မောင်းနှင်မှာဖြစ်ပါတယ်။ 1GB RAM, 8GB/16GB Internal Storage များတပ်ဆင်ထားမှာဖြစ်ပါတယ်။ 32GB အထိဝင်ဆံ့တဲ့ microSD Card ကို အသုံးပြုနိုင်ပါတယ်။ Android 5.1 Lollipop ကို Vibe UI နဲ့ ပေါင်းစပ်ထားပါတယ်။ 2300mAh Battery ထည့်ပေးထားပါတယ်။

အနောက်ဘက်မှာ 5MP Camera ကို LED Flash နဲ့ တွဲဖက်ထားပါတယ်။ အရှေ့ဘက်မှာ 2MP Camera ပါရှိပါတယ်။ Dual SIM Phone ဖြစ်ပါတယ်။

## Lenovo ZUK Z1 ကို မေလ ၁၀ ရက်နေ့တွင် အိန္ဒိယမှာ ရောင်းချ



Lenovo ZUK Z1 ကို အိန္ဒိယမှာ မေလ ၁၀ ရက်နေ့တွင် ရောင်းချမယ်လို့ ကုမ္ပဏီက Facebook မှာ ကြေညာလိုက်ပါတယ်။ တရုတ်မှာတော့ အဲဒီစမတ်ဖုန်းကို ဒေါ်လာ ၂၈၅ နဲ့ ရောင်းချပေးခဲ့တာဖြစ်ပါတယ်။

Lenovo ZUK Z1 မှာ ၅.၅ လက်မ Full HD Display တပ်ဆင်ထားပြီး Android 5.1.1 မောင်းနှင်မှာဖြစ်ပါတယ်။ Android Marshmallow ကို အဆင့်မြှင့်နိုင်ပါတယ်။ Qualcomm Quad-Core Snapdragon 801 Chipset မောင်းနှင်မှာ ဖြစ်ပါ တယ်။ 64GB Storage, 3GB RAM ထည့်သွင်းထားပါတယ်။

အနောက်ဘက်မှာ 13MP Camera နဲ့ အရှေ့ဘက်မှာ 8MP Camera တပ်ဆင်ထားပါတယ်။ 4100mAh Battery ပါရှိပါတယ်။ အဖြူနဲ့ အညိုရောင်များ ရွေးချယ်နိုင်ပါတယ်။

# LG Inverter Air Conditioner BS-Q 096 WXA3 (1Hp)



မီတာခကို ၆၀% အထိသက်သာစေသော LG Invert V Technology ပါဝင်သော LG Standard Inverter V Air Conditioner ဖြစ်ပါတယ်။ Active Energy Control စနစ်ကအခန်းတွင်းရှိ လူဦးရေနှင့် လှုပ်ရှားမှုပေါ် မူတည်၍ စွမ်းအင်နှင့်ငွေကြေးကုန်ကျမှုပမာဏကို သက်သာစေပါသည်။ လေထုအတွင်းရှိ လူကိုအန္တရယ်ဖြစ်စေတတ်သော ဖုန်မှုန့်၊ မှိုနှင့်ဘက်တီးရီးယားများကိုဖယ်ရှားသန့်စင်ရန်အတွက် မရှိမဖြစ် ကာကွယ်ရေးပစ္စည်းဖြစ်သော anti Baterial air filter စနစ်လည်းထည့်သွင်းထားပါသည်။ ထို့အပြင် Fresh Dry ပါဝင်သောကြောင့်စိုထိုင်းမှုမရှိဘဲ အစဉ်အမြဲအေးမြလန်းဆန်းနေစေမှာပါ။ LG ၏ တစ်မူထူးခြားသော microprocessor မှအလိုအလျောက်ထိန်းညှိပေးခြင်းဖြင့် ညဖက်အိပ်စက်ချိန်အတွင်း လူ့ခန္ဓာကိုယ်အပူချိန်နှင့် လိုက်လျောညီထွေဖြစ်အောင် အခန်းအပူချိန်ကို တစ်ဆင့်ချင်းစီမြင့်တင်ပေးပြီး လေအေးဖြန့်ဝေမှုအရှိန်ကိုလည်း အနိမ့်ဆုံးထိရောက်အောင် အလိုအလျောက် လျှော့ချပေးမှာဖြစ်ပါတယ်။ Touch Soft Air က လေအေးကို တိုက်ရိုက်ခံစားလိုသူနဲ့ လေအေးကိုမကြိုက်နှစ်သက်သူတွေအတွက် စိတ်ကြိုက်ရွေးချယ်နိုင်မှာပါ။ တန်ဖိုး ၄၅၉,၀၀၀ ကျပ်ဖြင့် LG Showroom ဖုန်း ၀၁-၂၅၄၆၆၁ သို့ဆက်သွယ်၍ဝယ်ယူနိုင်ပါသည်။

# LG Myanmar မှ အခမဲ့ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးမည်

LG Myanmar မှ "အခမဲ့ကျန်းမာရေးစစ်ဆေးစို့" ဟူသောခေါင်းစဉ်ဖြင့် အခမဲ့ကျန်းမာရေးစစ်ပေးခြင်းအခမ်းအနားကို ၂၀၁၆ ခုနှစ် မေလ (၁၄)ရက်နေ့နှင့် (၁၅)ရက်နေ့များတွင် နံနက်(၉)နာရီမှ ညနေ (၄း၃၀) နာရီအထိ မော်လမြိုင်မြို့ (ပြည်နယ်ခန်းမ)တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ယင်းအခမ်းအနားတွင် အခမဲ့ဆေးစစ်ပေးခြင်း၊ဆေးဝါးများအခမဲ့ဖြန့်ဝေပေးခြင်း၊လူရွှင်တော်များ၏ပျော်ရွှင်ဖွယ်ရာပျက်လုံးများဖြင့်တင်ဆက်ပေးခြင်း၊ နေ့လည်စာဖြင့်တည်ခင်းဧည့်ခံခြင်း၊ ပျော်ရွှင်စရာဂိမ်းကစား၍အမှတ်တရ လက်ဆောင်များပေးခြင်း၊ ကိုရီးယားဝတ်စုံများ ဝတ်ဆင်၍အမှတ်တရဓာတ်ပုံများရိုက်ကူးခြင်း၊ကဲစမ်းမဲလက်ဆောင်များကို မဲဖောက်ပေးခြင်းစသည့်အစီအစဉ်များကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။




# LG Stylo 2 ကို အမေရိကန်မှာ ရောင်းမည်

LG က Stylo 2 စမတ်ဖုန်းကို အမေရိကန်မိုဘိုင်းလ်အော်ပရေတာတစ်ခုဖြစ်တဲ့ AT&T ကနေ ရောင်းချပေးတော့မှာဖြစ်ပါတယ်။ မေလ ၁၃ ရက်နေ့မှာ စတင်ရောင်းချပေးမှာဖြစ်ပါတယ်။ ဒေါ်လာ ၁၆၉. ၉၉ သတ်မှတ်ထားပြီး စွမ်းဆောင်ရည်သင့် စမတ်ဖုန်းဖြစ်ပါတယ်။ ဒါပေမဲ့ ဒစ်ဂျစ်တယ်ဘောပင်ပါရှိတာက စွမ်းဆောင်ရည်သင့် စမတ်ဖုန်းများထဲမှာ ထူးခြားပါတယ်။



LG Stylo 2 မှာ ၅. ၇ လက်မ HD Display တပ်ဆင်ထားပါတယ်။ အနောက်ဘက်မှာ 13 Megapixel Camera နဲ့ အရှေ့ဘက်မှာ 5 Megapixel Camera ပါရှိပါတယ်။ 2GB RAM, 16GB Internal Storage တပ်ဆင်ထားပါတယ်။ 3000mAh Battery ပါရှိပါတယ်။ Qualcomm Snapdragon 410 SoC မောင်းနှင်မှာ ဖြစ်ပြီး 1.2GHz Quad-Core CPU ပါရှိပါတယ်။ Android 6.0 Marshmallow မောင်းနှင်မှာ ဖြစ်ပါတယ်။

# Sony က Xperia X Performance ကို ယူရို ၆၉၉ ဖြင့် ရောင်းချမည်

Sony က စွမ်းဆောင်ရည်မြင့် Xperia X Performance ကို ဥရောပမှာ ရောင်းချမယ့်ဈေးနှုန်းကို ကြေညာလိုက်ပါတယ်။ ပြင်သစ်နဲ့ နယ်သာလန်မှာ ယူရို ၆၉၉၊ အီတလီနဲ့ စပိန်မှာ ယူရို ၇၂၉ ဖြင့် ရောင်းချမှာ ဖြစ်ပါတယ်။



Sony Xperia X Performance မှာ ၅ လက်မ Full HD Display တပ်ဆင်ထားပါတယ်။ ရေအနက် ၁. ၅ မီတာအောက်မှာ မိနစ် ၃၀ ကြာအသုံးပြုနိုင်ပါတယ်။ ဖုန်မှုန့်များကိုလည်း ကာကွယ်နိုင်ပါတယ်။ Android Marshmallow မောင်းနှင်မှာဖြစ်ပါတယ်။ 32GB Storage, 3GB RAM, 23MP Rear Camera, 13MP Front Camera, Fingerprint Sensor, 2700mAh Battery များ တပ်ဆင်ထားပါတယ်။

# LG က ကွေးညွတ်မျက်နှာပြင်များထုတ်လုပ်ဖို့ ဒေါ်လာ သန်း ၄၀၀ ရင်းနှီးမြှုပ်နှံမည်



OLED မျက်နှာပြင်များဟာ စမတ်ဖုန်းနယ်ပယ်မှာ ခေတ်စားလာတော့မှာပါ။ OLED များရဲ့ ထုတ်လုပ်မှု ကုန်ကျစရိတ်ဟာ LCD မျက်နှာပြင်များထက် သက်သာလာပြီး Apple ကလည်း ၂၀၁၇ ခုနှစ်ထုတ် iPhone များမှာ OLED မျက်နှာပြင်များကို အသုံးပြုဖို့ စိတ်အားထက်သန်နေပါတယ်။

LG က ယခင်နှစ်တွင် ဆိုးလ်အရှေ့တောင်ဘက်တွင် စတုတ္ထမြောက် OLED စက်ရုံကိုတည်ဆောက်ခဲ့ပြီးနောက် ယခုအခါမှာ ကွေးညွတ် OLED မျက်နှာပြင်များ ထုတ်လုပ်ဖို့ ဒေါ်လာ သန်း ၄၀၀ ရင်းနှီးမြှုပ်နှံတော့မှာဖြစ်ပါတယ်။ LG က OLED မိုဘိုင်းလ် မျက်နှာပြင်ဈေးကွက်မှာလည်း ဦးဆောင်နေပါတယ်။ OLED TV များကိုလည်း ထုတ်လုပ်ရောင်းချနေပါတယ်။

တောင်ကိုရီးယား၊ တရုတ်နဲ့ ပိုလန်တို့မှာလည်း စက်ရုံ ၉ ခုကို တည်ဆောက်ထားပါတယ်။ LG Display ဟာ ကုမ္ပဏီရဲ့ အဓိကစီးပွားရေးဖြစ်ပြီး သူ့ရဲ့ ရုံးချုပ်တစ်ခုတည်းမှာပဲ ဝန်ထမ်း ၄၉,၀၀၀ ကို ခန့်ထားပါတယ်။

# Xperia Z2, Z3, Z3 Compact, Z2 Tablet တို့အတွက် Marshmallow ရပြီ

Sony က အိန္ဒိယမှာ Xperia Z2, Z3, Z3 Compact, Z2 Tablet တို့အတွက် Marshmallow ကို ဖြန့်ချိပေးလိုက်ပါတယ်။ ပိုင်ရှင်များက PC Companion App ကနေ Update ပြုလုပ်နိုင်သလို စမတ်ဖုန်းကနေလည်း အဆင့်မြှင့်နိုင်ပါတယ်။



Sony က Xperia Z5, Z5 Premium, Z3+ စမတ်ဖုန်းများအတွက်လည်း Android Marshmallow ကို ဖြန့်ချိပေးပြီးဖြစ်ပါတယ်။ Marshmallow မှာ စွမ်းဆောင်ချက်များစွာပါရှိလာပါတယ်။ App Permissions များကို သီးခြားစီ စီမံခန့်ခွဲနိုင်ခြင်း၊ Modes များစွာကို ပြောင်းလဲနိုင်တဲ့ Camera Inteface အသစ်ပါရှိလာခြင်း၊ ရိုးရှင်းလွယ်ကူတဲ့ Gestures များဖြင့် Settings များကို Customize ပြုလုပ်နိုင်ခြင်းများပါရှိပါတယ်။

# Huawei UBB Summit အရှေ့တောင်အာရှနိုင်ငံတွင်း လှည့်လည်ကျင်းပရာတွင် ပထမဆုံးဟောင်ကောင်မြို့တွင် စတင်ကျင်းပခြင်းအခမ်းအနား



ဟောင်ကောင်တွင် Huawei ၏ UBBS (ultra-broadband ထိပ်သီးအစည်းအဝေး)ဖွင့်ပွဲကို တွေမြင်ရပြီး၊ ကမ္ဘာပေါ်တွင် အိုင်စီတီနည်းပညာဆိုင်ရာ ဖြေရှင်းမှုနည်းလမ်းများအား စဉ်ဆက်မပြတ် ပံ့ပိုးသူအနေဖြင့် Huawei ကုမ္ပဏီသည် အနာဂတ် ultra-broadband ကမ္ဘာ၊ နေရာအနှံ့အသုံးပြုနိုင်သော broadband အပါအဝင်၊ သာလွန်ကောင်းမွန်သော ဗီဒီယိုအတွေ့အကြုံနှင့် smart home ဝန်ဆောင်မှုများကိုမိတ်ဆက်ပြသခဲ့ပါသည်။

အရှေ့တောင်အာရှဆက်သွယ်ရေးလုပ်ငန်းအခွင့်အလမ်းများ ရရှိနိုင်ဖို့ကူညီပေးနိုင်ရန်၊ ultra-broadband ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းလုပ်ကိုင်နေသူများကဖန်တီးပြီး၊ Huawei အနေဖြင့် အဓိကကြသော တိုင်းတာမှုသုံးချက်ကိုအဆိုပြုထားသည်။

(၁) ရင်းနှီးအသုံးဝင်သော စီးပွားရေးလုပ်ငန်း ဂေဟစနစ်ကို တည်ဆောက်ရန်။ ရင်းနှီးမြှုပ်နှံခြင်းကိုယှဉ်ပြိုင်အားပေးမှုကနေ အခြေခံအုတ်မြစ်ဖန်တီးယူခြင်းအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဆီသို့ကူးပြောင်းရန် လိုအပ်နေပြီဖြစ်ပြီး၊ ဆက်သွယ်ရေးလုပ်ငန်းများအတွက် ultra-broadband ကွန်ရက်တည်ဆောက်ခြင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု သက်သာစေရန်ရည်ရွယ်ခြင်းဖြစ်ပါသည်။

(၂) ဆက်သွယ်ရေးလုပ်ငန်း ရှင်များနှင့် content developers များအတူတကွ ပူးပေါင်းလုပ်ကိုင်ရန် အားပေးခြင်း။ Huawei မှဆက်သွယ်ရေးလုပ်ငန်းများကိုဦးဆောင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဗီဒီယို ကြည့်ရှုသူဦးရေများ အဆင်ပြေနိုင်စေဖို့ ကူညီထောက်ပံ့မှုများပေးနိုင်ရန်ရည်ရွယ်ပါသည်။

(၃) ကွန်ရက်ဆောက်လုပ်ရေးတွင် အသုံးပြုသူ၏အတွေ့အကြုံကိုရှေ့တန်းထားဆောင်ရွက်ရန်။ ဗီဒီယိုကြည့်ရှုသူတွေ၏ တောင်းဆိုမှုမြင့်မားလာသည်နှင့်အမျှ အရည်အသွေးမြင့် ultra-broadband ကွန်ရက်များတည်ဆောက်ရန်နှင့် သာလွန်ကောင်းမွန်သောultra-HD ဗီဒီယိုအတွေ့အကြုံပံ့ပိုးပေးနိုင်ရန် carriers များအနေဖြင့် တောင်းဆိုမှုများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရပ်တည်သင့်ပါသည်။

Huawei UBBS (ultra-broadband ထိပ်သီးအစည်းအဝေး) အရှေ့တောင်အာရှနိုင်ငံတွင်း လှည့်လှည်ကျင်းပမည့် အစီအစဉ်ကို ဟောင်ကောင်တွင် စတင်ကျင်းပခဲ့ပြီ ဖြစ်ရာ ဒုဘိုင်း၊ စင်္ကာပူ၊ မော်စကို၊ တောင်အာဖရိကနှင့် အာဂျင်တီးနားတို့တွင်ဆက်လက်ကျင်းပသွားမည်ဟုသိရသည်။ ဤထိပ်သီးအစည်းအဝေးသည် နည်းပညာနှင့်စီးပွားရေးဆိုင်ရာ ဆွေးနွေးမှုများ ပိုမိုပွင့်လင်းလာစေရန်ရည်ရွယ်ပြီး၊ ဒေသဆိုင်ရာဆက်သွယ်ရေးလုပ်ငန်း အမှုဆောင်အရာရှိများနှင့် broadband စက်မှုလုပ်ငန်းရှင်များ broadband အလားအလာကို တိုးမြှင့်နိုင်ဖို့ နှီးနှောဖလှယ်မှုများပြု လုပ်နိုင်စေရန်ရည်ရွယ်ခြင်းဖြစ်ပါသည်။

ထို့အပြင် ဤတွင်ဆန်းသစ်မှု စိတ်ကူးများ၊ အောင်မြင်မှုနည်းလမ်းများနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ရေရှည်တည်တံ့နိုင်စေရန်နှင့် နည်းပညာဆိုင်ရာ နည်းနှောဖလှယ်မှုများ အဆင်ပြေချောမွေ့စေရန်ရည်ရွယ်ပါသည်။

## Huawei ဖုန်းအဟောင်းများကို အသုံးပြု၍ ဖုန်းအသစ်လဲလှယ်နိုင်ပြီ

လာမည့် မေလ ၁၅ ရက်နေ့မှစပြီး Huawei Branded Shop သုံးဆိုင်တွင် Huawei ဖုန်းအဟောင်းများကို ဖုန်းအသစ်ဖြင့် အလိုက်ပေး၍ လဲလှယ်နိုင်ပြီဟု ယင်းတို့၏ Facebook စာမျက်နှာတွင်ဖော်ပြထားသည်။

အဆိုပါအစီအစဉ်အား Huawei Fan များမှလည်း အထူးစိတ်ဝင်စားလျက်ရှိသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၂၃၀၄၇၄၉၉၊ ၀၉-၉၇၆၁၈၈၄၇ ၊ ၀၉-၉၇၆၀၁၈၄၁၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပြီး Huawei Myanmar ၏ Official pages ဖြစ်သော https://www.facebook.com/HuaweiDeviceMyanmar/ တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## Huawei စမတ်နာရီများ အမေရိကန်စျေးကွက်တင်မည်



ယခုနှစ်ဦးပိုင်း CES အီလက်ထရွန်းနစ်ကုန်စည်ပြပွဲမှာ နမူနာခင်းကျင်းပြသခဲ့သည့် Huawei Wathe Jewel နှင့် Huawei Watch Elegant စမတ်နာရီ model (၂)မျိုးအား မေလ ၃ ရက်နေ့ကစပြီး အမေရိကန်စျေးကွက်မှာရရှိနိုင်မည်ဖြစ်သည်။ Online မှာကြားမှုများအား Best Buy, Newegg, B & H Photo တို့တွင်မှာကြားနိုင်မည်ဖြစ်ပြီး Huawei Wtach Jewel ၏စျေးနှုန်းမှာ ဒေါ်လာ ၅၉၉. ၉၉ နှင့် Huawei Watch Elegant မှာ ၄၉၉. ၉၉ ဒေါ်လာဖြစ်သည်။ စမတ်နာရီဝယ်ယူသူတိုင်းအတွက် Best Buy နှင့် Newegg မှ ဒေါ်လာ ၅၀ စီပြန်အမ်းပေးမည်ဖြစ်ပြီး B&H မှမှာယူပါက ဒေါ်လာ ၅၀ တန် စျေးဝယ်ကတ်ရရှိမည်ဖြစ်သည်။ Huawei Watch Elegant ၏တည်ဆောက်ပုံသည် အနည်းငယ်ကွေးညွတ်သော rose-gold-plated ကိုယ်ထည်ဖြစ်ပြီး ဖောင်းကြွ embossed top ring design ဖြစ်သည်။ Huawei Watch Jewel ၌ အလေးချိန် ၆၈ ကာရက်ရှိ Swarovski Ziconia genstones ကျောက်မျက်များစီခြယ်ထားသည်။ နာရီနှစ်ခုစလုံး၏မျက်နှာပြင်ကို ပြင်ပနှင့်လိုက်ဖက်အောင် ဒီဇိုင်းထုတ်ထားသည်။ ယခင် Huawei ထုတ် စမတ်နာရီထက်စျေး (၂)ဆနီးပါးပိုကြီးလာပြီး ယခုတစ်ခေါက်၌ ယောကျ်ားများနှင့်သာမက မိန်းမများနှင့်ပါ ပိုမိုလိုက်ဖက်မည့် ဒီဇိုင်းအပြင်အဆင်ဖြစ်လာသည်။ ဒီဇိုင်းပုံစံအရ စျေးကြီးသည့် အကောင်းစားနာရီတစ်လုံးနှင့် ပိုတူလာသော်လည်း အတွင်းပိုင်းတပ်ဆင်ထားသော အစိတ်အပိုင်းများမှာ ယင်းရှေ့က Huawei စမတ်နာရီနှင့်အတူတူဖြစ်သည်ဟု ဆိုသည်။

## များမကြာမီနှစ်များအတွင်း Apple နှင့် Samsung တို့အားကျော်တက်ကာ ကမ္ဘာ့နံပါတ် ၁ စမတ်ဖုန်းထုတ်လုပ်သူဖြစ်လာရန် Huawei ရည်မှန်းထား




တရုတ်နိုင်ငံ၏ ဆက်သွယ်ရေးနည်းပညာပစ္စည်းများနှင့် စမတ်ဖုန်းထုတ်လုပ်သူနှင့် ကမ္ဘာ့တတိယအကြီးမားဆုံးစမတ်ဖုန်းထုတ်လုပ်သူ Huawei အနေဖြင့် အခြားပြိုင်ဘက်ကုမ္ပဏီများလုပ်ဆောင်သကဲ့သို့ နာမည်ကြီးကုမ္ပဏီအချင်းချင်းပေါင်းစည်းသည့် Large-scale merger ပြုလုပ်မည်မဟုတ်ဘဲ တည်ထောင်စနည်းပညာကုမ္ပဏီပေါက်စ Startup များကိုဝယ်ယူရန်သာ စိတ်အားထက်သန်သည်ဟု ကုမ္ပဏီ၏ CEO ဖြစ်သူ Eric Xu က ရှင်ကျန်းတွင်ကျင်းပသော Global analyst summit ၌ပြောကြားသည်။ ယင်းမတိုင်မီ ရှေ့က ဖင်လန်နိုင်ငံမှ Nokia ကုမ္ပဏီက Alcatel-Lucent အား ရယူခဲ့သလို Cisco ကလည်း Tasper ကဝယ်ယူခဲ့သည်။ ICT လုပ်ငန်းများလျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသည့် တရုတ်ပြည်တွင်းစျေးကွက်သို့ Cisco နှင့် Dell ဝင်ရောက်ယှဉ်ပြိုင်လာခြင်းကို ကြိုဆိုသည်ဟု ယင်းကဆိုသည်။ Huawei's consumer business group ၏ အမှုဆောင်ချုပ် Richard Yu က မိမိတို့ Huawei အနေဖြင့် လာမည့် ၃ နှစ်အတွင်း ကမ္ဘာ့ဒုတိယအကြီးဆုံး စမတ်ဖုန်းထုတ်လုပ်သူ Apple အားကျော်တက်ကာ ဒုတိယနေရာသို့ရယူရန် ရည်မှန်းထားပြီး ၂၀၂၀ ခုနှစ်၌ Samsung အားကျော်တက်ကာ ကမ္ဘာ့စမတ်ဖုန်းထုတ်လုပ်သူနံပါတ် ၁ နေရာသို့ရောက်ရှိရန် ရည်မှန်းထားသည်ဟုဆိုသည်။

Huawei အနေဖြင့် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် နှစ်ချုပ်စာရင်းအရ ကမ္ဘာတစ်ဝန်းသို့ စမတ်ဖုန်းအရေအတွက် ၁၀၈ သန်းတင်ပို့ခဲ့ပြီး အသားတင်အမြတ်ငွေ ယွမ် ၃၆. ၉ ဘီလီယံရရှိခဲ့သည်။ ၂၀၁၄ ခုနှစ် အမြတ်ငွေထက် ၃၂% ပိုမိုလာခြင်းဖြစ်သည်။

လာမည့် ၂၀၂၀ ခုနှစ် ကာလ၌ ဝင်ငွေဒေါ်လာ ၁၀၀ ဘီလီယံရရှိရန် ရည်မှန်းထားသည်။ Huawei အနေဖြင့် cloud communication အပေါ် အထူးအားသန်နေပြီး ၂၀၂၅ ခုနှစ်၌ human and machine connections ပေါင်း ၁၀၀ ဘီလီယံရှိလာရန် ရည်မှန်းထားပြီး ယင်း၌ စမတ်ဖုန်းအရေအတွက် ၈ ဘီလီယံပါဝင်မည်ဖြစ်သည်။

cherry mobile
Ph : 09-970703888

## Flare S4 Lite




ရုပ်ထွက်ကြည်လင်တဲ့ဂိမ်းတွေကို လမ်းသွားရင်းကစားချင်သူတွေ၊ သီချင်းတွေ ဗီဒီယိုဖိုင်တွေ အများကြီးသိမ်းဆည်းပြီး screen ကြီးကြီးနဲ့ တစ်ဝကြီးကြည့်ချင်သူတွေအတွက် Cherry Mobile ရဲ့ Flare S4 Lite လာပါပြီ။ စွမ်းဆောင်ရည်ကောင်းလွန်းတဲ့ GPU နဲ့ Hexacore CPU,1GB အထိရှိတဲ့ RAM တွေက သင့်ရဲ့ ဂိမ်းလိုအပ်ချက်တွေကို လွယ်ကူစွာဖြည့်ဆည်းပေးနိုင်မှာပါခင်ဗျာ။ စမတ်ကျတဲ့ဒီဇိုင်းလေးနဲ့ Flare S4 Lite ကို သင့်တင့်တဲ့ဈေးနှုန်း ၈၅,၀၀၀ ကျပ်တည်းနဲ့ Cherry Mobile Showroom တွေမှာဝယ်ယူနိုင်ပါပြီ။

## Smile




လူငယ်ကြိုက် ဒီဇိုင်းလန်းလန်းလေးနဲ့ စွမ်းဆောင်ရည်လည်းမြင့်တဲ့ ဖုန်းလေးတစ်လုံးလောက် ဝယ်မလို့လား။ ဒါဆို ဒီဇိုင်းလေးလည်း လန်းတဲ့အပြင် ကြည်လင်ပြတ်သားတဲ့ ရုပ်ထွက်စနစ်ပါဝင်တဲ့ ၅ လက်မ အကျယ် ထိတွေ့မျက်နှာပြင်နဲ့ Smile ရှိနေတယ်လေ။ ဒါ့အပြင် 1.3 GHz Quad Core Processor နဲ့ RAM 1GB ပါဝင်တဲ့ Smile က လုပ်ဆောင်ချက်တိုင်းကို သင့်စိတ်ကြိုက်လုပ်ဆောင်ပေးနိုင်ပြီး သင့်ကို အမြဲပြုံးပျော်နေစေမှာပါ။ ဒီလို စွမ်းဆောင်ရည်မြင့် Smile ဖုန်းလေးကို ၇၅,၀၀၀ ကျပ်တည်းနဲ့ ပိုင်ဆိုင်နိုင်ပါပြီလို့။

## ကျစ်လျစ်လှပတဲ့ ဒီဇိုင်း၊ လုံခြုံရေးစိတ်ချနိုင်မှု၊ ပေးရတဲ့ဈေးနဲ့တန်လှတဲ့ Meizu Metal




Meizu ဟာ မြန်မာနိုင်ငံရဲ့ Mobile Phone ဈေးကွက်ထဲ ထိုးဖောက်ဝင်ရောက်လာတာ သိပ်မကြာသေးပါဘူး။ ဒါပေမဲ့ Meizu ရဲ့ ကျစ်လျစ်လှပတဲ့ ထုတ်လုပ်မှု၊ နောက်ပြီးပေးရတဲ့ဈေးနဲ့ တန်လှတဲ့ Specs တွေကြောင့် တော်တော်များများ အကြိုက်တွေ့ကြပါတယ်။ Meizu M2 Note, Meizu M2 စတာတွေဟာလည်း သုံးစွဲသူမိတ်ဆွေများအတွက်ဈေးနှုန်းနဲ့ သုံးစွဲမှုအပိုင်းမှာ အဆင် ပြေတာကိုလည်း တွေ့မြင်ရမှာပါ။ Meizu Metal ဟာလည်း ပေးရတဲ့ဈေးနဲ့ တန်လွန်းလှတဲ့ စိတ်ခံစားမှုကိုရရှိစေနိုင်မှာ ဖြစ်ပါတယ်။

Meizu Metal ကို CPU Octa Core 2.0GHz ထည့်သွင်းသုံးစွဲထားပြီး Memory (RAM) အနေနဲ့ 2GB ပါဝင်ပါတယ်။ Internal Storage အနေနဲ့ 16GB နဲ့ 32GB ဆိုပြီး မိမိစိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ Camera အနေနဲ့ Back Camera 13MP နဲ့ Front Camera 5MP ပါဝင်တာကြောင့် ကြည်လင်ပြတ်သားတဲ့ အမှတ်တရပုံရိပ်တွေကို အဆင်ပြေကောင်းမွန်စွာ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ Screen Size 5.5 in ရှိတဲ့ IPS LCD Display အသုံးပြုထားပြီး Screen Protection ကို Dinorex T2X-1 scratch/shock resistant glass အသုံးပြုထားကာ Screen Resolution ကလည်း 1080×920 pixels (~403 ppi) ရှိတာကြောင့် ရုပ်ထွက်ကလည်း ကြည်လင်ပြတ်သားပါတယ်။ ကျစ်လျစ်လှတဲ့ Design ကို ကြိုက်နှစ်သက်တဲ့သူတွေအတွက် အရွေးမမှားသင့်တဲ့ Model တစ်ခုလည်းဖြစ်ပါတယ်။ Battery အနေနဲ့ fixed battery ဖြစ်ပြီး 3140mAh ပါဝင်တာမို့ Battery capacity လည်းမနည်းလှပါဘူး။ လူကြိုက်အများဆုံး Feature တစ်ခုဖြစ်တဲ့ Finger Print Sensor လည်း M Touch 2.1 နဲ့ တွဲဖက်ပြီးပါဝင်ပါတယ်။ M Touch ဆိုတာ Meizu ရဲ့ Feature တစ်ခုဖြစ်ပြီး Home Key မှာပဲ Back key အနေနဲ့ အသုံးပြုတဲ့ Feature တစ်ခုဖြစ်ပါတယ်။ Android 5.1.1 (Yun OS based) မောင်းနှင်ထားပါတယ်။

နောက်ဆုံးအနေနဲ့ ကျစ်လျစ်လှပတဲ့ ဒီဇိုင်း၊ Privacy အတွက် လုံခြုံရေးစိတ်ချနိုင်မှု၊ ပေးရတဲ့ဈေးနဲ့ တန်လှတဲ့ Meizu Metal ဟာ ရွေးချယ်သင့်တဲ့ Model တစ်မျိုးဆိုလည်းမမှားပါဘူး။

Meizu Metal ကို (16GB (Blue, Pink,White, Grey) - 199,000 ks) နှင့် (32GB (White) ကို (219,000 ks) ဖြင့် ဝယ်ယူရရှိနိုင်ပါတယ်။

***ကောင်းမြတ်ရာ***

## ကမ္ဘာ့စမတ်ဖုန်းဈေးကွက်တွင် အဆင့် ၄ နေရာသို့ OPPO တက်လှမ်းရောက်ရှိလာခဲ့

**Top Five Smartphone Vendors, Shipments, Market Share and Year-Over-Year Growth, Q1 2016 Preliminary Data** (Units in Millions)

| Vendor | 1Q16 Shipment Volumes | 1Q16 Market Share | 1Q15 Shipment Volumes | 1Q15 Market Share | Year-Over-Year Change |
|---|---|---|---|---|---|
| Samsung | 81.9 | 24.5% | 82.4 | 24.6% | -0.6% |
| Apple | 51.2 | 15.3% | 61.2 | 18.3% | -16.3% |
| Huawei | 27.5 | 8.2% | 17.4 | 5.2% | 58.4% |
| OPPO | 18.5 | 5.5% | 7.3 | 2.2% | 153.2% |
| vivo | 14.3 | 4.3% | 6.4 | 1.9% | 123.8% |

၂၀၁၆ ပထမ ၃ လပတ်အတွက် နှစ်အလိုက်ရောင်းအား ၁၅၃ ရာခိုင်နှုန်းအထိတိုးတက်လာခဲ့ခြင်းကြောင့် OPPO ကုမ္ပဏီအနေဖြင့် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ထိပ်တန်းစမတ်ဖုန်းရောင်းချသူ ၅ ဦး စာရင်းတွင် ထိုးဖောက်ဝင်ရောက်လာနိုင်ခဲ့ပြီဖြစ်သည်။ OPPO အနေဖြင့် ယခုအခါတွင် ကမ္ဘာ့အဆင့် ၄ နေရာ၌ ရပ်တည်နေကြောင်း IDC မှထွက်ပေါ်လာသည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

IDC ၏အချက်အလက်များအရ OPPO အနေဖြင့် ၂၀၁၆ ပထမ၃လပတ်အတွင်း ဖုန်းအလုံးရေ ၁၈. ၅ သန်းအထိတင်ပို့ရောင်းချခဲ့ပြီး ယခင်နှစ်မှ ယခုအချိန်ကာလအတွင်း အလုံးရေ ၇. ၃ သန်းအထိ တင်ပို့ရောင်းချရာမှများစွာတိုးတက်လာခဲ့ခြင်းလည်းဖြစ်သည်။ ၎င်းတို့၏ နှစ်အလိုက်တိုးတက်မှုနှုန်းမှာ ယခုထိပ်တန်းအဆင့် ၅ နေရာရှိဖုန်းအမှတ်တံဆိပ်များထဲတွင် အတောင့်တင်းဆုံးလည်းဖြစ်လာခဲ့သည်။

OPPO ၏ Vice President and MD of International Mobile Business ဖြစ်သူ Sky Li က "OPPO ရဲ့ထူးခြားတဲ့ device တွေနဲ့ သာလွန်တဲ့ထိတွေ့သုံးစွဲမှု user experience တွေ ကမ္ဘာတစ်ဝန်းလုံးက သုံးစွဲသူတွေကို ကျေနပ်ပျော်ရွှင်အောင်ဆက်လက်လုပ်ဆောင်ထားနိုင်တဲ့အတွက် ကျွန်တော်တို့အနေနဲ့အလွန်ပဲစိတ်လှုပ်ရှားမိပါတယ်။ နည်းပညာဗဟုသုတ ပိုမိုကြွယ်ဝလာတဲ့ သုံးစွဲသူတွေအနေ နဲ့ OPPO ကစဉ်ဆက်မပြတ်ထောက်ပံ့ပေးနေတဲ့ ဒီဇိုင်းပိုင်းဆိုင်ရာတွေ၊ တီထွင်ဆန်းသစ်ဆိုင်ရာ feature တွေကို ပိုပိုသတိထားမိလာခဲ့ကြပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆက်လက်ကြီးထွားတိုးတက်အောင်လုပ်ဆောင်နေချိန်မှာ ကျွန်တော်တို့ကို အခုအတိုင်းအတာထိရောက်ရှိစေခဲ့တဲ့ တန်းဖိုးတွေအပေါ်မှာ ဆက်လက်ကိုင်ဆုပ်ထားမှာဖြစ်သလို သုံးစွဲသူတွေသဘောကျနှစ်သက်စေမယ့် ထုတ်ကုန်မျိုးတွေပေးအပ်နိုင်စေဖို့အတွက်လည်း သူတို့ရဲ့ဝေဖန်အကြံပေးချက်တွေကို အနီးကပ်နားထောင်နေပါတယ်"ဟု ပြောသည်။

၂၀၁၆ ပထမ ၃ လပတ်တွင် OPPO ၏ဓာတ်ပုံရိုက်ကူးမှုအသားပေးထားသော F Series ထုတ်ကုန်သစ်များထဲ၌ ထုတ်ကုန်သစ် ၂ ခုကိုဖြန့်ချိပေးခဲ့သည်။ အဆိုပါထုတ်ကုန်သစ် ၂ ခုဖြစ်သော F1 နှင့် F1 Plus ၂ လုံးစလုံးမှာ ပါးလွှာသောဒီဇိုင်း၊ ထူးခြားသာလွန်သောကင်မရာသုံးစွဲမှုမျိုးပါဝင်နေကြပြီး ဒုတိယအမျိုးအစားဖြစ်သော F1 Plus မှာမူ 64GB storage, OPPO ၏အထူးသီးသန့် မြန်နှုန်းမြင့်အားသွင်းစနစ် VOOC Flash Charge နှင့် အများနှင့်မတူတစ်မူထူးခြားသော 16MP ရှေ့ကင်မရာ တို့ကို အားဖြည့်အသုံးပြုပေးထားသည်။ IDC ၏နောက်ဆုံးထုတ်ကိန်းဂဏန်းများစာရင်းမှ တခြားသောသီးသန့်သုတေသနကုမ္ပဏီဖြစ်သော Sino-MR ၏အစီရင်ခံစာအချက်အလက်များကို အခြေခံထားခြင်းများရှိပြီး OPPO အနေဖြင့် ပြီးခဲ့သည့် ၂၀၁၆ ဖေဖော်ဝါရီလနှင့် မတ်လတို့အတွက် တရုတ်နိုင်ငံ၏ offline စမတ်ဖုန်းဈေးကွက်တွင် ထိပ်ဆုံးနေရာ၌ရပ်တည်နိုင်ခဲ့ကြောင်း ရေးသား ဖော်ပြထားခဲ့သည်။ ပြီးခဲ့သည့်မတ်လတွင် OPPO မှာ တရုတ် RMB ငွေကြေး ၂၅၀၀-၂၉၉၉ (၃၈၅ ဒေါ်လာနှင့် ၄၆၅ ဒေါ်လာ) ဈေးနှုန်းအတွင်းရှိ တရုတ်နိုင်ငံ၏ offline စမတ်ဖုန်းရောင်းချရမှုတွင် ၄၉. ၂ ရာခိုင်နှုန်းအထိရ ယူထားနိုင်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၅ တွင် OPPO မှာ ကမ္ဘာ့စမတ်ဖုန်းအမှတ်တံဆိပ် ၁၀ ခုစာရင်းတွင် ပထမဆုံးအကြိမ်အဖြစ် ထိုးဖောက်ဝင်ရောက်လာနိုင်ခဲ့ပြီး နှစ်အကုန်ပိုင်းတွင် ဖုန်းအလုံးရေ သန်း ၅၀ အထိရောင်းချနိုင်ခဲ့ကာ တစ်ကမ္ဘာလုံးတွင် အဆင့် ၈ နေရာ၌ရပ်တည်နိုင်ခဲ့သည်။ ၎င်းတို့၏ရောင်းအားတိုးတက်လာခြင်းတွင် ထူးခြားဆန်းသစ်ပြီး စမတ်ဖုန်းလောကကိုဦးဆောင်နိုင်စေမည့် VOOC Flash Charge အားသွင်းစနစ်၊ အလွန်ကောင်းမွန်သည့် ဓာတ်ပုံရိုက်ကူးဆိုင်ရာထိတွေ့သုံးစွဲနိုင်မှုများနှင့် OPPO ၏ အောင်မြင်ကျော်ကြားသည့် တည်ဆောက်မှုအရည်အသွေးနှင့် ဒီဇိုင်းပိုင်းဆိုင်ရာတို့သုံးထားသည့် စမတ်ဖုန်းထုတ်ကုန်များက အဓိကတွန်းအားပေးထားခြင်းဖြစ်သည်။

# Unicode နဲ့ Zawgyi ဘယ် fontကိုအားပေး

မြန်မာနိုင်ငံအတွင်း (PC နဲ့ mobile ကိရိယာအပါအဝင်) computing ကိရိယာတွေအပေါ် မြန်မာစာအသုံးချမှုနဲ့ပတ်သက်လို့ ကြီးမားတဲ့အငြင်းအခုံတွေဖြစ်ပျက်နေတယ်။ ပြဿနာကစံနှုန်းသတ်မှတ်ချက်နဲ့အညီဖော်ထုတ်ထားတဲ့ unicode font တွေဟာ စံနှုန်း သတ်မှတ်ချက်နဲ့ မညီဘဲရေတိုဖြေရှင်းနည်းနဲ့ဖော်ထုတ်ထားတဲ့ Zawgyi font တွေလောက်အသုံးမတွင်ကျယ်ဘဲဖြစ်နေတာပါပဲ။ ဒီ font စစ်ပွဲအတွင်း တိုက်ခိုက်မှုတွေဟာပြင်းထန်ပြီး ကိုယ့်အုပ်စုအလိုက် ခုခံကာကွယ်ကာဂိုဏ်းစစ်ပွဲတွေလိုတောင်ဖြစ်နေတယ်။ အနာဂတ်နည်းပညာလောကမှာ စံနှုန်းတစ်ခုထဲသာရှိသင့်တဲ့အတွက်ဒီတိုက်ပွဲမှာ ဘယ်ဘက်ကအနိုင်ရမလဲဆိုတာအလွန်တရာအရေးကြီးပြီး စိတ်ဝင်စားစရာလည်းကောင်းတယ်။

## Unicode ကိုပဲအားပေးသင့်

ဒါဟာ လူသုံးများပြီး ပိုမိုတွင်ကျယ်ပျံ့နှံ့တိုင်းလည်းဖြစ်သင့် ဖြစ်ထိုက်တဲ့အနေအထားလို့မပြောနိုင်ကြောင်းသက်သေပြနေတဲ့ အထင်ရှားဆုံးပြယုဂ်တစ်ခုဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ သိသင့်တာကunicode ဆိုတာ ကမ္ဘာပေါ်ကရှိသမျှသော ဘာသာစကားအားလုံးနီးပါးအတွက် အက္ခရာသင်္ကေတတွေကို ကိန်းဂဏန်းနဲ့ကိုယ်စားပြုသတ်မှတ်ပေးထားတဲ့ standard တစ်ခုဖြစ်ပါတယ်။ ဒီအများပိုင်နယ်ပယ်မှာတစ်စုံတစ်ဦးကသတ်မှတ်ချက်တွေချိုးဖောက်ပြီးမိမိစိတ် ထင်ရာသုံးစွဲဖို့မသင့်တော်ပါဘူး။ Zawgyi font က unicode platform ကိုပဲသုံးစွဲရင်း မြန်မာအက္ခရာတွေအတွက် သတ်မှတ်ထားတဲ့ code point တွေနေရာမှာမူလသတ်မှတ်ချက်အတိုင်းမဟုတ်ဘဲ လွဲမှားစွာသုံးစွဲထားတယ်။ဘယ်လောက်ပဲအသုံးများများကွန်ပျူတာနဲ့ မိုဘိုင်းလ်နည်းပညာအဓိကကုမ္ပဏီကြီးတွေဖြစ်တဲ့ Microsoft, Google နဲ့Facebook တို့ကတော့ unicode စံနှုန်းအတိုင်းပဲသုံးစွဲမှာဖြစ်ပါတယ်။ဒါကြောင့်Zawgyi font သုံးတဲ့ကိရိယာတွေအပေါ် Google Maps မြန်မာစာမြေပုံအညွှန်းတွေ၊ Facebook က localization တွေက မှန်ကန်စွာမပေါ်တာဖြစ်ပါတယ်။

## Zawgyi ကိုပဲအားပေးသင့်



End user တွေက နည်းပညာရဲ့အတွင်းပိုင်းအလုပ်လုပ်ပုံ အသေးစိတ်တွေမသိကြပါဘူး။လက်ရှိဝယ်လို့ရတဲ့ စမတ်ဖုန်းတွေက Zawgyi font ကိုအဆင်သင့် ထည့်ပေးထားတာများတော့ တစ်ခါတည်းအသင့်အလွယ်သုံးဖြစ်သွားတာသက်သက်ပါပဲ။ ပြီးတော့ ကိုယ့်ရဲ့အသိုင်းအဝိုင်းအားလုံးက Zawgyi font ပဲသုံးနေတဲ့အခါ သူတို့နဲ့အဆက်အသွယ်ရဖို့က အဲဒါကိုပဲ မဖြစ်မနေလိုက်သုံးဖို့လိုပါတယ်။ တစ်နေ့မှာ စံနှုန်းမှန်တဲ့ unicode font family က အများသုံးအဖြစ်တွင်ကျယ်ထွန်းကားလာရင်တော့လည်း အဲဒီ font ကိုပြောင်းပြီးသုံးစွဲဖြစ်မှာပါပဲ။အရေးကြီးတာကZawgyi မှ Zawgyi ဆိုပြီး ကိုယ်အားပေးရာအဖြစ် ဖက်တွယ်ကာကွယ်ပေးရင်း တဖက်သတ်အစွဲမကြီးဖို့ပဲဖြစ်ပါတယ်။ Zawgyi ဟာအရင် ASCII code ကို မြန်မာအက္ခရာနဲ့အစားထိုးသုံးစွဲတဲ့ WinInnwa fontတွေရဲ့ သဘောတရားကို unicode platform အပေါ်မှာအသုံးချထားတာဖြစ်ပါတယ်။ အားသာချက်အနေနဲ့စာရိုက်ရတာလွယ်တယ်။ အားနည်း ချက်ကတော့ရရစ်၊ယပင့်၊ ရကောက်အတိုစတဲ့သင်္ကေတအမြင်အတိုင်းcode point တွေမလိုအပ်ပဲဖောင်းပွစွာသတ်မှတ်ထားလို့ logic ပိုင်းအရ process လုပ်ဖို့ အားနည်းချက်ရှိတယ်။




# Qusetion and Answer

***Q. ကျွန်တော်သုံးနေတဲ့ Samsung Galaxy S7 Edge က လက်ရှိနောက်ဆုံးပေါ်အဖြစ်ဆုံး Android OS Marshmallow ကို သုံးထားပါတယ်။ ဒါက ကျွန်တော့်အတွက် အသစ်လိုဖြစ်နေလို့ သူ့ဆီကအကောင်းဆုံးအသုံးချနိုင်မယ့်နည်းလမ်းတွေသိချင်ပါတယ်။***

A. အခုအချိန်မှာ Marshmallow ကိုသုံးခွင့်ရတာက ကုသိုလ်ထူးတယ်လို့ ဆိုနိုင်ပါတယ်။လက်ရှိမှာနောက်ပိုင်းထွက်ဖုန်းအများစုက Android 5 Lollipop ကိုသုံးထားကြတယ်။Andoroid 6 Marshmallow မှာကနှစ်ခြိုက်လိုလားဖွယ် feature သစ်အချို့ပါရှိပါတယ်။ သူနဲ့သက်ဆိုင်ရာနည်းလမ်းတွေသိထားရင် ပိုပြီးအကျိုးကျေးဇူးရှိရှိသုံးနိုင်ပါလိမ့်မယ်။ဒါပေမဲ့ အချို့သော trick တွေကိုတော့ stock ROM တွေမှာပဲ ရကောင်းရနိုင်ပါလိမ့်မယ်။

4.Downloaded, Running, All နဲ့ Disabled app tabs တွေရှာဖွေခြင်း

အရင်အပတ်ကဖော်ပြခဲ့တဲ့ RAM Manager ဟာ အရင် version တွေမှာ Settings > Apps section တွေအောက်ရှိခဲ့တဲ့ "Running" tab အတွက်နေရာသစ်ပဲဖြစ်ပါတယ်။အရင် Android version တွေနဲ့မတူတာက သင့်ရဲ့ apps list ကို 'Down loaded', 'Running', 'All' နဲ့ 'Disables' ဆိုပြီး tab တွေနဲ့ ခွဲပြမှာ မဟုတ်ပါဘူး။ 'Running' tab ကအခု RAM Manager အဖြစ်ပေါ်ပြီး 'All' နဲ့ 'Disabled' တို့က အခု drop-down menu ထဲ options အဖြစ်ရရှိမယ်။အနည်းဆုံး app တစ်ခုကို disabled လုပ်မှဒီ 'Disabled' option ရရှိမှာဖြစ်ပါတယ်။Settings>Apps ရဲ့ default view က 'All' apps tab ဖြစ်ပါတယ်။ SD card ပါတဲ့ ကိရိယာတွေအတွက် အရင် 'SD card' tab မှာတွေ့ရတဲ့ သတင်းအချက်တွေ ဘယ်လိုဖော်ပြပေးမလဲဆိုတာကတော့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

5. Links တွေကို အလိုအလျောက် associate လုပ်ခြင်း

Android Marshmallow ကသင့်အနေနဲ့ သတ်သတ်မှတ်မှတ် app တွေကိုသတ်သတ်မှတ်မှတ် link တွေနဲ့ အလိုအလျောက်ချိတ်ဆက်စေနိုင်ဖို့ခွင့်ပြုပါတယ်။တစ်ယောက်ယောက်က Twitter link နဲ့အီးမေးလ်ပို့တဲ့အခါ Twitter ကို အဲဒီ link ဖွင့်ဖို့ default app အဖြစ်သတ်မှတ်ပေးစေနိုင်တယ်။ အကြိမ်တိုင်းမှာဘာနဲ့ဖွင့်ရ မလဲလို့မေးတဲ့ စာရင်းကနေ ရွေးပေးနေစရာမလိုတော့ပါဘူး။ အရင်တုန်းက အချို့သော app တွေကို default app အဖြစ်သတ်မှတ်ပေးနိုင်ပေမဲ့ system ကကောင်းကောင်းအလုပ်မလုပ်ပါဘူး။ အခုအခါမှာတော့ သတ်သတ် မှတ်မှတ် domain URL တွေကို ကိုယ်ရွေးချယ်ထားတဲ့ app နဲ့ချိတ်ဆက်ပေးနိုင်တယ်။ ဥပမာ facebook.com link ကို Facebook ဒါမှမဟုတ် Tinfoil ဒါမှမဟုတ် အခြား third-party Facebook app နဲ့ အလိုအလျောက်ချိတ်ဆက်စေနိုင်တယ်။ ါကိုလုပ်ဖို့ Settings> Apps ကိုသွားပြီး အပေါ်ညာထောင့်က overflow menu ကိုနှိပ်ပါ။ပြီးတော့ Advanced > App Links ကိုသွား၊ သီးသန့် domain က links ကို အလိုအလျောက်ကြားဖြတ်ယူချင်တဲ့ app မှာ ခလုတ်ကို တစ်ဘက်သို့ဖွင့်ပေးရပါမယ်။



# LG K7 Affordable Phone




ပြည်တွင်းမိုဘိုင်းလ်ဈေးကွက်ထဲကို အသစ်ဝင်ရောက်လာတဲ့ စမတ်ဖုန်းပဲဖြစ်ဖြစ်၊ နှစ်တွေကြာသွားသော်လည်း သုံးစွဲသူတွေ အနေနဲ့ ယနေ့အချိန်အထိစွဲလမ်းနှစ်သက်နေဆဲဖြစ်တဲ့ စမတ် ဖုန်းပဲဖြစ်ဖြစ်ဖော်ပြပေးနေတဲ့ကဏ္ဍလေးကိုတော့ Affordable ကဏ္ဍလို့ခေါ်ဆိုထားပါတယ်။ ဒီတစ်ပတ်အတွက် Affordable ကဏ္ဍမှာရွေးချယ်ထားတဲ့စမတ်ဖုန်းကတော့ ပြည်တွင်းမိုဘိုင်းလ် ဈေးကွက်ကို မကြာသေးမီကမှရောက်ရှိထားတဲ့ LG K7 ဖုန်းလေး နဲ့မိတ်ဆက်ပေးသွားမှာဖြစ်ပါတယ်။ ၂၀၁၆ ဇန်နဝါရီမှာ စတင်မိတ်ဆက်ခဲ့ပြီး ဖေဖော်ဝါရီမှာဈေးကွက်ကိုစတင်ဖြန့်ချိခဲ့ပါတယ်။ မျက်နှာပြင်အကျယ်အဝန်း ၅ လက်မရှိပြီး IPS LCD capacitive touchscreen ကိုတပ်ဆင်ပေးထားတဲ့အတွက် ထိတွေ့ရချောမွေ့ပြီး အရောင်ကာလာစုံကိုဖော်ပြပေးနိုင်ပါတယ်။ GSM/CDMA Network တွေမှာအလုပ်လုပ်ပေးမှာဖြစ်ပြီး ဆင်းကတ်နှစ်ကတ်တစ်ပြိုင်တည်းတွဲပြီးအသုံးပြုနိုင်ပါတယ်။ ရုပ်ထွက်ကြည်လင်ပြတ်သားမှု 480×854 pixels ရှိတဲ့အတွက် ဗီဒီယိုတွေကိုခံစားကြည့်ရှုတဲ့အခါမှာ ပြည့်ဝတဲ့ရုပ်သံအရည်အသွေးကိုရရှိစေမှာဖြစ်ပါတယ်။ Android OS ဖြစ်ပြီး Version 5.1 (Lollipop)အတွက် ဂိမ်း တွေကိုအထစ်အငေါ့မရှိကစားနိုင်မှာဖြစ်ပါတယ်။ Quad-core 1.3 GHz နဲ့မောင်းနှင်ပေးမှာဖြစ်ပြီး ဖုန်းအတွင်းမှတ်ဉာဏ်ပမာဏမှာ 8 GB, 1 GB RAM ရှိတဲ့အတွက် အချက်အလက်တွေကိုလုံ လောက်စွာသိမ်းဆည်းနိုင်မှာဖြစ်ပါတယ်။ ဖုန်းတွင်းမှတ်ဉာဏ်ပမာဏနဲ့မလုံလောက်ဘူးဆိုရင်လည်း အပိုမှတ်ဉာဏ်ကို 32 GB အထိတိုးမြှင့်ထားနိုင်ပါတယ်။ ကင်မရာအားဖြင့် နောက်ကင်မရာနှစ်လုံးပါဝင်ပြီး 5MP နဲ့ 8MP ရှိပါတယ်။ ဓာတ်ပုံရိုက်ဝါသနာပါသူတွေအတွက်အရည်အသွေးသင့်တဲ့ကင်မရာပိုင်းဖြစ်ပါတယ်။ ရှေ့ကင်မရာကတော့ 5MP ရှိတဲ့အတွက် Selfie သမားတွေအကြိုက်ဖြစ်စေမှာပါ။ အခြားချိတ်ဆက်စနစ်တွေဖြစ်တဲ့ WiFi, Bluetooth, GPS တွေကိုသုံးစွဲနိုင်ပါတယ်။ တန်ဖိုးသက်သာတဲ့အတွက် အရည်အသွေးပိုင်းအချို့ကိုတော့နှိမ့်ထားပေမယ့် Function ပိုင်းတွေကတော့ LG ရဲ့ကိုယ်ပိုင် နည်းပညာတွေပါဝင်နေဆဲပါပဲ။ ဘက်ထရီအားဖြင့် Removable Li-Ion 2125 mAh ကိုတပ်ဆင်ပေးထားတဲ့အတွက် အချိန်ကြာကြာဖုန်းပြောခြင်း၊ ဂိမ်းကစားခြင်း၊ သီချင်းနားထောင်ခြင်း၊ အင်တာနက်အသုံးပြုခြင်းများကိုပြုလုပ်နိုင်ပါတယ်။ ကာလာအားဖြင့် အဖြူ၊ အနက်၊ ရွှေရောင်၊ သတ္တုစပ်အရောင်တွေကို ရွေးချယ်ဝယ်ယူနိုင်ပါတယ်။

တန်ဖိုး - ၁၃၉,၀၀၀ ကျပ်
ဖုန်း - ၀၁ - ၂၅၄၅၅၉၊
၀၁ - ၂၅၄၅၆၁

## Xiaomi Mi 3

01-252988



145,000 Ks

Network : GSM, WCDMA
Display : 5.0 inches
Camera : 13 MP, 5 MP
CPU : 1.3 GHz Quad-Core
OS : Android 5.1.1
Memory : 2 GB
Storage : 16 GB

## OPPO Neo 5

01-388918



129,000 Ks

Network : GSM, WCDMA
Display : 5.0 inches
Camera : 5 MP, 2 MP
CPU : 1.2 GHz Quad-Core
OS : Android 4.3
Memory : 1 GB
Storage : 4 GB

## Huawei Y626

01-252988



125,000 Ks

Network : GSM, WCDMA
Display : 5.0 inches
Camera : 8 M, 5 MP
CPU : 1.2 GHz Quad-Core
OS : Android 4.4.2
Memory : 1 GB
Storage : 4 GB

## Samsung Galaxy J1 Mini

09-73211112



100,000 Ks

Network : GSM, WCDMA
Display : 4.0 inches
Camera : 5 MP, 3 MP
CPU : 1.2 GHz Quad-Core
OS : Android 5.1
Memory : 768 MB
Storage : 8 GB

## OPPO Joy

01-252988



90,000 Ks

Network : GSM, WCDMA
Display : 4.0 inches
Camera : 3.15 MP
CPU : 1.3 GHz Dual-Core
OS : Android 4.2.1
Memory : 512 MB
Storage : 4 GB

## HTC Desire 210

09-254907980



90,000 Ks

Network : GSM, WCDMA
Display : 4.0 inches
Camera : 5 MP
CPU : 1.0 GHz Dual-Core
OS : Android 4.2.2
Memory : 512 MB
Storage : 4 GB

## Sony Xperia E1

01-388918



90,000 Ks

Network : GSM, WCDMA
Display : 4.0 inches
Camera : 3.15 MP
CPU : 1.2 GHz Dual-Core
OS : Android 4.3
Memory : 512 MB
Storage : 4 GB

## Coolpad 7251

01-388918



70,000 Ks

Network : GSM, WCDMA
Display : 5.0 inches
Camera : 5 MP
CPU : 1.2 GHz Quad-Core
OS : Android 4.3
Memory : 512 MB
Storage : 4 GB

# Gionee P5w Budget Smartphone

တန်ဖိုးနည်းစမတ်ဖုန်းတွေမှာ ဈေးနှုန်းသက်သာပြီး ဒီဇိုင်းလှရုံနဲ့ မပြီးပါဘူး။ သုံးစွဲသူတွေအတွက်လည်း တစ်ဖက်တစ်လမ်းကပြန်လည်ကြည့်ဖို့လိုအပ်ပါတယ်။ အချို့စမတ်ဖုန်းတွေက တန်ဖိုးသက်သာပေမယ့် အရည်အသွေးညံ့ဖျင်းတာတွေရှိကြပါတယ်။ ယခုရွေးချယ်ထားတဲ့စမတ်ဖုန်းက တန်ဖိုးလည်းသက်သာတယ်။ အရည်အသွေးကလည်းသုံးစွဲသူတော်တော်များများ လက်ခံနိုင်လောက်တဲ့အနေအထားမှာရှိတဲ့ စမတ်ဖုန်းတစ်မျိုးဖြစ်ပါတယ်။ အမျိုးအစားကတော့ သုံးစွဲသူတော်တော်များများသိနှင့်နေပြီဖြစ်တဲ့ Gionee P5w ပဲဖြစ်ပါတယ်။ ၂၀၁၅ ဒီဇင်ဘာလမှာ စတင်ဈေးကွက်ထဲကိုဝင်ရောက်လာတာဖြစ်ပြီး မျက်နှာပြင်အရွယ်အစား ၅ လက်မရှိပါတယ်။ GSM Network အတွင်းမှာအသုံးပြုရမှာဖြစ်ပြီး အလေးချိန်အားဖြင့် ၁၅၃ ဂရမ်သာရှိပါတယ်။ ဆင်းမ်ကတ်နှစ်ကတ်တွဲသုံး နိုင်ပြီး IPS LCD capacitive touchscreen ကိုတပ်ဆင်ပေးထားပါတယ်။ Android OS ကိုအသုံးပြုထားပြီး လော်လီပေါ့ဗားရှင်း ၅.၁ ကိုအသုံးပြုပေးထားပါတယ်။ CPU Quad-core 1.3 GHz နဲ့မောင်းနှင်ပေးမှာဖြစ်လို့ ဂိမ်းအကြီးတွေကစားရာမှာ အထစ်အငေါ့မရှိစေနိုင်ပါဘူး။ ဖုန်းအတွင်းမှတ်ဉာဏ်ပမာဏ 16 GB, 1 GB RAM ရှိတဲ့အတွက် အချက်အလက်တွေကိုများများသိုလှောင်နိုင်မှာဖြစ်ပါတယ်။ အကယ်၍ ဖုန်းအတွင်းမှတ်ဉာဏ်ပမာဏနဲ့မလုံလောက်တော့ဘူးဆိုရင်တော့ အပိုမှတ်ဉာဏ်ကို 32 GB အထိတိုးမြှင့်နိုင်ပါတယ်။ ရှေ့ကင်မရာ 2 MP နဲ့ နောက်ကင်မရာ 5 MP ရှိတဲ့အတွက် ရုပ်ပုံတွေရိုက်ကူးရာမှာကြည်လင်ပြတ်သားတဲ့ပုံရိပ်တွေကိုရရှိမှာဖြစ်ပါတယ်။ အခြားကြိုးမဲ့ချိတ်ဆက် နစ်တွေဖြစ်တဲ့ WiFi, Bluetooth, GPS စနစ်တွေကိုသုံးစွဲနိုင်မှာဖြစ်ပြီး Removable Li-Ion 2000 mAh ဘက်ထရီကို တပ်ဆင်ပေးထားတဲ့အတွက် အချိန်ကြာကြာဖုန်းပြောခြင်း၊ အင်တာနက်သုံးစွဲခြင်းများကိုပြုလုပ်နိုင်မှာဖြစ်ပါတယ်။ အရောင်အားဖြင့် အဖြူ၊အပြာ၊အနီ၊အဝါ၊ အနက်စသည့်ကာလာများကိုရရှိနိုင်မှာဖြစ်ပါတယ်။




ဈေးနှုန်း - ၁၁၉,၀၀၀ ကျပ်
ဖုန်း - ၀၉၄၂၀၇၄၄၁၁၁

## OPPO R5
09-254907980



399,000 Ks

- Network : GSM, WCDMA
- Display : 5.2 inches
- Camera : 13 M, 5 MP
- CPU : 1.7 GHz Quad-Core
- OS : Android 4.4.4
- Memory : 2 GB
- Storage : 16 GB

## Sony Xperia C5 Ultra Dual
09-254907980



390,000 Ks

- Network : GSM, WCDMA
- Display : 6.0 inches
- Camera : 13 M, 13 MP
- CPU : 1.7 GHz Octa-Core
- OS : Android 5.0
- Memory : 2 GB
- Storage : 16 GB

## HTC Desire 826
09-254907980



355,000 Ks

- Network : GSM, WCDMA
- Display : 5.5 inches
- Camera : 13 M, 13 MP
- CPU : 1.7 GHz Quad-Core
- OS : Android 5.0.1
- Memory : 2 GB
- Storage : 16 GB

## Asus Zenfone 6
01-252988



290,000 Ks

- Network : GSM, WCDMA
- Display : 6.0 inches
- Camera : 13 M, 2 MP
- CPU : 2.0 GHz Dual-Core
- OS : Android 4.3
- Memory : 2 GB
- Storage : 16 GB

## Samsung Galaxy J7
09-254907982



288,000 Ks

- Network : GSM, WCDMA
- Display : 5.5 inches
- Camera : 13 M, 5 MP
- CPU : 1.5 GHz Quad-Core
- OS : Android 5.0
- Memory : 2 GB
- Storage : 8 GB

## Sony Xperia M4 Aqua
01-252988



285,000 Ks

- Network : GSM, WCDMA
- Display : 5.0 inches
- Camera : 13 MP, 5 MP
- CPU : 1.5 GHz Quad-Core
- OS : Android 5.0
- Memory : 2 GB
- Storage : 8 GB

## Huawei P8 Lite
09-254907982



190,000 Ks

- Network : GSM, WCDMA
- Display : 5.0 inches
- Camera : 13 MP, 5 MP
- CPU : 1.2 GHz Octa-Core
- OS : Android 5.0
- Memory : 2 GB
- Storage : 16 GB

## LG Magna
09-254907980



189,000 Ks

- Network : GSM, WCDMA
- Display : 5.0 inches
- Camera : 8 MP, 5 MP
- CPU : 1.2 GHz Quad-Core
- OS : Android 5.0.1
- Memory : 1 GB
- Storage : 8 GB

တန်ဖိုး - ၄၉၈.၀၀၀ ကျပ်

ဖုန်း - ၀၉၄၂၀၇၄၄၁၁၂



# VIVO X5 CLASSIC PHONE

တန်ဖိုးအသင့်အတင့်ရှိတဲ့စမတ်ဖုန်းတွေကတော့ အရည်အသွေးပိုင်းမှာသိပ်ညွန်းနေစရာမလိုအောင် ကောင်းမွန်းသုံးစွဲသူတွေသိပြီးသားဖြစ်မှာပါ။ တန်ဖိုးသင့်စမတ်ဖုန်းတွေအဖြစ်သတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်ကလည်းဈေးနှုန်းကိုအမြင့်ကြီးလည်းမဟုတ် အနိမ့်ခြည်းကပဲလည်းမဟုတ်ဘဲ အလယ်အလတ်တန်းထဲမှာရပ်တည်နေနိုင်တာမျိုးဖြစ်ပါတယ်။ ဒီတစ်ပတ်အတွက် တန်ဖိုးသင့်စမတ်ဖုန်းအတွက် Vivo X5 ကိုရွေးချယ်ထားပါတယ်။ ၂၀၁၅ မေလမှာစတင်မိတ်ဆက်ခဲ့ပြီး ငွန်လမှာဈေးကွက်ထဲဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ ဖုန်းကိုယ်ထည်ရဲ့အလေးချိန်မှာ ၁၅၁ ဂရမ်သာလေးပါတယ်။မျက်နှာပြင်အရွယ်အစား ၅. ၂ လက်မရှိပြီး Super AMOLED capacitive touchscreen ကိုတပ်ဆင်ပေးထားပါတယ်။ Corning Gorilla Glass 3 ကိုတပ်ဆင်ထားတဲ့အတွက် သာမာန်ထိခိုက်ရှုံမှုဖြင့် ပွန်းပဲ့ကွဲကြေတာမျိုးမရှိပါဘူး။Android OS ကိုအသုံးပြုထားပြီး Version ၅. ၀ လော်လီပေါ့ကိုအသုံးပြုထားပါတယ်။ CPU Quad-core 1.5 GHz ဖြင့်မောင်းနှင်ပေးမှာဆိုတော့ မိမိစိတ်ကြိုက်ဂိမ်းတွေကို အထစ်အငေါ့မရှိ ကစားနိုင်တော့မှာပေါ့။ ဖုန်းအတွင်းမှတ်ဉာဏ်ပမာဏ 16 GB, 2 GB RAM ရှိတာမို့ အချက်အလက်တွေကိုစုဆောင်းရာမှာ များစွာသိမ်းဆည်းနိုင်မှာပေါ့။ ဒီပမာဏနဲ့မလုံလောက်သေးဘူးဆိုလည်း နောက်ထပ် ထပ်တိုးမှတ်ဉာဏ်ကို 128 GB အထိတိုးမြှင့်နိုင်ပါတယ်။နောက်ကင်မရာ 13 MP နှင့် ရှေ့ကင်မရာ 8 MP ရှိတဲ့အတွက် Selfie ရိုက်တာနှစ်သက်သူတွေအတွက်ရော ဓာတ်ပုံကောင်းကောင်းရိုက်ကူးလိုသူတွေအတွက်ပါ အဆင်ပြေစေမှာဖြစ်ပါတယ်။ ကြိုးမဲ့ချိတ်ဆက်စနစ်တွေဖြစ်တဲ့ WiFi, Bluetooth, GPS စနစ်တွေကိုသုံးစွဲနိုင်ပါတယ်။ Non-removable Li-Po 2450 mAh ဘက်ထရီကိုသုံးစွဲထားတဲ့အတွက်အချိန်ကြာကြာဖုန်းပြောတာ၊ အင်တာနက်သုံးတာကိုပြုလုပ်နိုင်ပါတယ်။ ဒါပေမယ့်အနည်းငယ်တော့ဖုန်းကိုယ်ထည်ပူလာပါလိမ့်မယ်။ကာလာအားဖြင့် အဖြူနဲ့အနက်နှစ်မျိုးရရှိနိုင်ပါတယ်။

## Samsung Galaxy A7(2016)

01-371923



555,000 Ks

Network : GSM, WCDMA
Display : 5.5 inches
Camera : 13 MP, 5 MP
CPU : 1.2 GHz Quad-Core
OS : Android 5.1.1
Memory : 3 GB
Storage : 16 GB

## Huawei P8 Premium

09-259909993



599,000 Ks

Network : GSM, WCDMA
Display : 5.2 inches
Camera : 13 MP, 8 MP
CPU : 2.0 GHz Quad-Core
OS : Android 4.4.4
Memory : 3 GB
Storage : 16 GB

## Samsung Galaxy A8

01-398436



549,000 Ks

Network : GSM, WCDMA
Display : 5.7 inches
Camera : 16 MP, 5 MP
CPU : 1.8 GHz Quad-Core
OS : Android 5.1
Memory : 2 GB
Storage : 32 GB

## HTC One E9 Plus

01-2305402



525,000 Ks

Network : GSM, WCDMA
Display : 5.5 inches
Camera : 20 MP, 13 MP
CPU : 2.0 GHz Octa-Core
OS : Android 5.0
Memory : 3 GB
Storage : 32 GB

## Sony Xperia Z3+

01-2305401



525,000 Ks

Network : GSM, WCDMA
Display : 5.2 inches
Camera : 20.7 MP, 5.1 MP
CPU : 1.5 GHz Quad-Core
OS : Android 5.0
Memory : 3 GB
Storage : 32 GB

## HTC One Gold

01-371923



500,000 Ks

Network : GSM, WCDMA
Display : 4.7 inches
Camera : 4 MP, 2 MP
CPU : 1.7 GHz Quad-Core
OS : Android 4.1.2
Memory : 2 GB
Storage : 32 GB

## LG Nexus 5

01-255501



450,000 Ks

Network : GSM, WCDMA
Display : 4.95 inches
Camera : 8 MP, 1.3 MP
CPU : 2.3 GHz Quad-Core
OS : Android 5.0
Memory : 2 GB
Storage : 16 GB

## Sony Xperia M5 Dual

09-254907980



425,000 Ks

Network : GSM, WCDMA
Display : 5.0 inches
Camera : 21.2 MP, 13 MP
CPU : 2.0 GHz Octa-Core
OS : Android 5.0
Memory : 3 GB
Storage : 16 GB

# SAMSUNG GALAXY NOTE EDGE

ဈေးနှုန်းကြီးတန်းမြင့် စမတ်ဖုန်းအဖြစ်ဖော်ပြပေးနေတဲ့ Highend စမတ်ဖုန်း ကဏ္ဍမှာဒီတစ်ပတ်အတွက် ရွေးချယ်ထားတဲ့စမတ်ဖုန်းကတော့ Samsung Galaxy Note Edge ပဲဖြစ်ပါတယ်။ ဒီစမတ်ဖုန်းကို ၂၀၁၄ ခုနှစ် စက်တင်ဘာမှာစတင်မိတ်ဆက်ခဲ့ပြီး နိုဝင်ဘာမှာဈေးကွက်ထဲကိုရောက်ရှိခဲ့ကာ ယနေ့အချိန်အထိ တန်းမြင့်စမတ်ဖုန်းအဖြစ်နဲ့ ပြည်တွင်းဈေးကွက်ထဲမှာ ရပ်တည်နေဆဲဖြစ်ပါတယ်။ Samsung Galaxy Note Edge ရဲ့မျက်နှာပြင်အကျယ်အဝန်းဟာ ၅. ၆ လက်မရှိပြီး အလေးချိန် ၁၇၄ ဂရမ်သာရှိပါတယ်။ မိုက်(ခ်)ခရိုဆင်းမ်ကိုအသုံးပြုရမှာဖြစ်ပြီး Super AMOLED capacitive touchscreen ကိုတပ်ဆင်ပေးထားပါတယ်။ Corning Gorilla Glass 3 ကိုအသုံးပြုထားတဲ့အတွက် မျက်နှာပြင်ကွဲအက်ခြင်းကိုအလွယ်တကူမဖြစ်စေပါဘူး။ Android OS ကိုအသုံးပြုထားကာ Version 4.4.4 (KitKat) ရှိပြီး upgrad to v6.0 (Marshmallow) အထိမြှင့်တင်နိုင်ပါတယ်။ လက်ဗွေရာစနစ်ကိုအသုံးပြုနိုင်ပြီး အခြား Sensor စနစ်တွေဖြစ်တဲ့ accelerometer, gyro, proximity, compass, barometer, UV, heart rate, SpO2 တွေကိုလည်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။ RAM 3 GB ရှိပြီး Internal Memory 32 နဲ့ 64 GB ဆိုပြီးနှစ်မျိုးရှိတဲ့အတွက် မိမိနှစ်သက်ရာကိုရွေးချယ်ဝယ်ယူနိုင်ပါတယ်။ နောက်ကင်မရာ ၁၆ MP ရှိတဲ့အတွက် ဓာတ်ပုံတွေ၊ ဗီဒီယိုတွေရိုက်ကူးရာမှာကြည်လင်တဲ့ရုပ်ထွက်ကိုရရှိစေမှာဖြစ်ပြီး ရှေ့ကင်မရာကတော့ 3.7 MP သာရှိတဲ့အတွက် Selfie ရိုက်ဝါသနာပါသူတွေအတွက်အခက်တွေ့စေမှာဖြစ်ပါတယ်။ GSM Network စနစ်ယာမှာအသုံးပြုနိုင်ပြီး 3G/4G အဆင့်ထိထောက်ပံ့ပေးနိုင်ပါတယ်။ အခြားကြိုးမဲ့ချိတ်ဆက်စနစ်တွေဖြစ်တဲ့ WiFi, Bluetooth, NFC, GPS စတာတွေကိုလည်း အသုံးပြုနိုင်ပါတယ်။ ဘက်ထရီကတော့ Removable Li-ion 3000 mAh ကိုအသုံးပြုထားတဲ့အတွက် 3G အနေအထားမှာ ဖုန်းပြောမယ်ဆိုရင် နာရီပေါင်း ၁၈ နာရီအထိဆက်တိုက်ပြောဆိုနိုင်ပြီး သီချင်းသီသန့်နားထောင်မယ်ဆိုရင်တော့ ၆၇ နာရီနှင့်အထက်အထိအချိန်ကြာကြာသုံးစွဲနိုင်မှာဖြစ်ပါတယ်။



တန်ဖိုး-၈၃၂,၀၀၀ ကျပ်
ဖုန်း-၀၉၄၂၀၇၄၄၀၀၂

## iPhone 6S Plus
09-73171212



1,139,000 Ks

Network : GSM, WCDMA
Display : 5.5 inches
Camera : 12 MP, 5 MP
CPU : 1.84 GHz Dual-Core
OS : iOS 9.3
Memory : 2 GB
Storage : 128 GB

## Samsung Galaxy S7 Edge
09-73171212



900,000 Ks

Network : GSM, WCDMA
Display : 5.5 inches
Camera : 12 MP, 5 MP
CPU : 2.15 GHz Dual-Core
OS : Android 6.0
Memory : 4 GB
Storage : 32 GB

## Samsung Galaxy Note 5
01-8604200



820,000 Ks

Network : GSM, WCDMA
Display : 5.7 inches
Camera : 16 MP, 5 MP
CPU : 1.5 GHz Quad-Core
OS : Android 5.1
Memory : 4 GB
Storage : 32 GB

## Sony Xperia Z5 Premium
01-8604200



809,000 Ks

Network : GSM, WCDMA
Display : 5.5 inches
Camera : 23 MP, 5 MP
CPU : 1.5 GHz Quad-Core
OS : Android 5.1.1
Memory : 3 GB
Storage : 32 GB

## iPhone SE
01-2305401



729,000 Ks

Network : GSM, WCDMA
Display : 4.0 inches
Camera : 12 MP, 1.2 MP
CPU : 1..8 GHz Quad-Core
OS : iOS 9.3
Memory : 2 GB
Storage : 64 GB

## Huawei Mate 8
09-259909991



699,000 Ks

Network : GSM, WCDMA
Display : 6.0 inches
Camera : 16 MP, 8 MP
CPU : 2.3 GHz Quad-Core
OS : Android 6.0
Memory : 4 GB
Storage : 64 GB

## LG G4 Leather
01-391730



699,000 Ks

Network : GSM, WCDMA
Display : 5.5 inches
Camera : 16 MP, 8 MP
CPU : 1.8 GHz Quad-Core
OS : Android 5.1
Memory : 3 GB
Storage : 32 GB

## HTC One M9
01-398436



545,000 Ks

Network : GSM, WCDMA
Display : 5.5 inches
Camera : 16 MP, 8 MP
CPU : 1.8 GHz Quad-Core
OS : Android 5.1
Memory : 3 GB
Storage : 32 GB

# အဆင့်မြင့် အပျော်တမ်း ဓာတ်ပုံဆရာသုံး ကင်မရာ




ဝင်းစံ











တစ်ချိန်က point-to-shot ကင်မရာအမျိုးအစားဆိုတာ အပျော်တမ်းဓာတ်ပုံဆရာတွေအတွက်လို့ ယေဘုယျနားလည်ထားခဲ့ကြတယ်။ ဒါပေမဲ့ လက်ရှိမြင်တွေ့နေရတဲ့ ကင်မရာလောကမှာ ကြေးစားဓာတ်ပုံဆရာများရဲ့ လက်စွဲတော်အဖြစ်အသုံးချယူရတဲ့ point-to-shoot ကင်မရာအမျိုးအစားတွေ အပြိုင်အဆိုင်ထုတ်လုပ်လာကြတာကို တွေ့နေကြရတယ်။ ၂၀၁၆ ခုနှစ်ထုတ် အဆင့်မြင့် point-to-shoot အဆင့်ဝင် ကင်မရာတစ်မျိုးကို Panasonic ကုမ္ပဏီက မိတ်ဆက်ရောင်းချလိုက်ရာ ကြေးစားဓာတ်ပုံဆရာများအကြိုက်ဖြစ်စေပြီး လက်စွဲတော်ကင်မရာအဖြစ် အသုံးပြုကြလိမ့်မယ်လို့ သုံးသပ်ကြည့်မိကြတယ်။ ဒေါ်လာငွေ ၈၀၀ ခန့်နဲ့ တန်ဖိုးသတ်မှတ်ရောင်းချလာတဲ့ Panasonic Lumix DMC-TZ100 ကင်မရာဖြစ်တယ်။ ကိုယ်ထည်အရွယ်အစားက ၁၁၀. ၅ မီလီ×၆၄. ၅ မီလီ×၄၄. ၃ မီလီရှိကာ အလေးချိန်က ၃၁၀ ဂရမ်သာလေးပါတယ်။ အလွယ်တကူ သယ်ယူသွားနိုင်ပြီး လက်ဖဝါးပေါ် တင်ထားနိုင်တဲ့ မော်ဒယ်ပုံစံလေးဖြစ်ပါတယ်။

TZ-100 ကင်မရာရဲ့ထူးခြားတဲ့ အသွင်အပြင်တစ်ရပ်ကတော့ ၁ လက်မအရွယ်အစားရှိတဲ့ 20.1 MP Sensor တပ်ဆင်ထားပြီး 10X Zoom လို့ခေါ်ဆိုသတ်မှတ်နိုင်တဲ့ 25.250 mm equivalent f/2.8-5.9 Leica DC Lens တို့ကို အသုံးပြုထားတာဖြစ်တယ်။ ISO Standard အနေနဲ့ 125 ကနေ 12800 အထိခွင့်ပြုထားတဲ့အပြင် 80-25600 exteuded ပုံစံအထိ သုံးခွင့်ရနိုင်ပါတယ်။

ဖလင်ကင်မရာအဖြစ် Panasnoic ကုမ္ပဏီက ထုတ်လုပ်ခြင်းမရှိပေမယ့် ဒစ်ဂျစ်တယ်ခေတ်အစပိုင်းကတည်းက ကင်မရာထုတ်လုပ်မှုပိုင်းမှာပါဝင်ခဲ့တာဖြစ်တယ်။ အပျော်တမ်းရိုက်ကင်မရာအဆင့်ဝင်ထုတ်လုပ်မှုကဏ္ဍမှာ ၂၀၁၆ ခုနှစ်အတွင်းကစလို့ TZ1 ကိုထုတ်လုပ်ရင်း travel zoom class ဆိုတဲ့ဂုဏ်ပုဒ်နဲ့ ပထမဆုံး ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့တာကို သတိပြုမိကြပါလိမ့်မယ်။ မကြာသေးခင်ကတော့ ဗီဒီယိုနည်းပညာပိုင်းမှာ အရည်အသွေးမြင့်မားတဲ့ 4K အဆင့်ကိုအပျော်တမ်းအဆင့်ဝင် ကင်မရာအတွက် ထည့်သွင်းပေးနိုင်တဲ့အရည်အချင်းတွေရှိလာတယ်။ ဒ့ါအပြင် 4K Photo modes များလည်း ပူးတွဲပါဝင်လာစေတဲ့အတွက် လှုပ်ရှားဓာတ်ပုံတွေကို အရည်အသွေးမြင့်မြင့်ရယူနိုင်တဲ့ကင်မရာတွေဖြစ်သွားစေတယ်။

Point-to-shoot ကင်မရာများကို တချို့က အိတ်ဆောင်ကင်မရာလို့သတ်မှတ်ပြောဆိုသုံးနှုန်းကြတာတွေလည်းရှိပါတယ်။ TZ100 ကင်မရာမှာ အင်္ဂါရပ် (Features)တွေ အများဆုံးဖြည့်ဆည်းပံ့ပိုးထားတာတွေ့ရတယ်။ ပထမဆုံး Lens အနေအထားကိုကြည့်မယ်ဆိုရင် 10X Lens လေးက အလွန်တရာအသုံးတည့်စေတဲ့ 25mm equiavlent telephoto နဲ့ 250mm equiavlent telephoto တို့ကိုအသုံးပြုခွင့်ရနိုင်တယ်။ point-to-shoot ကင်မရာထဲမှာ TZ100 ကိုဒေါ်လာ ၈၀၀ နဲ့ရောင်းချတဲ့အတွက် ဈေးနှုန်းကြီးမြင့်တယ်လို့မှတ်ချက်ပြုနိုင်ပေမယ့် အလွန်ကောင်းမွန်တဲ့ အင်္ဂါရပ်တွေကြောင့် ထိုက်တန်လှတယ်လို့ပြောနိုင်တယ်။ f/2.8-5.9 maximum aparture ဆိုရင် အလွန်နှစ်သက်စရာကောင်းတဲ့ specification အဖြစ် ရှုမြင်နိုင်ကြပါလိမ့်မယ်။ အလင်းရောင်နည်းတဲ့ ပတ်ဝန်းကျင်နဲ့ ရိုက်ကူးယူတဲ့အခါဖြစ်ဖြစ် shallow depth-of-field effects နဲ့ ရိုက်ကူးလိုတဲ့အခါဖြစ်ဖြစ် စိတ်တိုင်းကျရယူခွင့်ရှိပါတယ်။

ဗီဒီယိုရိုက်ကူးရာမှာ 30 fps နှုန်းထားနဲ့အတူ 4K videoရိုက်ကူးနိုင်စွမ်းရှိပြန်တယ်။ ဒ့ါအပြင် 4K Photo mode တို့ 4K Post Focus mode တို့လို ဖြည့်စွက်မှုတွေကလည်း သတ်မှတ်ရောင်းချတဲ့တန်ဖိုးတွေကို မေ့ထားလိုက်နိုင်တဲ့ အင်္ဂါရပ်တွေဖြစ်စေပါတယ်။ Wi-Fi စနစ်ကို အသင့်ထည့်သွင်းတည်ဆောက်ပေးထားတဲ့အတွက် ရိုက်ကူးပြီးသမျှရိုက်ချက်တွေကို စမတ်ဖုန်းတို့ တက်ဘလက် ကွန်ပျူတာတို့ကတစ်ဆင့် မျှဝေပေးပို့နိုင်ခွင့်ရတာကလည်း ကြည်နူးပျော်ရွှင်စရာဖြစ်စေပါလိမ့်မယ်။

ကိုယ်ထည်အသွင်အပြင်မှာ Colour schemes နှစ်မျိုးနဲ့ဝယ်ယူရရှိနိုင်တယ်။ တစ်မျိုးက အားလုံးအနက်ရောင်အဆင်အပြင်ဖြစ်ပြီး နောက်တစ်မျိုးကတော့ အနီရောင်လိုင်းလေးထည့်သွင်းထားတဲ့ Ned version ဖြစ်ပါတယ်။ Viewfinder နဲ့ Screen နှစ်မျိုးစလုံးပါဝင်ပြီး ရိုက်ကွင်းရိုက်ချက်တွေကို စစ်ဆေးကြည့်ရှုခွင့်ရစေတယ်။ Tz 100 မှာ 1.14 million dot electrnoic viewfiner ကိုထည့်သွင်းတည်ဆောက်ပေးထားတဲ့အပြင် ၃ လက်မအရွယ်အစားရှိပြီး 1.04 million dot LCD တစ်ခုလည်း တပ်ဆင်ပါရှိတာကို ဆိုလိုတာဖြစ်တယ်။ အင်မတန်တောက်ပတဲ့ အလင်းရောင်အောက်မှာ ရိုက်ကူးရာမှာလည်း EVF မပါတဲ့တိုင် EVF တပ်ဆင်ထားတဲ့ ကင်မရာထက်ပိုပြီး လွယ်ကူကောင်းမွန်စွာရိုက်နိုင်တယ်။

အပျော်တမ်းသမားဖြစ်ဖြစ် ကြေးစားဓာတ်ပုံဆရာဖြစ်ဖြစ် TZ 100 ကင်မရာလေးကို ဝယ်ယူသင့်မဝယ်သင့် ဆုံးဖြတ်တဲ့အခါမှာ အပေါ်ယံအားဖြင့်လေ့လာသုံးသပ်ရာမှာ အားသာချက်အဖြစ် အင်မတန်မှအသုံးဝင်တဲ့ zoom range နဲ့ရိုက်ခွင့်ရတဲ့အချက်၊ ၁ လက်မအရွယ်အစား sensor အသုံးပြုထားတဲ့အတွက် အလွန်အရည်အသွေးကောင်းမွန်တဲ့ပုံရိပ်များကို ရယူနိုင်ခွင့်ရှိတဲ့အချက်တွေအပြင် new version ကိုအသုံးပြုခွင့်ရတဲ့အချက်တွေကိုတွေ့ရမှာဖြစ်တယ်။ အားနည်းချက်အနေနဲ့ ဝေဖန်ကြည့်ရင်တော့ Electronic viewfinder လေးက အနည်းငယ်သေးငယ်တဲ့အတွက် စိတ်အနှောင့်အယှက်ဖြစ်စေနိုင်တယ်။ ဒါပေမဲ့ အလွန်သွက်လက်ပြီး ထင်ရှားပြတ်သားတဲ့ LCD Screen ကြောင့် အဆင်ပြေသွားစေတယ်။ သီးခြားအားသာချက်တစ်ခုလည်းရှိပါသေးတယ်။ NEC စနစ်ကို အသုံးပြုခွင့်ရတာဖြစ်ပါတယ်။

TZ100 ကင်မရာလေးအနေနဲ့ Panasonic ကုမ္ပဏီထုတ် TZ စီးရီးမှာ နောက်ဆုံးထုတ်ဖြစ်သလို ၂၀၁၆ ခုနှစ်အတွင်း ဈေးကွက်ရောက်ရှိတဲ့ ပြိုင်ဘက်ထုတ်လုပ်သူတို့ရဲ့ အိတ်ဆောင်ကင်မရာအဆင့်ဝင် ကင်မရာများအလယ်မှာ အသစ်စက်စက်ကင်မရာဖြစ်တယ်လို့ ဆိုညွှန်းရုံသက်သက်သာပြဆိုနိုင်တဲ့ ကင်မရာမဟုတ်ပေ။ အံ့အားသင့်လောက်တဲ့အရည်အချင်းတွေ အင်္ဂါရပ်တွေပါရှိတဲ့ ကင်မရာအသစ်အဖြစ် အသိအမှတ်ပြုရတော့မှာဖြစ်ပါတော့တယ်။

# MSc International Healthcare Leadership တက်ရောက်ရန် STUDY ABROAD Information Centre တွင်လျှောက်ထားနိုင်




စင်ကာပူနိုင်ငံ အစိုးရအသိအမှတ်ပြု Edu-Trust (4)yr ရရှိထားသော Singapore Institute of Management (SIM) မှ အသစ်ဖွင့်လှစ်သည့် MSc International Healthcare Leadership ဘာသာရပ်ကို တက်ရောက်လိုသူများအနေဖြင့် Study Abroad Information Centre တွင် လာရောက်လျှောက်ထားနိုင်ပြီ ဖြစ်ကြောင်းသိရသည်။ MSc International Healthcare Leadership ဘာသာရပ်ကို September 2016 တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး အဆိုပါဘွဲ့ဒီဂရီကို ယူကေရှိ The University of Manchester မှချီးမြှင့်ပေးသွားမည်ဖြစ်သည်။

The University of Manchesteronf UK တွင် Ranked (5), Europe တွင် Ranked (8) အနေဖြင့် ရရှိထားသည်ဖြစ်ပြီး Association to Advance Collegiate Schools of Business (AACSB International), Association of MBAs (AMBA) နှင့် European Quality Improvement System (EQUIS) အဖွဲ့အစည်းတို့၏ အသိအမှတ်ပြုမှုကိုလည်းရရှိထားခြင်းဖြစ်သည်။ MSc International Healthcare Leadership ဘာသာရပ်တွင် modules 8 ခုနှင့် A healthcare study project များသင်ကြားရမည်ဖြစ်ပြီး ကျောင်းလခအနေဖြင့် စင်ကာပူဒေါ်လာ ၃၂,၁၀၀ ကုန်ကျမည်ဖြစ်ပါသည်။ တက်ရောက်လိုသော ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် ကျောင်းလခကို (၄)ခါခွဲသွင်းနိုင်မည်ဖြစ်သည်။ Bachelor Degree ကိုင်ဆောင်ထားသော ကျောင်းသူ၊ ကျောင်းသားများ လျှောက်ထားနိုင်ပြီး အင်္ဂလိပ်စာဝင်ခွင့် လိုအပ်ချက် အနေနှင့် IELTS 7.0 ရရှိထားရမည်ဖြစ်ပါသည်။ SIM ၏ MSc International Healthcare Leadeship နှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉-၅၁၅၁၀၀၈ နှင့် ၀၉-၇၃၂၄၂၄၀၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်မည်ဖြစ်သည်။

**ဇေယျာလင်း**

## IP6 Network သင်တန်းကျောင်းမှ Discount Networking အတန်းသစ်များ ဖွင့်လှစ်မည်

IP6 Network သင်တန်းကျောင်းမှ နှစ်သစ်ကူးအထူး Discount အဖြစ် Discount Networking သင်တန်းကို ၂၀၁၆ခုနှစ်၊ မေလ၊ ၁၆ ရက်နေ့တွင်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါတန်းခွဲသစ်တွင်တက်ရောက်မည့်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မည်သည့်တန်းခွဲကိုမဆို တက်ရောက်သူတိုင်းအတွက် အထူးအခွင့်အရေး Discount 20,000 လည်းရရှိခံစားနိုင်စေမည်ဖြစ်သည်။ Network Level 1 (Batch_3) Computer Networking ကို အခြေခံမှစတင်လေ့လာမည့်သူများအတွက် စတင်တက်ရောက်ရမည့် လုပ်ငန်းခွင်ဝင် Class တစ်ခုလည်းဖြစ်ပြီး သင်တန်းပြီးဆုံးပါက Netwotk Engineer တစ်ယောက်အဖြစ် လုပ်ငန်း ခွင်ဝင်ရောက်လုပ်ကိုင်နိုင်စေနိုင်မည်ဖြစ်ပြီး ဆက်လက်လေ့လာမည်ဆိုပါက level 2 - 3 အထိဆက်လက်လေလာသင်ယူနိုင်စေမည်ဖြစ်သည်။ level 2-3 ပြီးဆုံးသွားပါက ပြည်ပနိုင်ငံများတွင်လည်း သွားရောက်အလုပ်လုပ်ကိုင်နိုင်မည်ဖြစ်သည်။ အဆိုပါသင်တန်းသည် Lab Based ဖြစ်သည့်အတွက် Solid_Hands_on_skill များကို ရရှိနိုင်ခြင်း၊ လုပ်ငန်းခွင်တွင်း အမှန်တကယ်အသုံးချလုပ်ကိုင်နိုင်ခြင်း၊ Knowledge များကိုတစ်နေရာတည်းမှာ တစ်စုတစ်စည်းတည်း ပေါင်းစပ်လေ့လာနိုင်ခြင်း၊ Exam အတွက် အလွတ်ကျက်မှက်စရာမလိုပဲ ကိုယ်တိုင်အေးဆေးလွယ်ကူစွာ ဖြေဆိုနိုင်ခြင်း စသည့်အကျိုးကျေးဇူးမျိုးကိုလည်းရရှိနိုင်စေမည်ဖြစ်သည်။အဆိုပါသင်တန်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါ အခန်း ၄၂၊ (၄) လွှာ၊ လှိုင်မြို့နယ်၊ ဖုန်း ၀၉-၄၂၁၀၈၁၈၀၁ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်မည်ဖြစ်သည်။




## Myanmar WWW Institute (M3WI) သင်တန်းကျောင်းမှ PHP (Professional PHP Web Developer) တန်းခွဲသစ်အား စတင်ဖွင့်လှစ်မည်




PHP 5 ကိုအသုံးပြု၍ Dynamic Web Application များကို ကိုယ်တိုင်ရေးသားနိုင်စေရန် သင်ကြားပေးသော သင်တန်းဖြစ်ပြီး အခြေခံအားဖြင့် HTML 5, Javascript အသုံးပြုခြင်းများကိုလည်း ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်သည်။ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် (IT)မှ ကျောင်းသား/သူများ၊ PHP Web Developer အဖြစ် နိုင်ငံတကာတွင်အိုင်တီလုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်လိုသူများ၊ Web နည်းပညာအခြေခံရှိပြီးသူများ တက်ရောက်သင့်သော သင်တန်းဖြစ်သည်။

PHP 5 ၏ New Feature ဖြစ်သည့် OOP Concept များ၊ Database အပိုင်းတွင် MySQL ကိုအသုံးပြုပြီး Dynamic Web Page များကို တည်ဆောက်ရေးသားရမည်ဖြစ်သည်။ PHP & MySQL ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်မည်ဖြစ်ပြီး Logical Thinkingç Problem Solving များကိုပါ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းတွင် Module တစ်ခုပြီးတိုင်း Quiz များ ဖြေဆိုရခြင်းနှင့် Assignment, Project များ ပြုလုပ်ရမည်ဖြစ်၍ သင်တန်းပြီးဆုံးပါက လုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ရောက်နိုင်စေရန်အတွက်လည်း အထောက်အကူဖြစ်စေသော သင်တန်းဖြစ်သည်။ ကမ္ဘာပေါ်တွင် လူသုံးအများဆုံး Social Website ဖြစ်သည့် Facebook သည် PHP ဖြင့်တည်ဆောက်ထားသော Social Website တစ်ခုဖြစ်သောကြောင့်ပြည်တွင်းတွင်သာမက နိုင်ငံတကာတွင် လည်းလစာကောင်းသော အိုင်တီပညာရှင်အဖြစ် ရပ်တည်လိုသူများအတွက် မဖြစ်မနေတတ်မြောက်ထားသင့်သည့် Language တစ်ခုလည်းဖြစ်သည်။ သင်တန်းတွင် စာတွေ့သင်ခန်းစာများထက် Web Developer တစ်ဦးအဖြစ် ရေရှည်ရပ်တည်နိုင်စေမည့် သဘောတရားများ၊ အတွေးအခေါ်နည်းဗျူဟာများကို လက်တွေ့လုပ်ငန်းခွင် ပရောဂျက်များနှင့် ယှဉ်တွဲသင်ကြားပေးသွားမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက MICT Park ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ဖုန်း ၅၂၁၀၂၅၊ ၆၅၂၂၈၈ နှင့် ၀၉-၉၇၂၅၁၄၀၀၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဇေယျာလင်း**



# Android အထဲ Java သုံးစွဲမှုအတွက် လျော်ကြေးဒေါ်လာ သန်း ၉၃၀၀ လိုချင်တဲ့ Oracle

နည်းပညာလုပ်ငန်းအထဲ ကော်ပိုရိတ်ကြီးတွေအကြား တရားစွဲဆို လျော်ကြေးတောင်းမှုတွေဟာအဆန်းတော့မဟုတ်ပါဘူး။စမတ်ဖုန်းရောင်းချမှုနဲ့ပတ်သက်လို့ ထိပ်ဆုံးနှစ်နေရာက Apple နဲ့ Samsung တို့ရဲ့ တရားတဘောင်ဖြစ်ပွားမှုတွေက ထင်ရှားပါတယ်။ဒါပေမဲ့ ဘယ်လိုနည်းနဲ့ပဲ ကြည့်ကြည့် တစ်ခုကိုတစ်ခု အမြစ်ပြတ်အောင် တိုက်ခိုက်နိုင်ခြင်း မရှိတာတော့ သေချာပါတယ်။အခုအခါ လတ်လောအကျဆုံး တရားစွဲဆိုမှုကတော့ ကမ္ဘာ့အကြီးဆုံး software ကုမ္ပဏီနှစ်ခုဖြစ်တဲ့ Google နဲ့ Oracle တို့အကြား ဒုတိယအကြိမ်မြောက်ရင်ဆိုင်ကြတွေ့မှုဖြစ်ပါတယ်။ ဒီကာလရှည်အငြင်းပွားမှုရဲ့ ပထမအချိန်မှာတော့ အရေးအကြီးဆုံး ပြဿနာကိုတော့ ဖြေရှင်းပေးခဲ့ပြီးပြီ ဖြစ်ပါတယ်။

ဒါပေမဲ့အခုတစ်ခါတရားစွဲဆိုမှုကအလားတူရှည်လျားပြီးကြီးမားတဲ့ ဂယက်ရိုက်မှုရှိနိုင်ပါတယ်။အနည်းဆုံးတော့ Android ကမ္ဘာအတွက် ဖြစ်ပါတယ်။အခုခြောက်နှစ်နီးပါးရှိပြီဖြစ်တဲ့ကာလတာအတွင်း Google နဲ့ Oracle အကြား Android ထဲမှာ Java API သုံးစွဲမှုနဲ့ပတ်သက်တဲ့ မူပိုင်ခွင့်ချိုးဖောက်မှုဆိုင်ရာ တရားစွဲဆိုမှုတွေအပြန်အလှန်ဖြစ်ပွားခဲ့တယ်။ဧပြီလအတွင်း ပြီးစီးခဲ့တဲ့ အကြိုနာကြားမှုမှာတော့ OracleကAndroid ကနေGoogle ရရှိခဲ့တဲ့အကျိုးအမြတ်တွေကနေ လျော်ကြေးငွေပမာဏကြီးမားစွာနဲ့ဒေါ်လာ သန်း ၉၃၀၀ ရရှိဖို့ တောင်းဆိုထားပါတယ်။

Oracle က တကယ်တမ်းမှာ Java ရဲ့ မူရင်းပိုင်ရှင်နဲ့ ဖန်တီးသူ မဟုတ်ပါဘူး။ဒီဂုဏ်ပုဒ်ကိုတော့ တစ်ခါတုန်းက ဖြစ်ထွန်းခဲ့ဖူးတဲ့ Sun Microsystems ကပိုင်ဆိုင်ပါတယ်။ ဒီကုမ္ပဏီကို Oracle က ၂၀၁၀ ပြည့်နှစ်အစောပိုင်းမှာ ဝယ်ယူပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။ဝယ်ပြီးတာနဲ့ ချက်ခြင်းလိုလိုပဲ Java ရဲ့မူပိုင်ခွင့်ကို ချိုးဖောက်မှု အနေနဲ့ Oracle က Google ကိုတရားစွဲဆိုခဲ့ပါတယ်။အမှုရဲ့ အနှစ်သာရက Java ကိုယ်တိုင်ကို သုံးစွဲမှုအတွက်ကြောင့် မဟုတ်ပါဘူး။ အချို့သော Java API သုံးစွဲမှုအတွက်ကြောင့်ဖြစ်ပြီး အကျိုးဆက်အားဖြင့် အဲဒီလို API တွေရဲ့မူပိုင်ခွင့်ရှိသင့်မရှိသင့် ကိစ္စအကြောင်း ဖြစ်လာတယ်။

အခုအချိန်အထိတော့ ရှင်းရှင်းလင်းလင်း အနိုင်ရရှိသူမရှိသေးပါဘူး။ဂျူရီအဖွဲ့က ပထမပိုင်းမှာ အဲဒီချိုးဖောက်မှုအတွက် Google က အပြစ်ရှိကြောင်းတွေ့ရှိခဲ့တယ်။ အနည်းဆုံးတော့ Java API ၃၇ ခုအတွက်ဖြစ်ပါတယ်။ဒါပေမဲ့ တရားသူကြီး William Aslup က API တွေဟာမူပိုင်ခွင့်ဥပဒေအကာအကွယ်အောက်မှာ မရှိဘူးလို့ ဆုံးဖြတ်ခဲ့တယ်။ အယူခံတရားရုံးမှာတော့ Alsup ရဲ့စီရင်ဆုံးဖြတ်မှုကို ပြောင်းပြန်လှန်လိုက်ပြီး အမှုကို တရားရုံးသို့ပြန်ပို့လိုက်တယ်။ Google က တရားရုံးချုပ်မှာ အယူခံဝင်ခဲ့ပေမဲ့ နိုင်ငံရဲ့အမြင့်ဆုံးတရားရုံးက မူပိုင်ခွင့်ဆိုင်ရာ တရားစွဲဆိုမှုကို နာကြားမှုမရှိဘူးလို့ ငြင်းပယ်ခဲ့ပါတယ်။

Google ကသူ့ရဲ့ Java API သုံးစွဲမှုဟာ သင့်တင့်စွာအနည်း အကျဉ်းသုံးစွဲမှု fair use ပုံစံအထဲကျရောက်ကြောင်း အမြတမ်း အခိုင်အမာပြောဆိုနေခဲ့တယ်။ ဒီသုံးစွဲမှုပုံစံမှာ မူပိုင်ခွင့်ရှိတဲ့အကြောင်းအရာတွေကို အကန့်အသတ်နဲ့ သုံးခွင့်ပြုထားပါတယ်။ နည်းပညာဘီလူးကြီးနှစ်ဦး မေလမှာ တရားရုံးအထဲပြန်ပြီး ထိပ်တိုက်တွေ့ဆုံတဲ့အခါ ဒါကနောက်တစ်ခါ Google ရဲ့ အကြောင်းပြချက်ဖြစ်လာတယ်။ အခုအခါမှာတော့ Google က Oracle တောင်းခံနေတဲ့ မိုးထိအောင်မြင့်မားတဲ့လျော်ကြေးငွေကိစ္စကို ကိုင်တွယ်ဖြေရှင်းရမှာဖြစ်ပါတယ်။

Oracle ရဲ့ကိုယ်ပိုင် လျော်ကြေးငွေကျွမ်းကျင်သူ တွက်ချက်တဲ့ ဒီ ပမာဏဟာ အမှန်တကယ် လျော်ကြေးငွေ ဒေါ်လာ ၄၇၅ သန်းနဲ့ Android ကနေ Google ရရှိတဲ့ အကျိုးအမြတ် ဒေါ်လာသန်း ၈၈၃၀ ကို ပေါင်းထားတာဖြစ်ပါတယ်။ မိုဘိုင်းလ်ကြော်ငြာနဲ့ app တွေကရတဲ့ အမြတ်တွေပါဝင်တယ်။ ဒါပေမဲ့ လျော်ကြေးငွေကို အမှန်တကယ် မူပိုင်ခွင့်ချိုးဖောက်တဲ့ code အသုံးပြုလို့ရလာတဲ့ အမြတ်ကိုပဲ တွက်ချက်သင့်တယ်လို့ Google ကဝေဖန်တယ်။ ဒီကိစ္စမှာတော့ မူပိုင်ခွင့်ချိုးဖောက်တယ်လို့ဆိုတဲ့ API ၃၇ ခုက Android codebase စုစုပေါင်းရဲ့ သေးငယ်တဲ့အစိတ်အပိုင်း လေးမျှသာရှိတယ်လို့ Google ကဆိုတယ်။ Google ကိုယ်တိုင်ကတော့ လျော်ကြေးငွေဟာ ဒေါ်လာ သန်း ၁၀၀ ဝန်းကျင်ပဲရှိတယ်လို့ တွက်ချက်ထားပါတယ်။

အခုတစ်ဖန် မေလ ၉ ရက်နေ့မှာကျော်ကြားတဲ့ တရားခွင် စစ်ဆေးမှု ပြန်စတဲ့အခါ ကျော်ကြားတဲ့ CEO တွေရဲ့ ထွက်ဆိုမှု၊ ကျွမ်းကျင်သူတွေရဲ့ အစစ်ခံချက်နဲ့ ဂျူရီအဖွဲ့ရဲ့ လုံးဝကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိတဲ့ ဆုံးဖြတ်ချက်တွေနဲ့ ကြုံရစရာရှိပါတယ်။

Code ရေးသားခြင်းနဲ့ အသက်မွေးတဲ့သူတွေအတွက်တော့ သက်ရောက်မှု အများကြီးရှိလာနိုင်ပါတယ်။ အမှုက Application Programming Interface (API) ကို ဘယ်လိုတော့ အသုံးပြုနိုင်ပြီး ဘယ်လိုတော့ အသုံးမပြုနိုင်ဘူးဆိုတာ ဆုံးဖြတ်ရတဲ့အပိုင်းပါဝင်တယ်။ API တွေက မတူတဲ့ code အမျိုးအစားတွေ တစ်ခုနဲ့တစ်ခု ဘယ်လိုဆက်သွယ်ရမယ်ဆိုတာ သတ်မှတ်ပေးတယ်။ တကယ်လို့ အဲဒီ API ပိုင်ရှင်တွေ ကprogramming ဘယ်လိုရေးရမယ်ဆိုတာ ထိန်းချုပ်ဖို့ မူပိုင်ခွင့်ဥပဒေကိုအသုံးပြုနိုင်မယ်ဆိုရင်လုပ်ငန်းနယ်ပယ်အတွင်း အကြီးအကျယ် ပြောင်းလဲသွားမှာပါ။ Developer များစွာအတွက် အထူးသဖြင့် open source software တွေအတွက် ပိုဆိုးတဲ့ဘက်ကိုပဲ ပြောင်းလဲသွားပါလိမ့်မယ်။

အမေရိကန်ရဲ့ Federal Circuit စည်းမျဉ်းအရ ကုမ္ပဏီတစ်ခုဟာ သူ့ရဲ့ API ကနေခေါ်ယူပြီး သူ့ရဲ့ code တွေနဲ့တုံ့ပြန်ဆက်သွယ်မှုကို တားမြစ်ဖို့ရာ မူပိုင်ခွင့်ဥပဒေကို သုံးဖို့ခွင့်ပြုပါတယ်။ များစွာသော နည်းပညာကုမ္ပဏီတွေ၊ software developer တွေနဲ့ open source ကိုအားပေးထောက်ခံသူတွေအတွက် ဒါက မလိုအပ်ဘဲ တရားဥပဒေဆိုင်ရာ အန္တရာယ်တွေ အများကြီးဖြစ်လာစေတယ်။ Oracle v. Google အမှုနောက်ဆက်တွဲ ဝဲဂယက်အဖြစ် တစ်ယောက်ယောက်ရဲ့ API ကိုခေါ်ယူတဲ့အတွက် တရားစွဲခံရနိုင်ပါတယ်။

အမှုအနိုင်အရှုံးအရတော့ Google က တောင်းထားတဲ့ လျော်ကြေးငွေ ဒေါ်လာ သန်း ၉၃၀၀ ပေးရရင်တောင် ငွေကြေးအရ ကြီးမားတဲ့ ရိုက်ခတ်မှုရှိမှာမဟုတ်ပါဘူး။ Google ဟာမနှစ်က Android ကနေပြီး ဒေါ်လာ သန်း ၇၅,၀၀၀ ရှာထားနိုင်လို့ပဲဖြစ်ပါတယ်။



# 4K နှင့်ပတ်သက်၍ သိကောင်းစရာ (၄) ချက်




စိုင်းတင့်ထူး



ဒါကတော့ CNET ရဲ့ ဆောင်းပါးရှင် Sarah Tew ရဲ့ အရေးကြီးလှတဲ့ 4K TV (၃)လုံးနဲ့ တခြား 1080p HD TV တွေနဲ့ side-by-side လက်တွေ့လေ့လာနှိုင်းယှဉ်ကြည့်ရာက သုံးသပ်ချက် (၄)ခု ဖြစ်ပါတယ်။ 4KTV များအကြောင်း သိကောင်းစရာ(၄)ချက်လို့လည်း ဆိုနိုင်ပေသပေါ့။ Sarah Tew အနေနဲ့ ထောင့်ဖြတ် ၆၅ လက်မရှိတဲ့ Samsung UN 65F9000, Panasonic TC-L65WT600 နဲ့မျက်နှာပြင် ထောင့်ဖြတ် ၅၀ လက်မရှိတဲ့ Seiki SE50UX04 တို့နဲ့ Side-by-side နှိုင်းယှဉ်ကြည့်ခဲ့တာပါ။ GENT က နည်းပညာဆောင်းပါးရှင်တစ်ဦးအနေနဲ့ 4K TV တွေ ဘယ်လောက်ကောင်းကြောင်း ရှွန်းရှွန်းဝေအောင်သိထားပေမယ့် ဒီတစ်ချီ report မှာတော့ မြင်မြင်တဲ့အတိုင်း၊ တွေ့တွေ့တဲ့အတိုင်း လူပိန်းခံစားချက်စံစံပဲ အများသိအောင် ဟစ်ကြွေးထားပါတယ်။

(၁)အချက်ကတော့ ထောင့်ဖြတ် ၆၅ လက်မအရွယ် 4K/UHD TV တွေနဲ့ သူ့ထက် resolution (၄)ဆနိမ့်တဲ့ 1080P/HD TV တွေမှာ Blu-ray discs player နဲ့ချိတ်ပြီး ဗီဒီယိုကြည့်ရာမှာ သိသာထင်ရှားတဲ့ ကွဲပြားခြားနားမှုမရှိလှသလောက်ပဲလို့ဆိုပါတယ်။ 4K/UHD မှာ 1080P HD ထက် pixel အရေအတွက် (၄)ဆပိုပါတယ်ဆိုတာ ဘာမှထူးခြားသိသာကွဲပြားမှုမရှိပါဘူး။ သင့်တော်တဲ့ seating distance အကွာအဝေးတစ်ခုကကြည့်ရင် 4K TV နဲ့ 1080P HD TV ပေါ်မှာပေါ်တဲ့ ပုံရိပ်တွေဟာ အတူတူလောက်ပါပဲ။ အရမ်းကပ်ပြီးကြည့်ရင်တော့ pixel ပုံဖော်စက်တွေကို နီးနီးကပ်ကပ်မြင်ရလို့သိသာကွဲပြားမှုတော့ရှိပါတယ်။ ဒါပေမဲ့ ထောင့်ဖြတ် ၆၅ လက်မရှိတဲ့ တီဗီတစ်ခုကို ဘယ်သူကမှအဲဒီလောက်အနီးကပ်မကြည့်ပါဘူး။ pixel density များတိုင်း ကောင်းတယ်ဆိုတာ တီဗီတွေအတွက်မဟုတ်ဘူးလို့ပဲပြောရမယ်။ ဒါပေမဲ့ computer monitor, tablet နဲ့ ဖုန်းတွေမှာတော့ မျက်လုံးနဲ့အနီးကပ်ကြည့်ရတဲ့သဘာဝရှိတာကြောင့် pixel density များက ပိုကောင်းပါတယ်။ ဒါကြောင့် Apple's Display နာမည်ကြီးတာပေါ့။

(၂)အချက်ကတော့ အကောင်းဆုံး picture quality ကိုလိုချင်ရင် ၂၀၁၆ ခုနှစ်မှာထုတ်မယ့် 4K LCD TV တွေကိုသာဝယ်ပါလို့ တိုက်တွန်းချင်ပါတယ်။ ဒီကနေ့ ဈေးကွက်ပေါ်မှာရှိတဲ့ 4K Flat panel TV တစ်နည်းပြားပြားပါးပါး 4K TV တိုင်းဟာ LCD Panels illuminated by LEDs ဖြစ်ပါတယ်။ ရှေ့ကအလင်းတံခါးအဖွင့်အပိတ်လုပ်ပေးတဲ့ LCD အလွှာနဲ့ နောက်ခံမီးအဖြစ် LED အလင်းထုတ်ပြီး မီးထိုးပေးတာပါ။ LED အလင်းနောက်ခံပေါ့။ အခုတော့ ထုတ်လွှင့်လာတဲ့ ရုပ်သံအချက်ပြတွေမှာ pixel and sub-pixels တွေကို ဘယ်လောက်အလင်းအားဘယ်လိုအရောင်တွေစပ်ပြီး ပုံဖော်ပေးရမလဲဆိုတဲ့ အသေးစိတ်ညွှန်ကြားချက် meta-data တွေပါ ရှိလာတဲ့ HDR Signal တွေဖြစ်လာသလို နောက်ခံအလင်းအားကို တစ်ပြင်လုံးမဟုတ်ဘဲ မလိုတဲ့နေရာကို မှိတ်လိုတဲ့နေရာကိုအလင်းပေးမယ့် Local dimming of LED backlights စနစ်လို picture quality enhanment စနစ်တွေပေါ်လာပြီဖြစ်လို့ 4K LCD TV တွေဝယ်မယ်ဆိုရင် ၂၀၁၆ ခုနှစ်ထုတ်တွေဝယ်ပါလို့ အကြံပြုလိုပါတယ်။

(၃) အချက်ကတော့ 4K Resolution နဲ့ ရုပ်ထွက်အပြည့်အဝခံစားစေနိုင်မယ့် 4K ရုပ်ရှင်ဗီဒီယို ရုပ်သံအစီအစဉ်တစ်နည်း 4K content တွေရှားပါးနေသေးပေမယ့် တစ်လောကလုံးကတော့ 4K မှ 4K ဖြစ်လာသလို 4K TV တွေဟာလည်း အများစုသုံးနိုင်မယ့် ဈေးနှုန်း mainstream-level prices ကို ထိုးဆင်းလာနေပါပြီ။ အထူးသဖြင့် LCD TV တွေဟာ နည်းပညာအရ 4K resolution အဖြစ်ထုတ်ဖို့ လွယ်ကူအဆင်ပြေတဲ့သဘောရှိတယ်။ ဒါကြောင့် panasnoic ကုမ္ပဏီရဲ့ ၂၀၁၆ ခုနှစ်မှာထုတ်မယ့် မျက်နှာပြင်ထောင့်ဖြတ်လက်မ ၆၀ နဲ့အထက်တီဗီတွေရဲ့ ၄၀% ဟာ 4K LCD တီဗီတွေဖြစ်မယ်တဲ့။ Display Search ရဲ့ လေ့လာချက်စစ်တမ်းအရ ၂၀၁၄ ခုနှစ်တစ်ခုတည်းတင် 4K TV အရေအတွက် သန်း ၃၀ ကျော်ရှိခဲ့ပါသတဲ့။ အခုဆိုရင် တရုတ်နိုင်ငံထုတ်ဈေးပေါပြီး အရည်အသွေးကောင်းတဲ့ Seiki နဲ့ TCL 4K TV တွေပေါ်ထွက်နေပါပြီ။ လက်မ ၅၀ အရွယ်အစား 4K TV တစ်လုံးကို ဒေါ်လာ ၁၀၀၀ ဝန်းကျင်ဈေးနှုန်းပဲရှိပါတော့တယ်။

(၄) အချက်ကတော့ 4K TV ပေါ်မှာ အမြင်ပိုင်းဆိုင်ရာ အရသာအပြည့်ပေးစွမ်းမယ့် 4K Content တွေ ရှားပါးနေသေးတာမို့ 4K TV တွေဟာ 1080P HDTV တွေကို ချက်ချင်းလက်ငင်း လျင်လျင်မြန်မြန်အစားထိုးနိုင်ဦးမှာမဟုတ်ပါဘူး။ တီဗီကြည့်တဲ့ ပရိသတ်အများစုအနေနဲ့ မူလလက်ဟောင်း 1080p HDTV တွေကိုပဲ နှစ်အတန်ကြာ ဆက်လက်ဆွဲကိုင်နေကြဦးမှာပါပဲ။ လောလောဆယ်အားဖြင့်တော့ YouTube နဲ့ Netflix တွေမှာ 4K Streaming လုပ်ပေးလာပါပြီ။ 4K Blu-ray dics and player တွေလည်း ပေါ်ထွက်လာနေပြီ။ ရုပ်သံထုတ်လွှင့်သူတွေကတော့ 4K broadcasting လုပ်နိုင်ဖို့ infrastructure တွေအောက် ဖြေသိမ့်ပြောင်းလဲရမှာကြောင့် နှစ်ပေါင်းအချိန်ယူရပါဦးမယ်။ ရေဒီယိုကြိမ်နှုန်းခွဲတမ်းတွေကလည်း အကန့်အသတ်ရှိတယ်မဟုတ်လား။



Information • Communication • Technology • Lifestyle
Digital life
Technology Journal

**Chief Executive Officer**
Lynn Htet Htun
**Managing Editor**
U Thaung Winn (Pann Cherry)
**Online Editor In Charge**
Nyi Nyi Thet Paing Maw (UCSY)
**Online Programme Editor**
Aung Maw Oo
**Editor In Charge**
Kyaw Zeya (MIT)
**Editors**
Sai Tint Htoo, Thu Ya(UCSY), Hla Htut Soe,
**Assistant Editor**
Nay Oo Lwin, Tun Tun
**Reporters**
Kaung Myat Yar, Zayar Linn
Kyaw Htet (Upper Myanmar)
Aung Maw Oo (Freelance Reporter)
**Contributors**
U Myo (IT Antique),Kyaw Sithu (Thu Nanda Khit),
Sann Wai Thu, Paing Soe Hein, Kyaw Mon Oo,
Ko Htet, Khaing Linn (Technological University),
Minn Thway Nyi (UCSY)
**Designers**
Wai Zaw Nyein, Lin Lin
**Admin Manager**
Moe Myat Myat Minn
**Marketing**
Myat Thida Aye, Paing Soe Oo
**Public Relation Manager**
Aung Naing
**Distribution & PR**
Naing Minn Soe
**Office Staff**
Soe Waiyan Aung
**Publisher**
Daw Khin Thuzar Linn (License-00473)
**Press**
Moe Kyaw Thu, Nay Thit Oo (License-00163),
No.169, 34 Street(Upper),Kyauktadar,Yangon
**Yangon Head Office**
No.157 (Second Floor), 47Street (Upper Block),
10th Quarter, Botahtaung Township, Yangon.
01-392669, 09-258160603, 09-258160604,
09-258160605, 09-73186027(Hot Line)
www.myanmardigitallife.com
www.facebook.com/MyanmarDigitalLife
myanmardigitallife@gmail.com
**Mandalay Office**
Thiri Malar Apartment, Cherry Building,
Room(6), Between 23rd St x 88th St,
Aung Myay Thar Zan Tsp, Mandalay. 09 43186661
**Mawlamyine Office**
No(10),Maggin Street,Mayangone Quarter,
Mawlamyine, Mon State
Ph:057-21217

# Window Basics

**What is Windows?**

Microsoft Windows is an example of a type of software called an operating system. The operating system controls all the basic tasks your computer performs, such as running application software, manipulating files on storage devices, and transferring data to and from printers, digital cameras, and other devices. The operating system also controls the user interface—the buttons, menus, and controls you see on the screen and how you use them.

**What is the Windows Start screen?**

The Windows Start screen offers a quick way to access many computer tools, including apps, e-mail, and social sites (Figure 4).




***Figure 4***

Windows 8 is ready to use when it displays the Start screen. Youcan click any of the colored tiles to select tools and apps. Toview a Windows desktop similarto the one in Figure 5, click the Desktop tile. Any time you want to get back to the Start screen, press the Windows key on your keyboard.

**What is the Windows desktop?**

**Windows 7 and earlier versions have no Start screen. Instead, they start by displaying the Windows desktop shown in Figure 5.**




***Figure 5***

Desktop icons can represent programs, documents, folders, or other electronic tools. The taskbar is the area displayed at the bottom of the desktop.

The Start button displays the Start menu, which lists programs installed on your computer. Windows 8 has no Start button or Start menu. The Start menu lists application and utility programs installed on your computer.



## 01 ACONATIC 32" HD LED (DVB-T2) TV MODEL : AN-LT3233 (2016 NEW MODEL)

ဈေးကွက်အတွင်း အသစ်ဝင်ရောက်လာသော ACONATIC အမှတ် တံဆိပ် 32" HD FLAT LED TV အမျိုးအစားဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်ထုတ် မော်ဒယ်လ်သစ် အမျိုးအစားဖြစ်ပြီး RESOLUTION (1366×768) အမျိုးအစားဖြစ်ပါတယ်။ ASPECT RATIO 16 : 9 အမျိုးအစားဖြစ်ပြီး AUDIO OUTPUT POWER မှာ 10 WATT SPEAKER နှစ်လုံးကိုအသုံးပြုထားပါတယ်။ DYNAMIC CONTRAST အမျိုးအစား ဖြစ်ပြီး USB THUMB DRIVE အသုံး ပြုနိုင်သောကြောင့် သုံးစွဲသူတွေအကြိုက်တွေ့စေမှာဖြစ်ပါတယ်။ SUPER SLIM အမျိုးအစားဖြစ်ပြီး အခမဲ့ ရုပ်သံလိုင်းများကို ဖမ်းယူကြည့်ရှုရန် DIGITAL TUNER (DVB-T2) ပါရှိပါတယ်။

**Price - 215,000 Ks,** Contact : MULTI GENERATION ELECTRONICS Ph-09-73240123



## 02 LG Refrigerator GN-D702HSAL

Door-in Door TM ဒီဇိုင်းအသစ်ဟာ ရေခဲသေတ္တာထဲမှာ သင့်အတွက် နေရာလွတ်ပိုရစေပြီး စွမ်းအင်ချွေတာပြီးသားလည်းဖြစ်စေပါတယ်။ Inverter ကွန်ပရက်ဆာကလည်း လျှပ်စစ်သုံးစွဲမှုကိုလျှော့ချပေးပြီး ပိုအကြမ်းခံစေကာ LG မှ အဆိုပါကွန်ပရက်ဆာကို ၁၀ နှစ်အာမခံပေးထားပါတယ်။ Hygiene သန့်စင်သစ်လွင်မှုအလွှာ ၄ ခုနဲ့ အတွင်းပိုင်း သစ်လွင်သန့်စင်စေတဲ့လေပါဝင်တာကြောင့် ဘက်တီးရီးယားများကို ၉၉. ၉၉၉% အထိ သေစေနိုင်ပါတယ်။ Safety ဖန်သားပြင်အလွှာအဆင့်မှာ အလေးချိန် ၁၅၀ ကီလိုဂရမ်အထိတင်ဆောင်နိုင်တာကြောင့် ပိုမိုအကြမ်းခံပြီး အိမ်ရှင်မများ ကြိုက်နှစ်သက်မယ့် ဒီဇိုင်းဖြစ်ပါတယ်။

**Price - 899,000 Ks,** Contact - LG Showroom Center, Ph : 01-254559



## 03 SAMSUNG TWIN TUB WASHING MACHINE MODEL: WT-10J7 (8KG)

ထိုင်းနိုင်ငံမှ ထုတ်လုပ်သော SAMSUNG အမှတ်တံဆိပ် အဝတ်လျှော်စက် (နှစ်ကန်)အမျိုးအစားဖြစ်ပါတယ်။ ရှစ်ကီလိုဂရမ်ထိ လျှော်ဖွပ်နိုင်သော အရွယ်အစားဖြစ်သောကြောင့် အဝတ်ထည်များများကို တစ်ခါတည်းလျှော်ဖွပ်နိုင်ပါတယ်။ POWERFUL PULSATOR ပါရှိသောကြောင့် အဝတ်များကိုပွတ်တိုက်နည်းဖြင့် လျှော်ဖွပ်သောကြောင့် ပိုမိုသန့်ရှင်းစေပါတယ်။ WASH CYCLE SELECTOR ပါရှိသောကြောင့် ကြိုက်နှစ်သက်ရာ ရွေးချယ်လျှော်ဖွပ်နိုင်ပါတယ်။ ဒါ့အပြင် အဆင့်မြင့်နည်းပညာဖြစ်သော AIR TURBO DRYING SYSTEM ပါရှိသောကြောင့် အဝတ်များကို အခြောက်နီးပါးပြုလုပ်ပေးပါတယ်။

**Price - 170,000 Ks,** Contact - MULTI GENERATION ELECTRONICS , Ph-09-73240123

## 04 LG Aircon Floor Standing (TPC186SLVO)

အစည်းအဝေးခန်းမ၊ အလုပ်ခန်းမစသည်ဖြင့် ကျယ်ဝန်းသောအခန်းကျယ်တွေမှာ လေအေးပေးစက်တပ်ဆင်မယ်ဆိုရင် LG ရဲ့ Floor Standing လေအေးပေးစက်က အဆင်သင့်ရှိနေပါတယ်။ LG Floor Standing က အပေါ်အောက်၊ ဘယ်ညာလှုပ်ရှားနိုင်တဲ့ Auto Swing Louver နဲ့ စိတ်ချမ်းမြေ့စရာလေအေးများကို မှုတ်ထုတ်ပေးနိုင်ပါတယ်။ ဖုန်မှုန့်နှင့် ဘက်တီးရီးယားပေါက်ဖွားခြင်းကို Anti-bacterial Filer က တာကွယ်တားဆီးပေးပြီး ကျန်းမာရေးနဲ့ညီညွတ်သော စိတ်ချမ်းမြေ့စရာလေထုကို ဖန်တီးပေးပါတယ်။

**Price - 869,000 Ks ,** Contact - LG Showroom, Ph : 01-254559





## 05 EPSON ALL IN ONE COLOUR PRINTER MODEL : L220

ဈေးကွက်အတွင်း အသစ်ဝင်ရောက်လာသော EPSON အမှတ်တံဆိပ် ALL IN ONE (PRINT / COPY / SCAN) သုံးမျိုးစိတ်ကြိုက်အသုံးပြုနိုင်သော COLOUR PRINTER အမျိုးအစားဖြစ် ပါတယ်။ EPSON INK BOOTLE (BLACK / MAGENTA / YELLOW / CYAN) COLOUR လေးရောင်အသုံးပြုနိုင်ပါတယ်။PRINT RESOLUTION (5760 X 1440) DPI အမျိုးအစားဖြစ်ပြီး SCAN RESOLUTION (600×1200) DPI အမျိုးအစားဖြစ်ပါတယ်။ PRINT SPEED မှာ ကာလာဖြင့်ထုတ်လျှင် 3.5 PAGES / MIN ဖြစ်ပြီး MONOCHROME ဖြင့်ထုတ်လျှင် 7 PAGES/MIN ဖြစ်ပါတယ်။

**Price - 140,000 Ks ,** Contact - MULTI GENERATION ELECTRONICS WHOLESALES CENTRE, PH : 09-73240123




## Remax Portable Rechargeable Fan

**01** ဒီဇိုင်းပိုင်းအနေဖြင့် သေးငယ်ပေါ့ပါးကာ သယ်ဆောင်ရလွယ်ကူစေသော Remax Portable Rechargeable Fan အမျိုးအစားလေးအေးစက်ကလေးပဲဖြစ်ပါတယ်။ ပန်ကာလေးရဲ့လေတိုးအားကိုတော့ Level အားဖြင့် အဆင့် (၃)ဆင့်နှင့် ညှိယူအသုံးပြုနိုင်စေပြီး ခရီးသွားရင်းပဲသုံးသုံး၊ အိမ်နေရင်ပဲသုံးသုံး၊ ရုံးသုံးပဲဖြစ်ဖြစ် အဆင်ပြေစေမှာဖြစ်ပါတယ်။ ဓာတ်ခဲတစ်လုံးတည်းနှင့်ပင်လျှင်အသုံးပြုနိုင်ပြီး ပန်ကာလေးရဲ့ဘေးတစ်ဖက်တွင်လည်း မီးအလင်းရောင်ပေးနိုင်သော မီးသီးလေးလည်းပါရှိပါတယ်။

**Price - 9,000 Ks,** Contact : Big Icon, Ph-09-26244788




## 03 ရေငွေ့ဖြန်း Mini Air Cooler (New)

ဈေးကွက်အတွင်းသို့ အသစ်ထွက်ရှိလာသော Mini Air cooler လေးပဲဖြစ်ပါတယ်။ ရေခဲရည်ထည့်ပြီး အသုံးပြုရမှာဖြစ်ပါတယ်။အခန်းတွင်း temperature မြင့်နေချိန်တွင် အလွယ်တကူ လျှော့ချနိုင်စေရန် ရေငွေ့ဖြန်း Pump ဖြင့်ပါရေငွေ့ဖြန်းနိုင်စေမှာဖြစ်ပါတယ်။ ဒီဇိုင်းလှပသေသပ်ပြီး အလွယ်တကူသယ်ယူအသုံးပြုနိုင်သော Portable Type ပဲဖြစ်ပါတယ်။

**Price - 12,000 Ks,** Contact - Harrier Mobile, Ph-09-979987611



## 02 Nibban 2.1 Channel Subwoofer Speaker MSS-829UFBT

Nibban မှထုတ်လုပ်လိုက်သော 2.1 Channel Subwoofer Speaker လေးကတော့ FM Radio ပါရှိပြီး USB နှင့် SD card ပေါက်များပါဝင်သဖြင့် USB နှင့် SD card များအတွင်းရှိ သီချင်းများကို တိုက်ရိုက်ဖွင့်၍ နားဆင်နိုင်စေမှာဖြစ်ပါတယ်။ Bluetooth Function လည်းပါဝင်ပါတယ်။ Remote Control ပါဝင်သဖြင့် သုံးစွဲသူအတွက် အဆင်ပြေနိုင်စေမှာဖြစ်ပါတယ်။ Digital Display ပါဝင်ပြီး 2.1 Ch Speaker Box လည်းပါဝင်ပါတယ်။

**Price - 69,000 Ks,** Contact -Shop.com Shopping, Ph-01-8604371

## 04 SP/Silicon Power new Product power bank P52

SP/Silicon Power မှအသစ်ထုတ်လုပ်လိုက်သော power bank series တစ်ခုဖြစ်သော Power-P52 ပဲဖြစ်ပါတယ်။ P52 ရဲ့ထူးခြားသော အသွင်အပြင်များကတော့ Smart IC နည်းပညာနှင့် 2.4 output အသုံးပြုထားသောကြောင့် charging speed ကိုပိုမိုမြန်ဆန်စေပြီး စွမ်းဆောင်ရည်ကိုသာလွန်ကောင်းမွန်စေပါသည်။ အကောင်းဆုံးနည်းပညာတစ်ခုဖြစ်သော Smart IC နည်းပညာသည် မိုဘိုင်းလ်ပစ္စည်းများကို အလျှင်မြန်ဆုံး အမြန်နှုန်းနှင့်ယုံကြည်စိတ်ချစွာ charging ပြုလုပ်နိုင်ပါသည်။

**Price - PowerP52 -5200Amh - 14900ks ,**
Contact - Golden Power Technology, Ph : (01-2304848~52)



## Water Proof Camera

**05** ရေစိမ်ခံ၊ ရေစိုခံနိုင်စေသော Film Camera ပဲဖြစ်ပါတယ်။မိုးရာသီ မှာအတွက် အထူးသင့်လျော်စေပြီး ဓာတ်ခဲထည့်သွင်းရန်မလိုစေဘဲ Manual စနစ်ဖြစ်ပြီး Film လိပ်ထည့်သွင်းပြီးရိုက်ကူးနိုင်စေမှာဖြစ်ပါတယ်။ ရေကူးကန်အတွင်းရေအနက် ၅၀ အထိ ရိုက်ကူးနိုင်စေပြီး ကမ်းခြေများနှင့် မိုးရာသီ မိုးရေအတွင်း ရိုက်ကူးနိုင်စေမှာဖြစ်ပါတယ်။

**Price - 22,500 Ks ,** Contact - Harrier Mobile, Ph-09-979987611





## USB Mini Fan

**01** ပူအိုက်တဲ့ရာသီများတွင် ရိုးရှင်းလွယ်ကူပေါ့ပါးစွာဖြင့် အသုံးပြုနိုင်တဲ့ USB Mini Fan လေးပါ။ OTG ကို Support လုပ်ပေးတဲ့ ဖုန်းတိုင်းအသုံးပြုလို့ရနိုင်ပြီး ဖုန်းအားသွင်းကြိုးထိုးတဲ့အပေါက်မှာ တပ်လိုက်ရုံပဲဖြစ်ပါတယ်။ လူကိုအန္တရာယ်မရှိသလို လေအားကလည်း အတော်လေးကောင်းမွန်ပါစေပါတယ်။ ခုနောက်ပိုင်းဆို ဖုန်းတော်တော်များများလည်း OTG စနစ်ပါလာကြပါပြီ။ ကိုယ်တိုင်မသိရင်လည်း နီးရာဖုန်းဆိုင်မှာဖုန်းပြပြီး OTG စနစ်ပါမပါ မေးကြည့်လို့ရပါတယ်။ တခြား Brand တွေလည်း OTG Support လုပ်ရင်သုံးလို့ အဆင်ပြေပါတယ်။

**Price** - **3,000 Ks ,** Contact : 09-976747876, 01-526605




## 03 မြန်မာစာပါ GSM Smart Clock

ဈေးကွက်အတွင်းသို့ အသစ်ရောက်ရှိလာသော GSM Smart Clock လေးကတော့ တခြားသော Version များနှင့်မတူစေဘဲ ဇီဇိုင်းပိုင်းပိုမိုဆန်းသစ်ကောင်းမွန်စေပြီး မြန်မာစာစနစ်ပါဝင်စေသည့်အတွက်ကြောင့် တယောက်နှင့်တစ်ယောက် Message ပို့မှုများကို ပိုမိုလွယ်ကူစွာဖြင့်ဖတ်ရှုနိုင်စေမှာပဲဖြစ်ပါတယ်။ Telenor & MPT SIM Card များထည့်သွင်းအသုံးပြုနိုင်စေပြီး Memory Card 32 GB အထိထည့်သွင်းအသုံးပြုနိုင်စေမှာဖြစ်ပါတယ်။ Camera လည်းဓာတ်ပုံရိုက်နိုင်ပြီး အသံဖမ်းခြင်း၊ ပြေးနှုန်းတိုင်းတာခြင်း၊ Lost alarm Bluetooth Function နှင့် တခြားသော Function ပေါင်းများစွာလည်းပါဝင်သော Smart နာရီလေးပဲဖြစ်ပါတယ်။

**Price** - **32,000 Ks,** Contact - Harrier Mobile, Ph-09-979987611



## 02 12X Mobile Telescope Lens (Metal)

မိုဘိုင်းလ် Phone များနှင့်ချိတ်ဆက်၍ အသုံးပြုနိုင်တဲ့ အဝေးရှိအရာဝတ္ထုများနှင့် ရှခင်းများကို လှမ်းဆွဲပြီး ၁၂ ဆအထိပုံကြီးချဲ့၍ဓာတ်ပုံရိုက်ကူးနိုင်သော 12X mobile telescope မှန်ဘီလူးပဲဖြစ်ပါတယ်။ Universal Type ဖြစ်သဖြင့် မည်သည့် handset အမျိုးအစားမဆို Adjust ပြုလုပ်၍တပ်ဆင်အသုံးပြုနိုင်ပြီး ပုံရိပ်အားအတိုးအလျှော့ပြုလုပ်နိုင်စေမှာဖြစ်ပါတယ်။ ထို့အပြင် tripod လည်းပါဝင်သည့်အတွက်ကြောင့် ဓာတ်ပုံအားလက်ဖြင့်ရိုက်ကူးစဉ် ပုံထွက်ဝါးခြင်းများကို ကင်းဝေးနိုင်စေပြီး tripod တွင်တင်ကာ အသာအယာရိုက်ကူးနိုင်စေမှာဖြစ်ပါတယ်။

**Price** - **25,000Ks,** Contact -Harrier Mobile, Ph-09-979987611

## 04 Samsung ဖုန်စုပ်စက် VCC4130S37

Samsung မှ ထုတ်လုပ်သော VCC4130S37 ဖုန်စုပ်စက်ကတော့ ဖုန်များကို အလွယ်တကူရှင်းလင်းပေးနိုင်ပြီး လူကိုယ်တိုင်ဝင်ရောက်ရှင်းလင်းရန်ခက်ခဲသည့်နေရာများတွင်ပင် သန့်ရှင်းသပ်ရပ်အောင် ရှင်းလင်းပေးနိုင်စေမှာဖြစ်ပါတယ်။ ပါဝါအားကိုလည်း မိမိစိတ်ကြိုက် ချိန်ညှိနိုင်မည်ဖြစ်သောကြောင့် မီးအားစားမှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။ ပုံစံနှစ်မျိုးဖြင့်အသုံးပြုနိုင်မည်ဖြစ်သောကြောင့် သုံးစွဲသူများ စိတ်ကြိုက်ဖြစ်စေမည့် ဖုန်စုပ်စက်လေးဖြစ်ပါတယ်။

**Price** - **72,000 Ks,** Contact-Shop.com Shopping Ph-01-8604371






## Dahua IP Camera -HFW4421EP

**05** တရုတ်နိုင်ငံကထုတ်လုပ်ထားသော Dahua IP Camera လေးဟာဆိုရင်ဖြင့် ဈေးဆိုင်သုံးနှင့် ရုံးခန်းသုံးချင်သူများအတွက် အထူးအဆင်ပြေစေနိုင်ပြီး မြင်ကွင်းအကျယ်အားဖြင့် 3.6 mm Lens တပ်ဆင်ထားပါတယ်။ ညဖက်မှောင်မိုင်းချိန်များတွင်ပါ မြင်ကွင်းများကို မှုံဝါးစေခြင်းမရှိပဲ ထင်ထင်ရှားရှားဖြင့် တွေ့မြင်နိုင်စေပြီး 12V DC နှင့်အလုပ်လုပ်ပေးနိုင်စေပါတယ်။

**Price** - **114,000 Ks ,** Contact - AGK , Ph-01-249281

## ODD NEWS

### Facebook က ၁၀ နှစ် အရွယ် ကလေးငယ်ကို ဆုငွေ ဒေါ်လာ ၁၀,၀၀၀ ချီးမြှင့်



ဖင်လန်နိုင်ငံမှ ကလေးငယ်က Instagram ကို Hack ပြီး အသုံးပြုသူများရဲ့ Messages များကို ဖျက်ပြလိုက်ပါတယ်။ အဲဒီအတွက် သူ့ကို Facebook က ဒေါ်လာ ၁၀,၀၀၀ ချီးမြှင့်ခဲ့ပါတယ်။ ၁၀ နှစ်အရွယ် Jani ဟာ Facebook နဲ့ Instagram ကို အသုံးပြုရတဲ့ အရွယ်မဟုတ်သေးပါဘူး။ ဒါပေမယ့် သူက Account ထဲကို Login မဝင်ဘဲနဲ့ User များရဲ့ Comments များကို ဖျက်ဆီးပြခဲ့ပါတယ်။ Jani က Comments Box မှာ Code များကို ရိုက်ထည့်နိုင်မယ့်နည်းလမ်းကို ရှာဖွေတွေ့ရှိခဲ့ပြီး Comments များကို ထိန်းချုပ်တဲ့ Servers များကို ဖောက်ထွင်းနိုင်ခဲ့ပါတယ်။ Facebook မှ အရာရှိတစ်ယောက်က Instagram မှာ စမ်းသပ်တဲ့အနေနဲ့ Comment တစ်ခုကို ပြုလုပ်ခဲ့ပါတယ်။ ကလေးက အဲဒါကိုဖျက်ပြခဲ့ပြီး ဆုငွေ ဒေါ်လာ ၁၀,၀၀၀ ရခဲ့ပါတယ်။ Facebook က သူ့ရဲ့ လူမှုကွန်ရက်နဲ့ သူပိုင်တဲ့ Instagram ဓာတ်ပုံလူမှုကွန်ရက်ရဲ့ လုံခြုံရေး ဟာကွက်များကို ဖော်ထုတ်ပေးနိုင်တဲ့ ဟက်ကာများကို ဆုငွေချီးမြှင့်တဲ့ အစီအစဉ်ကို ပြုလုပ်ပေးထားတာဖြစ်ပါတယ်။ Jani ဟာ Facebook ထံမှ ဆုငွေရတဲ့ အသက်အငယ်ဆုံး ဟက်ကာဖြစ်လာပါတယ်။

### ဂျာမနီကုမ္ပဏီက အငှားလေယာဉ်များ ဖန်တီးနေ



ဂျာမနီ ကုမ္ပဏီက အငှားလေယာဉ်များကို ဖန်တီးနေပြီး လာမယ့် နှစ်နှစ်အတွင်းမှာ ဝန်ဆောင်မှုကို ပြုလုပ်ပေးတော့မှာဖြစ်ပါတယ်။ ဂျာမနီအခြေစိုက် e-Volo က ဒယာတ်များစွာပါတဲ့ Volocopter အမည်ရ အငှားလေယာဉ်များကို ဖန်တီးနေပါတယ်။ အနာဂတ်မှာ အငှားလေယာဉ်များကို ငှားရမ်းစီးနင်းနိုင်တော့မှာဖြစ်ပါတယ်။ ဒယာတ် ၁၈ ခုပါပြီး လေထဲမှာ အသံအလွန်တိတ်ဆိတ်စွာ ပျံသန်းနိုင်အောင် ပုံစံထုတ်ထားပါတယ်။ လူနှစ်ယောက်စီးနင်းနိုင်ပြီး ဘက်ထရီ ခြောက်ခုနဲ့ မောင်းနှင်တာပါ။ လက်ရှိမှာ မိနစ် ၂၀ အထိ ပျံသန်းနိုင်ပါတယ်။ e-Volvo က တစ်နာရီအထိ ပျံသန်းနိုင်အောင် တီထွင်နေပါတယ်။ လေယာဉ်ဟာ မြေပြင်ကနေ ဒေါင်လိုက် ပျံတက်နိုင်သလို ဒေါင်လိုက်ဆင်းသက်နိုင်ပါတယ်။ လေယာဉ်ကို ခရီးသည်များနဲ့ စမ်းသပ်ဖို့ ခွင့်ပြုချက်ရပြီးပါပြီ။ လေယာဉ်မှာ ကွန်ပျူတာ အလုံး ၂၀ ရှိပြီး အလိုအလျောက်လည်း ပျံသန်းနိုင်ပါတယ်။ တစ်နာရီလျှင် ၆၂ မိုင်နှုန်း မောင်းနှင်နိုင်အောင် တီထွင်မှာပါ။

### ကမ္ဘာ့ပထမဆုံး 3D Smartphone



Queen တက္ကသိုလ်မှ ပညာရှင်များက ကမ္ဘာ့ပထမဆုံး သုံးဖက်မြင်စမတ်ဖုန်းကို တီထွင်လိုက်ပါတယ်။ HoloFlex လို့ အမည်ပေးထားပြီး မျက်မှန်များ၊ Headset များမလိုဘဲ သုံးဖက်မြင် ပုံရိပ်များကို နှစ်သက်ရာရှုထောင့်ကနေ ကြည့်ရှုနိုင်ပါတယ်။ ဖုန်းမှာ ကွေးညွတ်နိုင်တဲ့ မျက်နှာပြင်ကိုတပ်ဆင်ထားပါတယ်။ ဖုန်းမှာ ကွေးညွတ်မှုကို အာရုံခံနိုင်တဲ့ Bend Sensor ကိုလည်း တပ်ဆင်ထားတဲ့အတွက် ကွေးညွတ်လိုက်တဲ့ အနေအထားအလိုက် သုံးဖက်မြင်ပုံရိပ်များကို ပြသပေးနိုင်ပါတယ်။ ဖုန်းမှာ 1.5GHz Qualcomm Snapdragon 810 Processor, 2GB RAM ထည့်သွင်းထားပါတယ်။ Android 5.1 OS မောင်းနှင်မှာဖြစ်ပြီး Adreno 430 GPU ပါရှိပါတယ်။ 3D Printing ပြုလုပ်ရာမှာလည်း စမတ်ဖုန်းက ကူညီပေးနိုင်ပါတယ်။ ကင်မရာရဲ့အကူအညီဖြင့် အဝေးတစ်နေရာစီမှ လူများ အစည်းအဝေးခန်းထဲမှာ တကယ်ရောက်နေသလို တွေ့ဆုံနိုင်ပါတယ်။

# GM နဲ့ Lyft တို့က စက်ရုပ်အီလက်ထရစ် တက္ကစီများ စမ်းသပ်မည်



General Motors နဲ့ Lyft တို့က အများသုံးလမ်းများပေါ်မှာ စက်ရုပ်အီလက်ထရစ်တက္ကစီများကို လာမယ့်နှစ်အတွင်းမှာ စမ်းသပ်တော့မှာဖြစ်ပါတယ်။ GM က မိုဘိုင်းလ်ဖုန်းမှ တက္ကစီခေါ်နိုင်တဲ့ Lyft ကုမ္ပဏီမှာ လအနည်းငယ်အကြာက ဒေါ်လာ သန်း ၅၀၀ ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။ Lyft ဟာ Uber ရဲ့ အဓိကပြိုင်ဘက်ကုမ္ပဏီလည်းဖြစ်ပါတယ်။ GM ရဲ့ Chevrolet Bolt ကားများကို စက်ရုပ် တက္ကစီများအဖြစ် တီထွင်စမ်းသပ်မှာ ဖြစ်ပါတယ်။

အနာဂတ်မှာ Lyft မှ အငှားယာဉ်ခေါ်ယူတဲ့အခါမှာ စက်ရုပ်ကားများကို Mobile App ကနေ ခေါ်ယူနိုင်တော့မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ယခင်အတိုင်း လူမောင်းနှင်တဲ့ ကားများကိုလည်း ခေါ်ယူနိုင် မှာဖြစ်ပါတယ်။ ကုမ္ပဏီနှစ်ခုက စက်ရုပ်အီလက် ထရစ်တက္ကစီများကို စမ်းသပ်မယ့်မြို့များကို ကြေညာခြင်းမရှိသေးပါဘူး။

Lyft ဟာလည်း Uber လိုပဲ အငှားကားများကို မိုဘိုင်းလ်ဖုန်းကနေ လျှင်မြန်လွယ်ကူစွာခေါ်ယူနိုင်တဲ့ ဝန်ဆောင်မှုကို ပြုလုပ်ပေးထားပါတယ်။ သင်နဲ့အနီးဆုံးမှာရှိတဲ့ အငှားယာဉ်ကို Lyft ရဲ့ စနစ်က စက္ကန့်ပိုင်းအတွင်း ရှာဖွေပေးပြီး သင့်ထံပို့ဆောင်ပေးနိုင်ပါတယ်။ ဒါ့အပြင် သင်သွားမယ့် တည်နေရာကိုပဲ သွားမယ့် အခြား ခရီးသည်များကိုလည်း သူတို့ရဲ့စနစ်က လွယ်ကူစွာရှာဖွေပေးနိုင်ပါတယ်။ အခြားခရီးသည်များနဲ့ အငှားယာဉ်ကို အတူတကွ ငှားရမ်းစီးနင်းနိုင်မှာဖြစ်ပါတယ်။ အဲဒီအတွက် အငှားယာဉ်ခ သက်သာသလို စွမ်းအင်ကိုလည်း ချွေတာပေးနိုင်ပါတယ်။ လမ်းပိတ်ဆို့မှုများကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# Facebook က Morning Show တစ်ခုကိုပြသမည်




Facebook က သူ့ရဲ့ လူမှုကွန်ရက်မှာ Morning Show တစ်ခုကို ပြသတော့မှာဖြစ်ပါတယ်။ Facebook က ဒီလို ဝန်ဆောင်မှုပေးဖို့အတွက် ကြော်ငြာအေဂျင်စီ DigitasLBi နဲ့ ပူးပေါင်းလိုက်ပါတယ်။ Morning Show ကို "Rise and Shine" လို့ အမည်ပေးထားပြီး ရာသီဥတု၊ လေ့ကျင့်ခန်း၊ ဟင်းချက်နည်းများနဲ့ အခြား သတင်းအချက်အလက်များကို မနက်ပိုင်းမှာ တိုက်ရိုက်ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။

Morning Show ကို Subscriber များရဲ့ News Feeds နဲ့ Facebook ရဲ့ သီးသန့်ပြုလုပ်ထားတဲ့ Page တစ်ခုမှာ တစ်ပတ်လျှင် ၅ ရက်ပြသပေးမှာဖြစ်ပါတယ်။ တိုက်ရိုက်ထုတ်လွှင့်မှုများ ပြုလုပ်တဲ့အခါမှာလည်း Users များအား Chat Bot များဖြင့် အသိပေးနိုင်ရန်လည်း ပြုလုပ်ပေးဖို့ တီထွင်နေပါတယ်။

DigitasLBi ဟာ Taco Bell, Shony, Durex Condoms တို့ အပါအဝင် သူ့ဖောက်သည် ကုမ္ပဏီကြီးများရဲ့ အထောက်အပံ့များဖြင့် Morning Show ကို ပြသမှာဖြစ်ပါတယ်။ ကုမ္ပဏီများရဲ့ ကြော်ငြာများကို Morning Show မှာ တင်ဆက်ပေးရမှာလည်း ဖြစ်ပါတယ်။ မိုဘိုင်းလ်ဖုန်းများကနေလည်း Morning Show ကို ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

## ODD NEWS

### စိတ်ဖြင့် မောင်းနှင်တဲ့ Drone



စိတ်ဖြင့်မောင်းနှင်နိုင်တဲ့ Drone တစ်ခုကို ပညာရှင်များကတီထွင်လိုက်ပါတယ်။ လူရဲ့ဦးခေါင်းမှာ Headset တစ်ခုကို ဝတ်ဆင်ထားပြီး ပျံတက်တော့လို့ စိတ်ကနေခိုင်းစေလိုက်တာနဲ့ Drone က မြေပြင်ကနေ ဝေဟင်ပေါ် ပျံတက်မှာဖြစ်ပါတယ်။ Headset မှာ Sensors များတပ်ဆင်ထားပြီး ဝတ်ဆင်ထားသူရဲ့ ဦးနှောက်မှ လျှပ်စစ်လှိုင်းများကို အာရုံခံနိုင်ပါတယ်။ အဲဒီလျှပ်စစ်လှိုင်းများကနေ Drone ပျံသန်းဖို့ လမ်းညွှန်ချက်ပေးတာဖြစ်ပါတယ်။ ဖလော်ရီဒါ တက္ကသိုလ်က မကြာမီကပဲ ပထမဆုံး စိတ်ဖြင့်မောင်းနှင်တဲ့ Drone ပြိုင်ပွဲကို ကျင်းပခဲ့ပါတယ်။ စိတ်ဖြင့် ကွန်ပျူတာများကို ထိန်းချုပ်တဲ့ နည်းပညာကို လူတွေသိရှိစေဖို့ ပြိုင်ပွဲကိုရည်ရွယ်တာပါ။ အဲဒီနည်းပညာဟာ အနာဂတ်ကွန်ပျူတာနည်းပညာဖြစ်လာနိုင်ပါတယ်။ အကြောသေနေသူများအတွက် စိတ်ဖြင့်ထိန်းချုပ်တဲ့ စက်ရုပ်ခြေထောက်များကိုလည်း တီထွင်နေကြပါတယ်။ ဖလော်ရီဒါတက္ကသိုလ်က တီထွင်တဲ့ Headset ဟာ ဒေါ်လာ ၅၀ သာ ကုန်ကျပါတယ်။

### နည်းပညာမြင့် စာသူခိုး



ထိုင်းမှ ရမ်းစစ် တက္ကသိုလ်က ဆေးကောလိပ်ဝင်ခွင့်စာမေးပွဲရလဒ်များကို ပယ်ဖျက်လိုက်ပါတယ်။ အဲဒီစာမေးပွဲမှာကျောင်းသား ၃ ယောက်ဟာ နည်းပညာမြင့်ကိရိယာများကို အသုံးချပြီး စာခိုးချခဲ့လို့ဖြစ်ပါတယ်။ စာမေးပွဲဖြေဆိုခဲ့တဲ့ ကျောင်းသား ၃၀၀၀ ကျော်အားလုံး ပြန်လည်ဖြေဆိုရမှာပါ။ ကျောင်းသားသုံးယောက်ဟာ တက္ကသိုလ်အနီးရှိ ပုဂ္ဂလိကစာသင်ကျောင်းမှပေးထားတဲ့ စမတ်နာရီများကိုဝတ်ဆင်ထားပြီး ဖြေဆိုခဲ့ကြတာပါ။ ကျောင်းသားများဟာ လျှို့ဝှက်ကင်မရာ တပ်ဆင်ထားတဲ့ မျက်မှန်များကိုဝတ်ဆင်ထားကြပြီး မေးခွန်းများကို ဓာတ်ပုံရိုက်ကာ ကူညီသူများထံပေးပို့ခဲ့တာပါ။ ကျောင်းသားများကို နောက်ကွယ်ကနေကူညီနေသူအဖွဲ့က မေးခွန်းများကိုရတာနဲ့ အဖြေများကို ရှာဖွေပြီး ကျောင်းသားများရဲ့ စမတ်နာရီများထံပြန်လည်ပေး ပို့ခဲ့ကြပါတယ်။ ကျောင်းသားများထဲမှတစ်ယောက်က စာခိုးချခဲ့တဲ့ ကိရိယာများကို သူ့ရဲ့ Facebook Accountမှာတင်လိုက်ပြီးတဲ့ နောက်မှာ လူမှုကွန်ရက်မှာ ရေပန်းစားပျံ့နှံ့သွားခဲ့ပါတယ်။ အဲဒီနောက်မှာ ကျောင်းကရိပ်မိပြီး စစ်ဆေးဖော်ထုတ်နိုင်ခဲ့တာပါ။

### ကြောင်စကားကို ဘာသာပြန်ပေးတဲ့ စမတ်ကော်လာ



ကြောင်ချစ်သူများအတွက်တော့ ဝမ်းသာစရာသတင်းကောင်း တစ်ခုပါ။ သင်ချစ်တဲ့ကြောင်လေးပြောတဲ့စကားများကို ဘာသာပြန်ပေးတဲ့ စမတ်ကော်လာခေါ် စမတ်လည်ပတ်ပေါ်လာပါပြီ။ စမတ်လည်ပတ်ကို Chatterbox လို့ အမည်ပေးထားပြီး ကြောင်အသံများကိုဖမ်းယူနိုင်တဲ့ Sensor တပ်ဆင်ထားပါတယ်။ အသံများကို စမတ်ဖုန်း App ကနေ လက်ခံရယူပြီး ဘာသာပြန်ပေးတာဖြစ်ပါတယ်။ စမတ်လည်ပတ်ဟာ ကြောင်များနေမကောင်းဖြစ်နေချိန်မှာ လူများကို အသိပေးနိုင်တဲ့အတွက် အသုံးဝင်ပါတယ်။ ဒါ့အပြင် ကြောင်များရဲ့ စိတ်နေသဘောထားများကို နားလည်နိုင်တဲ့အတွက် လူနဲ့ကြောင်များအကြားမှာ ဆက်သွယ်ရေးပိုမိုကောင်းမွန်လာမှာဖြစ်ပါတယ်။ Chat-terbox ဟာ ကြောင်စကားကို ဘာသာပြန်ပေးတဲ့ ပထမဆုံးကိရိယာမဟုတ်ပါဘူး။ ၂၀၀၇ ခုနှစ်မှာ ဂျပန်ကုမ္ပဏီတစ်ခုကလည်း အဲဒီလိုကိရိယာတစ်ခုကို တီထွင်ဖန်တီးခဲ့ပါတယ်။

# ကန်းဆက်မြို့တော်မှာ အခမဲ့ဝိုင်ဖိုင်နဲ့ စမတ်လမ်းမီးတိုင်များကို တပ်ဆင်




အမေရိကန်ပြည်ထောင်စု ကန်းဆက်မြို့တော်မှာ အခမဲ့ဝိုင်ဖိုင်နဲ့ စမတ်လမ်းမီးတိုင်ပေါင်း ၁၂၅ ခုကို တပ်ဆင်လိုက်ပါတယ်။ စမတ်လမ်းမီးတိုင်များဟာ လမ်းပေါ်မှာ လူနဲ့ကားများမရှိတဲ့အချိန်မှာ အလိုအလျောက် မီးပိတ်ပေးထားမှာဖြစ်တဲ့အတွက် စွမ်းအင်ကို ချွေတာပေးနိုင်ပါတယ်။

မိုဘိုင်းလ်အော်ပရေတာ Sprint နဲ့ Cisco တို့က ပံ့ပိုးမှုနဲ့ ပြုလုပ်ခဲ့တာဖြစ်ပြီး အမေရိကန်ပြည်ထောင်စု စမတ်မြို့တော်ပြိုင်ပွဲမှာ အနိုင်ရဖို့လည်း ရည်ရွယ်ပါတယ်။ ကန်းဆက်မြို့တော်ဟာ အမေရိကန် သယ်ယူပို့ဆောင်ရေးဌာနက ကျင်းပတဲ့ စမတ်မြို့တော်ပြိုင်ပွဲမှာ နောက်ဆုံး ဆန်ခါတင် ၇ မြို့ထဲမှာ ပါဝင်နေပါတယ်။ အနိုင်ရတဲ့မြို့ကို ဇွန်လမှာ ကြေညာမှာဖြစ်ပါတယ်။

ကန်းဆက်မြို့တော်ရဲ့ တီထွင်ဆန်းသစ်မှုဌာနမှ အရာရှိ Bob Bennett က မြို့သူ၊ မြို့သားများအတွက် ပိုမိုအဆင်ပြေစေတဲ့ မြို့တော်ဖြစ်အောင်လို့ပြောပါတယ်။ စမတ်လမ်းမီးတိုင်များကို Sensity Systems က တီထွင်တာဖြစ်ပါတယ်။

မီးတိုင်များကစွမ်းအင်ကို လျှော့ချသုံးစွဲပေးနိုင်သလို လူစုလူဝေးများကို အာရုံခံနိုင်တဲ့အတွက် အဓိကရုဏ်းများမဖြစ်ပွားမီ ရဲတပ်ဖွဲ့ကို အကြောင်းကြားနိုင်ပါတယ်။ ဒါ့အပြင် စီးပွားရေးလုပ်ငန်းများအတွက် အခြေချသင့်တဲ့ နေရာကိုလည်း ပံ့ပိုးပေးနိုင်ပါတယ်လို့ သိရပါတယ်။

# Facebook 911Bot ကနေ ရဲတပ်ဖွဲ့ထံ အကူအညီ တောင်းနိုင်ပြီ




Facebook က Messenger မှာ Chat Bots များကို စတင်ခွင့်ပြုလိုက်တဲ့ ဧပြီလနောက်ပိုင်းမှာ Programmers များက ကျန်းမာရေး အကြံပြုချက်များပံ့ပိုးခြင်း၊ Uber အငှားယာဉ်ကို ခေါ်ခြင်း၊ သတင်းများကို ပြသပေးခြင်းစတဲ့ ဆော့ဖ်ဝဲလ်စက်ရုပ်များကို တီထွင်ခဲ့ကြပါတယ်။

အခုတော့ အရေးပေါ် အခြေအနေများမှာ အမေရိကန် ရဲတပ်ဖွဲ့ထံသို့ အကူအညီတောင်းနိုင်တဲ့ စက်ရုပ်ကို တီထွင်လိုက်ပါတယ်။ အရေးပေါ် အခြေအနေဖြစ်ပွားပြီလို့ သင်က စာပေးပို့လိုက်တာနဲ့ စက်ရုပ်က မှုခင်းဖြစ်ပွားတဲ့နေရာမှ ဓာတ်ပုံများနဲ့ အခြားသတင်းအချက်အလက်များကို တောင်းခံမှာပါ။ သူက သင့်ရဲ့တည်နေရာနဲ့ ဖုန်းနံပါတ်ကိုလည်း မှတ်တမ်းရယူမှာပါ။ အဲဒီနောက်မှာ စက်ရုပ်က သင့်အစား ရဲတပ်ဖွဲ့ထံသို့ ဖုန်းခေါ် ဆိုပေးမှာဖြစ်ပါတယ်။

911Bot က အရေးပေါ် အခြေအနေအပေါ် မူတည်ပြီး လမ်းညွှန်ချက်များကိုလည်း ပံ့ပိုးပေးမှာပါ။ ၉၁၁ ထံ ဖုန်းခေါ် ဆိုဖို့ ခက်ခဲတဲ့ အရေးပေါ် အခြေအနေမှာ Messenger ကနေ 911Bot မှ တစ်ဆင့် ရဲတပ်ဖွဲ့ထံဆက်သွယ်ရတာ ပိုမိုအဆင်ပြေစေမှာဖြစ်ပါတယ်။








Distribution - Walt Disney Studios Motion Pictures
Director - Anthony Russo Joe Russo
Genre - Sci-fi and Adventure
Running Time - 147 minutes

ဒီ ရက်သတ္တပတ်အတွင်း Captain America:Civil War က ဝေဖန်ရေးအရရော (90% Rotten Tomatoes) ဝင်ငွေအရပါ ($181 million domestic) အောင်မြင်မှုရခဲ့တဲ့ နောက်ဆုံးထွက် Marvel ရုပ်ရှင်ဖြစ်လာတယ်။ဒါကြောင့် အခုအခါ သမိုင်းတလျှောက် အဖွင့်ဝင်ငွေအမြင့်ဆုံး ရုပ်ရှင် ၆ ကားထဲက ၄ ကားဟာပြီးခဲ့တဲ့ ၅ နှစ်အတွင်း ဖြန့်ဝေခဲ့တဲ့ Marvel ရုပ်ရှင်ဖြစ်လာပါတယ်။ဒါပေမဲ့ နောက်ထပ်ဝင်ငွေအရအောင်မြင်မှုအလွန်မှာ Civil War ကနည်းလမ်းများစွာနဲ့ ထူးကဲတဲ့ရုပ်ရှင်တစ်ကားဖြစ်ပါတယ်။အများက သတိပြုမိကြမယ့် အတိုင်း "Captain America" လို့ခေါင်းစဉ်တပ်ထားပေမဲ့ ဒါဟာ သဘောတရားအားဖြင့်တော့ Avengers ရုပ်ရှင်ပဲဖြစ်ပါတယ်။ Thor နဲ့ Hulk ပျောက်နေပြီး အဓိက ပဋိပက္ခက ကမ္ဘာပျက်ကိန်းအထိ မကြီးကျယ်ပေမဲ့ ကျယ်ပြန့်များပြားတဲ့သရုပ်ဆောင်တွေ၊ blockbuster အဆင့် ကြီးကျယ်ခမ်းနားမှုတွေနဲ့ ဒါက ရှင်းရှင်းလင်းလင်းကို Avengers ရုပ်ရှင်ဇာတ်ကားဖြစ်နေပါတယ်။

ရုပ်ရှင်ကဒီလောက်အထိအကောင်းဘက်က ကြိုဆိုလက်ခံမှု များစွာရရှိလာတဲ့အခါ လွန်ခဲ့တဲ့ တစ်လခွဲကပဲအလားတူcomic ဇာတ်ကောင်အခြေခံပြိုင်ဘက်အဖွဲ့ဖြစ်တဲ့ DC ရဲ့ Batman V. Superman: Dawn of Justice မှာဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ပြန်ပြောင်းသုံးသပ် ယှဉ်ထိုးစရာ ဖြစ်လာပါတယ်။ရုပ်ရှင်ကဝင်ငွေအများကြီး ရခဲ့ပေမဲ့ (စတူဒီယိုက လိုချင်သလောက်တော့မဟုတ်) ဝေဖန်ရေးဆရာတွေနဲ့ ပရိသတ်များစွာက သည်းသည်းမည်းမည်း ဝေဖန်တိုက်ခိုက်ခဲ့တယ်။အခု Civil War ကိုကြည့်ပြီးတဲ့အခါ မှာတော့ ဘာကြောင့်ဖြစ်တယ် ဆိုတာ အလွယ်တကူ သိမြင်နိုင်ပါတယ်။



Captain America: Civil War က နှစ်လိုရယ်ရွှင်ဖွယ်ကောင်းပြီး အရောင်အသွေးစုံကာ အရည်အသွေးမြင့်တဲ့ Marvel ရုပ်ရှင်ဖြစ်တဲ့ အခါမှာ DC ထွက်ရှိလာတဲ့ ရုပ်ရှင်ကတော့ မှိုင်းညို့ ဆွေးမြေ့စရာဖြစ်နေတယ်။ဒီရုပ်ရှင်ဇာတ်ကားနှစ်ခုစလုံးက hero တွေ တစ်ဦးနဲ့တစ်ဦး အကွဲအပြဲနဲ့ အတိုက်အခံဖြစ်ပုံတွေကို ပင်မဇာတ်ကြောင်းအဖြစ်ယူထားတယ်။ဒီနေရာမှာ Civil War ကတော့ဒီလိုအရာမျိုးကို မှန်ကန်စွာ ဘယ်လိုလုပ်ရမယ်ဆိုတာ ပြသနေတဲ့ လမ်းပြမြေပုံ တစ်ခုဖြစ်နေပြီး Batman V. Superman က ဒီတူညီတဲ့ သဘောတရားကိုပဲ ဘယ်လိုလွဲချော်သွားစေခဲ့တယ်ဆိုတာအတိအကျပြသနေပါတယ်။ Civil War ကဘာတွေကို မှန်ကန်အောင်လုပ်ခဲ့ပြီး BvS ကဘာတွေ လွဲမှားသွားတယ်ဆိုတာ တစ်ချက်ခြင်း ယှဉ်ထိုးဖော်ပြပေးသွားပါမယ်။

Civil War ရဲ့ ပင်မပဋိပက္ခကအကြောင်းရင်းခိုင်လုံပြီး ထိုက်တန်တယ်။

Civil War နဲ့ Batman V. Superman က hero တွေတစ်ဦးနဲ့တစ်ဦး တိုက်ခိုက်မှုအကြောင်းကို တူညီစွာပြသရုံသာမကဘဲ အဓိက ပြဿနာတစ်ခုကလည်းအတူတူပဲဖြစ်တယ်။မဆိုင်သူတွေထိခိုက်သေကြေပျက်စီးမှုအတွက် တာဝန်ရှိတဲ့ hero တွေအကြောင်း ဖြစ်ပါတယ်။ဒါဟာ Bruce Wayne က Superman ကိုမုန်းတီးရတဲ့ အကြောင်းပဲဖြစ်ပါတယ်။( Zod နဲ့တိုက်ခိုက်မှုမှာ သူ့ရဲ့အဆောက်အအုံပြို ကျခဲ့တာကို ဒီအတိုင်းကြည့်နေခဲ့ရတယ်။) ပြီးတော့ Avenger တွေ Sokovia သဘောတူညီချက်အတွက် အဖွဲ့ကွဲကုန်တာလည်း ဒီအကြောင်းကြောင့်ပဲဖြစ်ပါတယ်။( Avengers 1 နဲ့ 2 , Winter Soldier တို့မှာ ထိခိုက်ပျက်စီးခဲ့တဲ့ ဖြစ်ရပ်တွေနဲ့ အခု Civil War အဖွင့်မှာ Scarlett Witch က အဆောက်အအုံတစ်ခုကိုမတော်တဆဖြိုချလိုက်မိတာမျိုး)

ပြဿနာကတော့ ဒီပဋိပက္ခထဲကတစ်ခုဟာ နှစ်ပေါင်းများစွာ ပျိုးယူ လာခဲ့တာဖြစ်ပြီး အခြားတစ်ခုကတော့ တစ်နာရီကြာ ကာလအတွင်း ပုံဖော်ယူခဲ့တာဖြစ်ပါတယ်။အခုအချိန်မှာ ဒီ သီးသန့် Marvel ဇာတ်ကောင်တွေအကြောင်း ဆယ်စုနှစ်တစ်ခုနီးပါး အချိန်ပေးရင်းနှီးပြီးပြီဖြစ်လို့ ကာလရှည်မဟာမိတ်ဖြစ်ခဲ့ပြီးမှ Iron Man က Captain America ကိုရန်ပြုတိုက်ခိုက်တဲ့အခါ တကယ့်ကို ကြီးမားလေးနက်တဲ့အကြောင်းအရာကို ရည်ညွှန်းနေပါတယ်။ဒါကြောင့် ပဋိပက္ခရဲ့ ကြီးမားမှုအလေးဆကို ခံစားရတယ်။ Batman V. Superman မှာတော့ ဇာတ်ကောင်တွေက ခုမှတွေ့ရသလိုဖြစ်နေတယ်။ သူတို့တွေတစ်ဦးနဲ့တစ်ဦး အပြတ်ချေမှုန်းလုနီးပါးဖြစ်စေဖို့ မိုက်မဲတဲ့ နားလည်မှုလွဲမှုအပေါ် ပဲမှီခိုနေရပြီး ဒီအဆင့်အထိရောက်ရှိလာစေတဲ့ နှစ်နဲ့ချီတဲ့ character development မျိုးရှိမထားပါဘူး။

ဒီအပိုင်းက Civil War မှာထူးကဲကောင်းမွန်တဲ့ အခင်းအကျင်းပဲဖြစ်ပါတယ်။ ပဋိပက္ခက အမှန်တကယ်အဓိပ္ပါယ်ရှိပြီး နှစ်ဖက်စလုံးမှာ ခိုင်လုံတဲ့အကြောင်းရင်းတွေရှိတာကို မြင်နိုင်တယ်။ UN အနေနဲ့ Avenger တွေကို ဘာလုပ်ရမယ်၊ ဘာကိုတော့မလုပ်ရဘူးလို့အသေးစိတ် စည်းမျဉ်းချအမိန့်ပေးတာဟာ စိတ်ကူးကောင်းမဟုတ်တဲ့ပုံပေါ်တာကြောင့် Captain America က ပိုမှန်တဲ့ဘက်မှာရှိတယ်လို့ထင်ရပါတယ်။တပြိုင်တည်းမှာ Tony ရဲ့ဘက်ကလည်း အဓိပ္ပါယ်မရှိတာတော့မဟုတ်ပါဘူး။သူဟာဖြစ်ရပ်အားလုံးအတွက် အပြစ်မကင်းသလို အကြီးအကျယ်ခံစားရပြီး Sokovia သဘောတူညီချက် ကိုယ်တိုင်ကလည်း ပြစ်ချက်မကင်းတဲ့အခါ ဒါဟာသူ့အနေနဲ့ သူ့ကိုယ်သူ အရှက်ရမှုကနေ လွတ်ငြိမ်းဖို့ရာ တစ်ခုခုလုပ်ဖို့ကြိုးစားတဲ့နည်းဖြစ်ပါတယ်။နောက်တစ်ခါ တစ်ခုခု မှားယွင်း သွားရင်လည်း သူ့ကိုယ်သူ အစား UN ကိုပဲ အပြစ်ဖို့နိုင်ပါတယ်။

ဒီဇာတ်လမ်းအထဲ Tony ဘက်က စိတ်ဝင်စားစရာကောင်းပါတယ်။ဒါဟာ သေဆုံးရမှုအတွက်မလုံမလဲဖြစ်မှုနဲ့အတူ မကြာ သေးခင်က Pepper နဲ့ခွာပြဲမှုတို့အပေါင်းအစပ်ရဲ့ အကျိုးဆက်လိုဖြစ်လာတယ်။သူနဲ့ Captain America တို့က Sokovia ကြောင့် ကတောက်ကဆဖြစ်မှုကိုကျော်ဖြတ်နိုင်တယ်ဆိုရင်တောင် ဦးနှောက်ဆေးခံထားရတဲ့ Bucky က လွန်ခဲ့တဲ့နှစ်များစွာက Tony ရဲ့ မိဘတွေကိုသတ်ခဲ့ပြီး Captain America ကအသေးစိတ်အချက်တွေ ဖုံးကွယ် ထားခဲ့တယ်ဆိုတဲ့အချက်ဟာလမ်းကြောင်းကိုအခြားတစ်ဘက်သို့ ဆွဲခေါ်သွားခဲ့ပါတယ်။

အခုတော့superhero vs. superhero ရန်ပွဲအတွက် ထိရောက်ခိုင်လုံတဲ့ အကြောင်းပြချက်ဖြစ်လာတယ်။Captain America က Bucky ဟာ သူဘာလုပ်နေမှန်းမသိဘူးဆိုတာ Tony ကို ရှင်းပြဖို့ ကြိုးစားပေမဲ့ Tony ကတော့ "ငါဂရုမစိုက်ဘူး။သူ ငါ့အမေကို သတ်ခဲ့တယ်" လို့ပဲ ပြန်ပြောတယ်။ဒီစေ့ဆော်တိုက်တွန်းမှုတွေက အလုပ်ဖြစ်တယ်။ဒီနည်းတဲ့ ယုံကြည်လောက်ဖွယ် ပဋိပက္ခကို ဖန်တီးပေးပါတယ်။

ဒါနဲ့မတူ ကွဲပြားတာက Batman V. Superman မှာလုံးဝကို တစည်းတလုံးတည်းမရှိတဲ့ ရန်းကန်ယှဉ်ပြိုင်မှုတွေပဲရှိတယ်။ဒီနေရာမှာလည်း တူညီတဲ့နည်းလမ်းနဲ့စတင်ခဲ့ပြီး အပြစ်မဲ့သူတွေကို သေဆုံးစေခဲ့တာကြောင့် Superman ကအန္တရာယ်ကြီးတယ်လို့ Bruce Wayne ကယုံကြည်နေတယ်။သူသာလူသားမျိုးနွယ်ကိုရန်ပြုလာမယ်ဆိုရင်တားဆီးဖို့နည်းလမ်းမှရှိမှာကိုလည်း စိုးရိမ်နေပါတယ်။ပြဿနာက သူ့ရဲ့ဖြေရှင်းချက်ဟာ Superman ကို တိုက်ရိုက်သတ်ဖြတ်ဖို့ဖြစ်နေတာပါပဲ။ဒါဟာBatman ဇာတ်ကောင်နဲ့ပတ်သက်လို့လက်ခံသိရှိ ထားသမျှ အမူအကျင့်တွေနဲ့ ဆန့်ကျင်နေပါတယ်။

Superman ရဲ့အပိုင်းမှာတော့ လူတွေသူ့အပေါ် မုန်းတီးတာကို ရပ်တန့်စေပြီး ခြိမ်းခြောက်မှုတွေပေါ် လာမှတားဆီးတာကလွဲလို့ အမှန်တကယ်စေ့ဆော်တိုက်တွန်းမှုဘာတစ်ခုမှ ရှိပုံမပေါ်ပါဘူး။ အကြောင်းရင်းတစ်ပိုင်းအနေနဲ့တော့သူဟာ ရုပ်ရှင်အထဲ စာကြောင်းအကြောင်း၄၀ မပြည့်တပြည့်ပဲ စကားပြောခဲ့ရလို့ဖြစ်ပါတယ်။ သဘောအားဖြင့်တော့ အကျပ်ကိုင်မှုနဲ့ Batman ကိုတိုက်ခိုက်စေတာကလည်းညံ့ဖျင်းတဲ့ စေ့ဆော်မှုတွန်းအားဖြစ်ပါတယ်။တိုက်ခိုက်မှုကိုယ်တိုင်ကစိတ်လှုပ်ရှားစရာကောင်းပေမဲ့အဲဒီအတွက်အကြောင်းရင်းကတော့ မိုက်မဲညံ့ဖျင်းတယ်။Civil War က BvS အပေါ် နည်းပေါင်းများစွာနဲ့သာလွန်ပေမဲ့ ဒီအပိုင်းမှာတော့ ထူးထူးကဲကဲကို ပိုမိုသာလွန်ပါတယ်။





# အနာဂတ်အတွက် mHeath

ဦးသောင်းဝင်း(ပန်းချယ်ရီ)

၂၀၁၀ ခုနှစ်မှာ FNIH (Foundation for the National Institude of Health) ညီလာခံကစပြီး မိုဘိုင်းလ်ကိရိယာကတစ်ဆင့် ကျန်းမာရေးဝန်ဆောင်မှုများပေးဆောင်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ချက်များကို mHealth ကိုခေါ်ဝေါ်ပြီး အမည်တွင်စေခဲ့တယ်။ စမတ်ဖုန်းတို့ တက်ဘလက်၊ ကွန်ပျူတာတို့ ပီဒီအေတို့လိုကိရိယာမှာ အသုံးချဆော့ဖ်ဝဲလ်ပရိုဂရမ်တွေပါဝင်စေပြီး ကျန်းမာရေးဝန်ဆောင်မှုများရယူနိုင်စေဖို့နဲ့ ဆေးကုသမှုဆိုင်ရာ သတင်းအချက်အလက်များကို ဆရာဝန်နဲ့ဆွေးနွေးတင်ပြလိုတဲ့အခါ ကိုးကားနိုင်စေဖို့ ပံ့ပိုးဆောင်ရွက်မှုတွေရယူကြနိုင်တယ်။ နည်းပညာလောကထဲမှာ mHealth ဆိုတာက eHealth ရဲ့အစိတ်အပိုင်းတစ်ခုအဖြစ် ထားရှိပေးခဲ့တာဖြစ်တယ်။

၂၀၁၇ ခုနှစ်ကစလို့ နောင်အနာဂတ်မှာ mHealth ရဲ့ အကျိုးဆက်တွေကို ဘယ်လောက်အထိခံစားခွင့်ရနိုင်ကြမလဲဆိုတာ စိတ်ဝင်စားစရာဖြစ်နေပါတယ်။ လောလောဆယ် အချိန်ကာလအထိ ကြံ့ခိုင်ကျန်းမာရေးဆိုင်ရာ (Health & Fitness)ကိစ္စရပ်တွေအတွက် mobile apps အရေအတွက်ပေါင်း ၉၇,၀၀၀ ကျော်ရှိနေခဲ့ပြီးဖြစ်တယ်။ တစ်ကိုယ်ရေကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်တွေကို လက်ရှိဈေးကွက်ဝင် စမတ်ဖုန်းတွေရဲ့ ၅၂% ပံ့ပိုးဆောင်ရွက်ပေးနိုင်တဲ့ အရည်အချင်းတွေ ထည့်သွင်းပါဝင်နေတာကိုလည်း လေ့လာတွေ့ရှိကြရတယ်။ အခမဲ့ download ချယူနိုင်တဲ့ mHealth apps တွေရှိနေသလို အခကြေးငွေပေးဆောင်ပြီးရယူနိုင်တဲ့ အခြေအနေတွေလည်းရှိတယ်။

သုတေသနအဖွဲ့အစည်းများရဲ့အဆိုအရ ၂၀၁၇ ခုနှစ်ရောက်တဲ့အခါ စမတ်ဖုန်းအသုံးပြုသူတွေရဲ့ ၅၀% က mHealth apps တွေကို download ချယူတဲ့အလေ့အကျင့်တွေရှိနေကြလိမ့်မယ်လို့လည်း သိရတယ်။ mHealth ဈေးကွက်ကြီး ၂၀၁၇ ခုနှစ်အတွက် ၂၆ ဘီလီယံဒေါ်လာလောက်အထိရှိနိုင်တယ်လို့ တွက်ချက်ပြသသူတွေလည်း ရှိနေပြန်တယ်။ Exercies app နဲ့ Weight apps တွေကတော့ လူကြိုက်အများဆုံးပေါ်ပြူလာအဖြစ် သုံးဖြစ်နေပါလိမ့်မယ်။ Women's Health apps တို့ Sleep & Meditation apps တို့နဲ့ Pregrancy apps တွေကိုလည်း အသုံးချမှုအများဆုံးဖြစ်နိုင်စရာရှိကြောင်း ခန့်မှန်းတင်ပြထားတာတွေလည်းတွေ့ရတယ်။

၂၀၁၇ ခုနှစ်နောက်ပိုင်းကာလတွေမှာ အသက် ၃၅ နှစ်ဝန်းကျင်လူငယ်လူလတ်အရွယ်တွေက mHealth ကိုအသုံးများကြလိမ့်မယ်။ အမျိုးသမီး၊ အမျိုးသား အသုံးပြုသူတွေကို ခွဲခြားလေ့လာမယ်ဆိုရင်လည်း ၅၄%က အမျိုးသားများဖြစ်နေနိုင်တယ်။ ဒီအချိန်မှာ ဆေးရုံဆေးခန်းတို့ သမားတော်တို့ဆီကို အရင်သွားတဲ့အလေ့အထနဲ့ ကိုယ်ပိုင်ရှိနေတဲ့ မိုဘိုင်းလ်ကိရိယာလေးကိုအသုံးချပြီး mHealth apps တွေကို ဦးစွာအသုံးချလေ့လာကုစားယူကြလိမ့်မယ်။ ဒီအတွက် ဆေးရုံ ဆေးခန်းကို လာရောက်ကုသသူအရေအတွက် သိသိသာသာကြီး ကျဆင်းသွားနိုင်တယ်လို့ပင် ဆိုညွှန်းပြောကြားကြတယ်။

လူမှုကွန်ရက်တွေမှာ မြင်တွေ့နေကြရတဲ့ အသုံးပြုသူတွေရဲ့တင်ပြချက်တွေကို လေ့လာကြည့်တဲ့အခါ နောက် ၅ နှစ်တာကာလအတွင်း online staves တွေက mHealth apps တွေကို download ချယူသူတွေ ၆၀%အောက် ပိုမိုတိုးများလာနိုင်တယ်လို့တွေ့ရ တယ်။ ဒါပေမဲ့ ဂျာမနီအခြေစိုက် Research 2 Guideravee သုတေသနဌာနကတော့ အခုအချိန်ရဲ့ ဆရာဝန်တွေက mHealth apps တွေအပေါ် ယုံကြည်စိတ်ချမှုအပြည့်နဲ့ ညွှန်းဆိုပြောကြားမှုအလွန်နည်းပါးနေသေးတယ်လို့ ထုတ်ပြန်ကြညာထားပြန်တယ်။ Research 2 Guideravee သုတေသအဖွဲ့အနေနဲ့ ၂၀၁၆ ခုနှစ်အတွင်း mHealth apps ဈေးကွက် ပိုမိုကျယ်ပြန့်လာတာကိုတော့ လက်ခံအတည်ပြုခဲ့တယ်။ နောက် ၅ နှစ်တာအတွင်း self-diagnosis လို့ပြောဆိုရမယ့် ကိုယ်ခန္ဓာကိုယ်အတွက် ကိုယ်တိုင်ရောဂါရှာဖွေလေ့လာပြီး ကြိုတင်ကာကွယ်မှုတွေ ရှေးဦးကုသပြုစုမှုတွေရှိလာကြလိမ့်မယ်။ မိုဘိုင်းလ်ကိရိယာတွေရဲ့ စွမ်းဆောင်ရည်တွေကလည်း တပြိုင်တည်းမြင့်မားနေမှာဖြစ်တယ်။

လောလောဆယ်ကာလအတွင်း Google Play ကနေ အခမဲ့ download လုပ်ယူနေကြတဲ့ ထိပ်တန်းစာရင်းဝင် ၅ မျိုးကတော့ Greatcall ရဲ့ Urgent Care - 24/7 Medical Help ဆော့ဖ်ဝဲလ်ပရိုဂရမ်တို့ Epocrali ရဲ့ Epocrali ဆော့ဖ်ဝဲလ်တို့ Webmd ရဲ့ Medscap တို့ Epic System ကုမ္ပဏီရဲ့ My Chart တို့နဲ့ Medconnction.com ရဲ့ iPhasmacy Drug Guide & Pill ID တို့ဖြစ်တယ်။ iTunes ကနေ download ယူသူတွေလည်းရှိတယ်။ iTune ကနေ အခမဲ့ download ထဲမှာ TSAVO ရဲ့ Qvulation Calendar & Fertility Calculation နဲ့ Rebellia Media ရဲ့ Pregrency Test & Pregnant Sympten Checker Quize တို့ပါ အများဆုံး download လုပ်ယူတာတွေ့ရတယ်။

ဆက်သွယ်ရေးစနစ်နဲ့ပတ်သက်ပြီး လေ့လာတွေ့ရှိချက်တွေမှာလည်း မိုဘိုင်းလ်ကွန်ပျူတာစနစ်ရဲ့ တိုးတက်ဖွံ့ဖြိုးမှုနှုန်းထားတွေက ကမ္ဘာနဲ့အဝန်း ၂၆% လောက်နှစ်စဉ်တိုးပွားနေတယ်လို့ပြသခဲ့ကြတယ်။ ၂၀၁၅ ခုနှစ်အတွင်း စမတ်ဖုန်းကိုအသုံးချပြီး ကျန်းမာရေးကဏ္ဍအတွက် apps တွေအသုံးချယူတဲ့အရေအတွက် သန်း ၅၀၀ လောက်ရှိသွားတယ်။ download ချယူတဲ့အရေအတွက်များကို ခန့်မှန်းလေ့လာကြည့်ရင် အသုံးအရေအတွက်သာမက အသုံးပြုသူအရေအတွက်များလည်းတိုးမြင့်လာနိုင်တယ်။ အထူးသဖြင့် ဝင်ငွေနည်းပါးတဲ့ လူဦးရေအတွက် များပြားတဲ့နိုင်ငံတွေမှာ mHealth ကို ပိုပြီး အားကိုးအားထားပြုကြတာတွေ့ရတယ်။

ကမ္ဘာပေါ်မှာ ကျန်းမာရေးကဏ္ဍအနေနဲ့ ဆရာဝန်နဲ့ သူနာပြုအင်အားလျော့နည်းမှုပြသတဲ့နိုင်ငံပေါင်း ၅၇ နိုင်ငံရှိတယ်လို့ WHO ရဲ့စာတမ်းမှာဖော်ပြထားတယ်။ ဒီအတွက် eHealth ရဲ့ တစ်စိတ်တစ်ဒေသဖြစ်တဲ့ mHealth ရဲ့ကဏ္ဍက များမကြာမီနှစ်ပိုင်းများအတွင်း ကျန်းမာရေးဆိုင်ရာနဲ့ ဆေးကုသမှုလုပ်ငန်းများမှာ ထဲထဲဝင်ဝင်တွင်တွင်ကျယ်ကျယ် ပိုမိုများပြားလာနိုင်ဖွယ်ရှိကြောင်း တစ်စေ့တစ်စောင်း တင်ပြပေးလိုက်ရပါတယ်။









# G A M E   N E W S

## Star Wars Battlefront ရောင်းအား ၁၄ သန်းအထိမြင့်တက်




သူ့ရဲ့ ၂၀၁၆ ဘဏ္ဍာရေးထုတ်ပြန်ချက်မှာ Electronic Arts က Star Wars Battlefront ဂိမ်းကို platform အားလုံးမှာကော်ပီ ပေါင်း ၁၄ သန်းရောင်းရတယ်လို့ဖော်ပြခဲ့တယ်။ ဒီကိန်းဂဏန်းဟာ တစ်ဆင့်ခံဝယ်ယူတွေထံလက်ကား ရောင်းချရမှုကိုပဲကိုယ်စားပြုပြီး စားသုံးသူတွေလက်ထဲရောက်ရှိတဲ့အရေအတွက်လို့မယူဆနိုင်ပါဘူး။ဘယ်လိုပဲဖြစ်ဖြစ် ဂိမ်းကို နိုဝင်ဘာမှာဖြန့်ဝေခဲ့ပြီး ဇန်နဝါရီအစမှာတော့ ကော်ပီပေါင်း ၁၂ သန်းရောင်းချခဲ့ပြီးဖြစ်တယ်လို့ ကုမ္ပဏီကကြေညာခဲ့တယ်။ ဒီကိန်းဂဏန်းတွေဟာ တစ်ဆင့်ခံရောင်းချသူတွေလက်ထဲပဲရောက်ရောက်၊ စားသုံးသူတွေလက်ထဲပဲရောက်ရောက် ဒီနာမည်ကျော် ရုပ်ရှင်ဇာတ်လမ်းတွဲအခြေခံ အပစ်အခတ်ဂိမ်းအတွက် ကောင်းဆိုးမှုများပြားတာကိုပြသနေပါတယ်။ အောက်တိုဘာတုန်းက Star Wars Battlefront ကို ကော်ပီပေါင်း ၁၃ သန်းရောင်းချရမယ်လို့ EA ကခန့်မှန်းခဲ့တယ်။ အစောပိုင်း ခန့်မှန်းမှု ယူနစ်ပေါင်း ၉ သန်းကနေပြန်လည်ပြင်ဆင်ခန့်မှန်းခဲ့တာဖြစ်ပါတယ်။ Star Wars Battlefront ရဲ့အောင်မြင်မှု အကူအညီနဲ့အတူ EA ဟာဒီနှစ်အတွက်စံချိန်တင်ဝင်ငွေကိုထုတ်ပြန်နိုင်ခဲ့တယ်။ သူ့ရဲ့ဘဏ္ဍာရေးထုတ်ပြန်မှုမှာတစ်နှစ်စာအတွက် အသားတင်ရောင်းအား $4.566 ဘီလီယံရှိတယ်။ ၅၅ ရာခိုင်နှုန်းက digital နည်းနဲ့ ရောင်းချခဲ့ရတာဖြစ်ပါတယ်။ EA ကနောက်ဆက်တွဲ sequel ဂိမ်းတွေကိုလာမယ့်သုံးနှစ်ကနေလေးနှစ်အထိတစ်နှစ်ကိုဂိမ်းသစ်တစ်ခုစီ ဖြန့်ဝေသွားမယ်လို့လည်းကြေညာခဲ့ပါတယ်။ ၂၀၁၇ အတွက် Battlefront ဂိမ်းအသစ်ထွက်ရှိမှာဖြစ်ကြောင်း အတည်ပြုပေးခဲ့ပြီး ပိုကြီးပြီးပိုကောင်းတဲ့ကမ္ဘာပါရှိမယ်လို့ဆိုတယ်။ လတ်တလောမှာတော့ DICE ကStar Wars Battlefront VR Experience ကို PlayStation VR အတွက်ဖော်ထုတ်လျက်ရှိပါတယ်။ ၂၀၁၇ မှာ Star Wars ရုပ်ရှင်ဇာတ်လမ်းတွဲအသစ် Episode VIII ကိုလည်း Disney က ရုံတင်မှာဖြစ်ပါတယ်။

## MSI က VR အသင့် hardware များကြေညာ




MSI ဟာပြိုင်ဘက်တွေအားလုံးရဲ့ရှေ့မှာကျော်လွန်ပြီး VR အတွက်ရည်ရွယ်အားစိုက်မှုတွေအားလုံးကို ထုတ်ပြန်ကြေညာလိုက်ပါတယ်။ မေ ၁၀ ရက်အတွင်း ထုတ်ပြန်မှုမှာ MSI က ပထမဆုံးသော VR-ready notebook ကို ကြေညာခဲ့ပါတယ်။ လက်ရှိတစ်ခုတည်းသော HTC Vive-certified VR-ready notebook နဲ့ တစ်ခုတည်းသော Intel-certified VR-ready notebook လည်းဖြစ်ပါတယ်။ MSI ဟာ အဆင့်မြင့် gaming နဲ့ esport တွေမှာ ကမ္ဘာ့ထိပ်တန်းအမှတ်တံဆိပ်တစ်ခုဖြစ်ပါတယ်။ ကုမ္ပဏီက VR ကိရိယာတွေနဲ့ gaming title တွေကို အသင့်မြတ်ဆုံးဖြစ်အောင်ပြုလုပ်ပေးမယ့် MSI VR Lab အကြောင်းကိုလည်း ပြောကြားခဲ့တယ်။

VR-ready ဆိုတာ MSI အတွက်အကြောင်းအရာသစ် မဟုတ်ပါဘူး။ ၂၀၁၅ အစောပိုင်းမှာ Virtual Reality ရဲ့ရှေ့အလားအလာကို ကြိုမြင်ထားတဲ့အတွက် MSI ဟာ VR Lab ကိုထူထောင်ခဲ့ပြီး ဒီနည်းပညာအပေါ် အဖွဲ့တစ်ခုလုံးနဲ့ သုတေသနပြုလုပ်နေခဲ့တယ်လို့ဆိုပါတယ်။ Virtual Reality ရဲ့ ခမ်းနားလှတဲ့ကမ္ဘာကို တွေ့ကြုံခံစားနိုင်ဖို့ စွမ်းဆောင်ရည်မြင့် hardware တွေလိုအပ်ပါတယ်။ HTC Vive က အခုအချိန်အထိတော့ တောင်းဆိုမှုအများဆုံးနဲ့ စီးမျောနစ်ဝင်စရာအဖြစ်ဆုံး VR ကိရိယာလို့ယူဆထားတဲ့အတွက် MSI က HTC Vive နဲ့တွဲဖက်လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ချောမွေ့ပြီးစီးမျောနစ်ဝင်စရာVR တွေ့ကြုံခံစားမှုအတွက် graphics card နဲ့ processor နှစ်ခုစလုံးကအရေးကြီးတယ်။ ဒါကြောင့် MSI က Intel-certified ဖြစ်အောင်ရှာဖွေခဲ့တာဖြစ်ပါတယ်။ VR က ဂိမ်းကစားပုံနည်းလမ်းကို ပြောင်းလဲစေနိုင်ပြီး အနာဂတ်မှာ အရေးကြီးတဲ့အခန်းကဏ္ဍကပါဝင်မယ်လို့ MSI ကယုံကြည်ထားပါတယ်။ MSI မှာ GT72S လို VR-ready laptop တွေ အစားစားရှိထားပြီးဖြစ်ပါတယ်။

REVIEW ▶▶▶

# BATTLEBORN

Developer- Gearbox Software
Publisher - 2K Games
Genre - First-person s
Platform - Windows, PlayStation 4, Xbox One





အသွင်အပြင်အားဖြင့် တောက်ပတဲ့အရောင်စုံနဲ့ကာတွန်းပုံစံပုံဖော်ထားတယ်။ Genre အရ First-person shooter အမျိုးအစားလို့ပြောရမယ်။ ဒါပေမဲ့ Battleborn ကဒါထက်ပိုပါတယ်။ ကောင်းဖို့ပဲလား ဆိုးဖို့ပဲလားတော့ မပြောတတ်ပါ။ ဒီဂိမ်းဟာ ဂိမ်း genre တွေ နှစ်ခုမကပေါင်းစပ်ထားတဲ့ hybrid ပုံစံဖြစ်နေပါတယ်။ Multiplayer ရော single-player အပိုင်းပါပါဝင်ပြီးMOBA genreအထဲကျရောက်နေတယ်။(MOBA ဆိုတာ multiplayer online battle arena လို့အဓိပ္ပါယ်ရတယ်။) တစ်ခါတလေco-op story mission နဲ့ team-base shooter ဖြစ်နေပြီး တစ်ခါတလေတော့လည်း hero shooter ဖြစ်နေပြန်ပါတယ်။ အရေးပါတဲ့နေရာကိုသိမ်းယူရတဲ့ capture point map တွေပါရှိသလို minion protection game တစ်ခုလည်းပါဝင်ပါသေးတယ်။

Battleborn မှာအမြစ်တွယ်နေတဲ့ ကိုယ့်ကိုယ်ကိုယ်ဘာမှန်း ခွဲခြားမရနိုင်တဲ့အကျပ်အတည်းရဲ့ အကောင်းဆုံးနမူနာကို သူ့ရဲ့များပြားလှတဲ့ ရွေးချယ်စရာဇာတ်ကောင်တွေမှာ တွေ့နိုင်တယ်။ စတင်ဖြန့်ဝေစဉ်ကတည်းက ၂၅ ကောင်ရှိပြီးနောက်ပိုင်း DLC တွေနဲ့ ထပ်မံဖြည့်တင်းပေးဦးမယ့်သဘောရှိပါတယ်။တိတိကျကျပြောရရင် first-person shooter ဖြစ်ပေမယ့် ဂိမ်းရဲ့ hero တွေက အမျိုးမျိုးသော ကြိုတင်သတ်မှတ်ထားတဲ့ weapon,ability နဲ့ role တွေအသုံးပြုထားပြီး စိတ်ကူးကြည့်လို့ရနိုင်သမျှ လွှမ်းမိုးမှုပုံစံအမျိုးမျိုးပါဝင်ပါတယ်။ လေးမြားသုံးတဲ့ wood elf တွေကနေ စက်ရုပ်ဝတ်စုံ မောင်းနှင်တဲ့ ပင်ဂွင်းတွေအထိပဲဖြစ်ပါတယ်။ ဂိမ်းမှာ leveling system လည်းပါဝင်ပြီး match တစ်ခုစတင်တာနဲ့ reset ပြန်ချတယ်။ Player တွေက တူညီတဲ့အခြေခံ level နဲ့စတင်တယ်။ ပြီးတော့ match အတွင်းသူတို့က skill နဲ့ ability အသစ်တွေဖွင့်ချယူနိုင်ပါတယ်။

Gameplay ကမြန်ဆန်ပြီးပြာလောင်ခတ်တဲ့ပုံစံဆန်တယ်။ပေါ့ပေါ့ပါးပါးနဲ့ထင်ရာစိုင်းနိုင်တဲ့သဘောဆောင်နေတယ်။အဆုံးမရှိအမြန်နိုင်စွမ်းနဲ့မကုန်ခမ်းတဲ့လက်နက်ခဲယမ်းတွေ၊ ပြုတ်ကျလည်း damage မရှိတာတွေနဲ့ခုန်နေရင်းနဲ့ကျည်ပြန်ဖြည့်နိုင်တာတွေလိုကစားသူအတွက်အလိုလိုက်ထားတဲ့ ဒီဇိုင်းပိုင်းဆိုင်ရာရွေးချယ်မှုကြောင့်ရပ်တန့်စဉ်းစားနေဖို့ထက် လှုပ်ရှားပစ်ခတ်နေဖို့ပဲအားပေးထားပါတယ်။ ရန်သူတွေကအပိုင်းအများစုမှာ ဦးနှောက်မရှိသလိုခံစားရပြီးခန့်မှန်းရလွယ်တယ်။သူတို့ကို အုပ်စုလိုက်နှိမ်နင်းရတာကအားရပါးရရှိပါတယ်။

Campaign mode mission ၈ ခုကိုတစ်ဦးတည်းပဲဖြစ်ဖြစ်၊ အခြားကစားသမားလေးယောက်နဲ့ co-op ပုံစံပဲဖြစ်ဖြစ် ကစားနိုင်တယ်။အပြန်ပြန်အလှန်လှန်ဆက်သွယ်နေတဲ့ ကမ္ဘာနဲ့ရည်မှန်းချက်ကမောင်းနှင်တဲ့ဇာတ်ကြောင်းပြန်မှုတွေလည်းပါရှိပါတယ်။တကယ်တမ်းစေ့ငုကြည့်ရင်တော့ mission တွေက ရင်းမြစ်ကာကွယ်တာ၊ robot ကိုစောင့်ရှောက်ပြီးလိုက်ပို့ပေးတာနဲ့ boss ကိုသတ်ဖြတ်တာဆိုတဲ့ တူညီတဲ့ ဖြစ်စဉ်သုံးခုကိုပဲ အပြန်ပြန်အလှန်လှန် ရောမွှေထားတာဖြစ်ပါတယ်။ ကစားသူအချင်းချင်းပြိုင်ဆိုင်ရတဲ့ multi-player mode ၃ ခုမှာတော့ gameplayက အနည်းငယ်ပိုပြီး မဟာဗျူဟာကျကျစဉ်းစားဖို့လိုလာပါတယ်။ Campaign တွေမှာ မစဉ်းမစား မည်းမည်းမြင်ရာပစ်ခတ်ရတာမျိုးမဟုတ်ဘဲ hero အချင်းချင်းကိုင်တွယ် တိုက်ခိုက်ရမှာဖြစ်ပါတယ်။ဒီအခါမှာ တိုက်ပွဲကို တွေးတွေးဆဆနဲ့ချဉ်းကပ်ဖို့ တွန်းအားပေးပါတယ်။

ဂိမ်းရဲ့နောက်ခံဆက်တင်ဇာတ်လမ်းက space fantasy ဖြစ်ပါတယ်။စကြဝဠာအတွင်း အခြားကြယ်နဲ့ဂြိုဟ်အများစု က ဘေးကပ်ဆိုးကြီးကြောင့်ပျက်စီးပေါက်ကွဲ သွားပြီးတဲ့နောက် ရှိရှိသမျှ သက်ရှိမျိုးစိတ်တွေက Solus လို့ခေါ်တဲ့ ကြယ်အဖွဲ့အစည်းဆီ နိုလှုံ ထွက်ပြေးလာကြပါတယ်။သူတို့တွေရောက်ရှိလာတဲ့အခါ မတူတဲ့ faction ၃ ခု အဖြစ်ကွဲသွားကြတယ်။နောက်ဆုံးမှာတော့သူတို့က ပြင်ပရန်ကြောင့်စုစည်းမိသွားပြီး ဘေးကပ်ဆိုးရဲ့မူလအစဖြစ်တဲ့ Varelsi ကိုတွန်းလှန်တိုက်ခိုက်ဖို့ပူးပေါင်းဆောင်ရွက်ကာ battleborn လို့ အမည်တပ်ထားတဲ့အကောင်းဆုံးတိုက်ခိုက်ရေးသမားတွေကို စေလွှတ်တိုက်ခိုက်စေတဲ့ဇာတ်လမ်းပဲဖြစ်ပါတယ်။


msi
NO.1 IN GAMING
GP62 Leopard Pro
THE SKY'S THE LIMIT
WORLD'S FIRST
MAY PROMOTION
Period : 1ST - 31ST , MAY 2016
GAMING NB
Buy.. GT & GS Series
Steel Series Gaming Headset
Transcend 1TB HDD
GAMING NB
Buy.. GE/GP/GL Series
Steel Series Gaming Headset
FREE
Gaming Bag
MSI Shirt
MSI Umbrella
MSI Coin Magnet
BUY... CX Series Notebook ( i3 / i5 / i7 )
CASH BACK
30,000 Ks
MSI Shirt
MSI Notebook Bag
Intel, the Intel Logo, Intel Inside, Intel Core, and Core Inside are trademarks of Intel Corporation in the U.S. and/or other countries.
GAMING.MSI.COM
Authorized Distributor:
Royal Smart Co., Ltd.
No.158, 36th St., (Middle), Kyauktada Tsp., Yangon.
TEL : 01-240110, 09-730 20981
MSI Myanmar


တစ်နေရာတည်းနဲ့ အားလုံးအဆင်ပြေစေဖို့
နေသစ်ဦး
4 Unit
Design, Vinyl & Offset Printing
• Outdoor Sticker
• Indoor Sticker
• Pearl Sticker
• Photo Paper
• Backlist
• PP Board
KBZ BANK
• လက်ကမ်းစာစောင်
• ပြက္ခဒိန်အမျိုးမျိုး
ဒီဇိုင်းမှစ၍
ပုံနှိပ်ပြီးသည့်အထိ
တစ်နေရာတည်းနဲ့
အားလုံးအဆင်ပြေစေဖို့
No.(165), 34th street(Upper), Kyauktada Township, Yangon. Tel : 09-420219383, 09-420219380, 01-242710
No.(172), 33rd street(Upper), Kyauktada Township, Yangon. Tel : 09-73098235, 09-261020344, 09261020345
No.(169/171), 34th street(Upper), Kyauktada Township, Yangon. Tel : 01-240218, 09-43108711